www.burmeseclassic.com

မိုးသက်လင်းထက်

BURMESE CLASSIC .com

# ဘောင်ဘင်

MOE SAT LIN HTET

www.burmeseclassic.com

www.burmeseclassic.com

# ပုံဆောက်လင်ထောက်

ဘောင်ဘင်

တော်ဝင်မြို့မစာအုပ်တိုက်

အမှတ်(၁၅၉)၊ အလယ်ဘလောက်၊ ၃၉လမ်း၊
ကျောက်တံတား၊ ရန်ကုန်။

ဖုန်း - ၃၈၈၆၂၃ ၊ ၃၇၉၂၃၈။

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၄၀၀၈၉၀၀၈၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၄၀၀၉၈၂၀၉၁၀ |
| အဖုံး ဒီဇိုင်း | - | ဟိန်းဇင်း |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းနိုး (မြဲ - ၀၃၉၀၀) |
| | | ၁၀၁၊ ၃ထပ်၊ ၃၃လမ်း ကျောက်တံတား။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးဝင်းကျော်ထွန်း (မုံရွေးပုံနှိပ်တိုက်) |
| | | (၈၀-ခ)၊ သံလွင်လမ်း၊ ဗဟန်း။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၁၀ ခုနှစ် စက်တင်ဘာလ။ |
| အုပ်ရေ | - | ၄၀၀ |
| တန်ဖိုး | - | ၁၆၀၀ ကျပ် |

၈၉၅.၈၃

မိုးဆက်လင်းထက်

ဘောင်ဘင် / မိုးဆက်လင်းထက်။ - ရန်ကုန်။

တော်ဝင်မြို့မစာပေ ၊ ၂၀၁၀ ။

၁၂၈ - စာ၊ ၁၃ စင်တီမီတာ × ၂၀.၅ စင်တီမီတာ။

(၁) ဘောင်ဘင်




# အမှာစာ

ဤဝတ္ထုလေးသည် ကျွန်တော့်သူငယ်ချင်း တစ်ယောက် အမှန်တကယ် ကြုံတွေ့ခဲ့ရသော ဇာတ်လမ်းလေးတစ်ပုဒ် ဖြစ်၏။ ဇာတ်လမ်းက ရိုးစင်းသည်။ အကွေ့အဝိုက်မရှိ။ ဝတ္ထုမဆန်ပေ။

သို့သော် ရေးရခြင်းအကြောင်းအရင်း ကျွန်တော့်မှာ ရှိ၏။ ထိုစဉ် ကျောင်းသား ဘဝက ဖြစ်ပျက်ခဲ့တဲ့ ထိုဇာတ်လမ်းလေးက ကျွန်တော့်ရင်ထဲတွင် ယခုထိ စွဲကျန်ကာနေ၏။ ဖျောက်ဖျက်မရ။ ရေးမယ်စဉ်းစားတော့လည်း ဇာတ်လမ်းက ရိုးစင်းလွန်း၍ တွေးရင်း တွေးရင်းနှင့် မရေးဖြစ်ခဲ့ပေ။

ဒါပေမဲ့ မှတ်မှတ်ရရ ရှိနေတဲ့ ထိုဇာတ်လမ်းလေးကိုတော့ ရေးဖြစ်အောင် ရေးမည်ဟု ကျွန်တော်တေးထား၏။ သူငယ်ချင်းကို လည်း ခွင့်တောင်းထားသည်။ ဤသို့ . . . ဤသို့ဖြင့် ကျွန်တော် ဒီဝတ္ထုလေးကို ရေးဖြစ်ပါသည်။

ဤစာအုပ်သည် ဝတ္ထုမဆန်ပါ။

ဇာတ်လမ်းတစ်ပုဒ်အဖြင့်သာ အနေအထားရှိသည်။

အချစ်ဆိုသော အရာသည် အချိန်ကာလနှင့် ဇာတ်လမ်း ဇာတ်ကွက်များ မလိုဘဲ ဖြစ်ပေါ်တတ်သည်ကို ကျွန်တော် ထိုအချိန် ကစ၍ သိခဲ့ရသည်။

ခပ်ညံ့ညံ့ ဇာတ်လမ်းတစ်ပုဒ် ဖြစ်ခဲ့ရင် ထိုအချိန်က ဤ ဇာတ်လမ်းကို လုပ်ခဲ့သော ကျွန်တော့်သူငယ်ချင်းအား အပြစ်တင် ကြပါကုန်။

မိုးဆက်လင်းထက်



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁)

သူမ လမ်းလျှောက်လာသည်။ ကြွကြွရွရွ လှလှပပလေး ဆင်မယဉ်သာဟု ခေါ်သည့် ခြေလှမ်းများနှင့်။ ထိုခြေလှမ်းများက လည်း သူမ သတိထား၍ လျှောက်လှမ်းနေခြင်းမဟုတ်။ အမြဲတမ်း ပြုလုပ်နေကျ ကိစ္စတစ်ခုကို ပြုလုပ်နေသလိုသာ။

သူမ ခါးအထိ အိတွဲ ဝဲကျနေသော ဆံနွယ်တွေကို တစ်ချက် ခါလိုက်သည်။ ပုရိသတို့၏ အကြည့်များ ခါတိုင်းထက် ပိုအာရုံ စိုက်လာ၏။ သို့သော် ပုံစံအမျိုးမျိုး။ တချို့က ခရီးသွား ဟန်လွဲ အလှအပတရားကို ခံစားသွားသလိုလို ကြည့်သွားသည်။ တချို့က လုံးဝစိတ်မဝင်စားသလိုလို အမူအရာနှင့် ရုပ်တည်ကြီးလုပ်ကာ လူ အလစ်ကျမှ ခိုးကြည့်၏။ တချို့ကျတော့ သတိလက်လွတ်ဖြစ်ပြီး စိတ်လွတ်ကိုယ်လွတ် ကြည့်ပစ်လိုက်သည်။

ကျောင်းသားတစ်ယောက်ဆို သူမကို ငေးရင်း ကော်ရေတာ လှေကားပေါ်မှ ချော်ကျကာ ဘေးက မြောင်းထဲသို့ ကျသွားကြီး

www.burmeseclassic.com



ပြုတ်ကျသွား၏။ လူတွေအားလုံး ဝိုင်းရယ်လိုက်ကြတော့ ဣန္ဒြေဆယ်ကာ ခပ်တည်တည်နှင့် ထွက်သွားသည်။

သူမကတော့ အရာအားလုံး သူမနဲ့ ဘာမှမဆိုင်သလို ဆက်လျှောက်ကာ သွားသည်။ တစ်နေရာအရောက်တွင် . . .

“ဘယ်ဘဝက ဝဋ်ကြွေးကြောင့် . . . ကိုက မင်းကိုမတွေ့ရရင် မနေနိုင်ဖြစ်နေလဲ မသိဘူးနော်”

ဘယ်သူလဲ ဆိုတာ သိနေပြီးဖြစ်၍ လှည့်မကြည့်တော့။ ဒီလိုကဗျာလိုလို စာလိုလိုနှင့် ဝတ္ထုဆန်ဆန်စကားတွေ လာပြောလျှင် Physic က တင်ကိုဦးဆိုတာ သိလိုက်သည်။

သူမ အရေးမထားဘဲ ဆက်လျှောက်လာ၏။

“အဝေးကတည်းက သင်းရနံ့တစ်ခုကို ရှူရှိုက်မိတယ် . . . အဲ့ဒီရနံ့လေး ရကတည်းက ဝတီပဲဆိုတာ ကို သိလိုက်တယ်”

သူမ ဆက်လျှောက်နေဆဲ။ တင်ကိုဦးကတော့ သူမမျက်နှာကိုသာ စာဖတ်သလို ကြည့်ကာ လိုက်လာသည်။ တစ်နေရာအရောက်တွင် အခန်းတစ်ခုမှ ဖွင့်ထားသော တံခါးကို မမြင်ဘဲ ခေါင်းနဲ့ ပြေးဆောင့်၍ ဂျိုစောင်းလေးပွတ်ကာ ကျန်ခဲ့၏။

တင်ကိုဦး တံခါးနှင့် ပြေးဆောင့်လိုက်သောအသံကို မြိန်ရေရှက်ရေ နားထောင်ရင်း သူမ အခန်းထဲသို့ ဝင်လိုက်၏။

သူမ အခန်းထဲရောက်ပြီး မကြာခင် သက်ဆိုင်ရာ ဘာသာရပ်ဆရာမ ဝင်လာ၍ နှုတ်ဆက်လိုက်ပါတော့သည်။





သော်နိုင်မြင့်တို့ အုပ်စုကတော့ ထုံးစံအတိုင်း အတန်းအားနေချိန်တွင် တစ်မေဂျာဝင် တစ်မေဂျာထွက်နှင့် ရှာရိုးကိုးပေါက်လျှောက်ကာသွားနေသည်။ ဒီနေ့တော့ ဥပဒေမေဂျာမှ ခင်မေဦး၏မွေးနေ့ရှိနေ၍ လူစုံတက်စုံ ချီတက်လာသည်။ ခင်မေဦးက သူတို့ကိုကျွေးမည်ဟု ချိန်းဆိုထားသော ကန်တင်းကို ရောက်တော့ ခင်မေဦးမရောက်သေး။ ထို့ကြောင့် သော်နိုင်မြင့်က . . .

“ဘာဖြစ်လို့ မရောက်သေးတာလဲ မသိဘူးကွ”

သူတို့အဖွဲ့ထဲမှာ အတူတူပါလာသည့် ကောင်းထက်က . . .

“ငါတို့လာတဲ့အချိန်ကိုလည်း ကြည့်ဦးလေကွာ . . . ဒီအချိန်သူတို့အတန်းက စာသင်လို့ ဘယ်ပြီးဦးမလဲ”

ထိုအခါကျမှ နာရီအချိန်ကို သတိပြုမိသည်။ ထမင်းစားချိန် လွှတ်ခါနီး နောက်ဆုံးအတန်းချိန် မပြီးသေးပေ။ သူတို့မေဂျာကတော့ ဒီနေ့ ဆရာမ မလာ၍ ထမင်းစားချိန် လွှတ်ခါနီး အတန်း



www.burmeseclassic.com

www.burmeseclassic.com



ချိန်က အားနေ၏။ ထို့ကြောင့် စောရောက်နေခြင်းဖြစ်သည်။ ဒါတောင် တစ်ခန်းဝင် တစ်ခန်းထွက်နှင့် ထုံးစံအတိုင်း ဟိုလူ့လျှောက်စ၊ ဒီလူ့လျှောက်နောက် လုပ်နေသေး၏။ နောက်ဆုံး စလို့ နောက်လို့ ဝသွားတော့မှ ထွက်လာကြခြင်းဖြစ်သည်။ ဒါတောင် စောနေသေးသည်။

သူတို့အဖွဲ့က လူငါးယောက် ရှိသည်။ ထိုငါးယောက်က အထက်တန်းကျောင်းကတည်းက တွဲလာကြသူတွေဖြစ်၍ ညီအစ်ကိုတွေလို ခင်မင်နေကြ၏။ တစ်ယောက်အကြောင်း တစ်ယောက် ကောင်းကောင်းသိကြ၏။ ဘာလုပ်လုပ်အတူတူ၊ ကောင်းတာလုပ်လည်း အတူတူ။ မကောင်းတာလုပ်လည်း အတူတူပင်ဖြစ်သည်။ တက္ကသိုလ်ရောက်တော့လည်း တစ်မေဂျာတည်း ယူမိကြ၍ ထွေထွေထူးထူး သူငယ်ချင်းလိုက်ရှာနေစရာ မလိုတော့။ ကိုယ့်အချင်းချင်း ပြန်တွဲလိုက်ရုံသာ။

တက္ကသိုလ်မှာ လူညီသော အုပ်စုတွေရဲ့ ထုံးစံအတိုင်း သူတို့အုပ်စုကို လူသိများသည်။ စိတ်ရင်း စေတနာလေးတွေ ကောင်းကြ၍ သူတို့မေဂျာအပြင် တစ်ခြား မေဂျာတွေကပါ သူတို့ကို သိကြ၏။ ခင်ချင် မင်ချင်ကြ၏။ ပေါင်းချင်၊ သင်းချင်ကြသည်။ သူတို့ကလည်း ပျော်ပျော်နေတတ်သူများဖြစ်၍ အားလုံးကို ခင်သည်။ စသည်၊ နောက်သည်။ သူတို့ စနောက်ခြင်းကို ခံရသူများကလည်း သူတို့အကြောင်းကို သိနေ၍ စိတ်မဆိုးတော့။ တစ်ခါတစ်လေ သူတို့ စတာနောက်တာတွေက ပျော်စရာကောင်း၍ တကူးကတကခံချင်နေကြသူများတောင် ရှိသည်။ သူတို့က မစရင်လည်း သူတို့ကို တွေ့လျှင် လိုက်ပြီး စနောက်နေသူတွေလည်း ရှိ၏။

ယခု ခင်မေဦးမှာလည်း သူတို့အဖွဲ့နှင့် ဒီလိုပဲ စရင်း နောက်ရင်း ခင်သွားကြသူတွေပင် ဖြစ်သည်။





သော်နိုင်မြင့်က လက်က နာရီကို ကြည့်၍ . . .

"လာဖို့သင့်ပြီကွ"

မိုးအောင်က လှည့်ကြည့်၍ . . .

"သူ ချိန်းထားတာ သူ သိပါတယ်ကွာ . . . မင်းကိုက ဇော်ကြီးကျလွန်းပါတယ် ဝေသော်ရာ"

သော်နိုင်မြင့်က . . .

"ဗိုက်ဆာနေပြီကွ . . . သူ ကျွေးမယ်ဆိုလို့ . . . မနက်က လက်ဖက်ရည်တစ်ခွက်ပဲ သောက်ထားတာ . . . ပါတဲ့ ပိုက်ဆံတောင် အပြန်ကားခပဲ ချန်ပြီး အကြွေးဆပ်လိုက်ပြီ"

ကျန်တဲ့ လေးယောက် သက်ပြင်းချသည်။ ချတဲ့ သက်ပြင်းကလည်း အကြောင်းရှိ၏။ သူတို့တွေလည်း သော်နိုင်မြင့်ကဲ့သို့ ဘဝအတူတူတွေပဲ ဖြစ်၏။ မနက်က လက်ဖက်ရည် တစ်ခွက်ဆီသာ သောက်လာကြသည်။ ကျန်တဲ့ပိုက်ဆံတွေကို အပြန်ကားခလောက်သာချန်၍ အကြွေးကျန်တွေ ဆပ်ပစ်လိုက်ကြ၏။ ထို့ကြောင့် ထိုသက်ပြင်းကို ပြိုင်တူချမိကြခြင်းပင် ဖြစ်လေသည်။ ဗိုက်လည်း ဆာနေကြပြီ။

ခဏနေတော့ . . . .

"ဟဲ့ . . . နင်တို့ရောက်တာ ကြာပြီလား"

အားလုံး အသံလာရာသို့ ပြိုင်တူ လှည့်ကြည့်လိုက်တော့

"ခင် . . . ခင်မေဦး"

ဝမ်းသာအားရ အသံ . . .

ထိုအသံကို တစ်ယောက်တည်း ဆီက မဟုတ်ဘဲ အားလုံးဆီက တစ်ပြိုင်တည်း စုလာသောကြောင့် ခင်မေဦး လန့်ကာ ခြေတစ်လှမ်းဆုတ်သွားပြီး . . .

"ဘယ်လိုဖြစ်တာလဲ ဟယ် . . . ငါ့ကို . . . တွေ့တာပဲ



www.burmeseclassic.com

www.burmeseclassic.com



အလန့်တကြား"

အဲဒီတော့မှ အားလုံး ကြွေလေးတွေ ဆယ်လိုက်ကာ . .

"ဟုတ်ပါဘူးဟာ . . . နင်က ရုတ်တရက်ကြီး ခေါ်လိုက်တော့ လန့်သွားလို့ပါ"

ခင်မေဦးက . . .

"ကဲ . . . ထားပါတော့ . . . ဒီမှာ ငါ့သူငယ်ချင်းတွေလည်း ပါလာတယ်ဟ . . . ပထမတော့ နင်တို့ကို သပ်သပ် . . . သူတို့ကို သပ်သပ်ကျွေးမလို့ပဲ . . . ဒါပေမဲ့ ဒီနေ့မှ လူစုံတာ တွေ့တာနဲ့ . . . တစ်ခါတည်း ကျွေးမလို့ စီစဉ်လိုက်တာ"

ခင်မေဦး စကားဆုံးတော့မှ သူမနောက်မှာ မိန်းကလေး သုံးလေးယောက် ပါလာတာ သတိထားမိ၏။ အားလုံးက လှတပတ လေးတွေပင် ဖြစ်သည်။ သို့သော် တစ်ယောက်သောသူကတော့ အားလုံးထဲမှာ ထူးထူးခြားခြားလေး ပေါ်လွင်နေတာကို တွေ့ရသည်။

အားလုံးရဲ့ အကြည့်တွေက ထိုကောင်မလေးဆီ စုပြုံ ရောက်ရှိခိုက် ကောင်မလေး ခန္ဓာကိုယ် တစ်ချက် တွန့်သွား၍ ကြောက်ရွံ့စွာ နောက် တစ်ချက်ဆုတ်သွားသည်။

ခင်မေဦးက သူ့သူငယ်ချင်းတွေရဲ့ အကြည့်တွေကို သဘောပေါက်သည်။ ဒီကောင်တွေ အကြည့်တွေက တစ်ချက်ဆိုတစ်ချက် ထိရောက်လှ၏။ အားလုံး ဝိုင်းကြည့်မည်ဆိုပါက မဒန်းမတောင် ဖင်ထိုင်ကျသွားလောက်သည့် ပါဝါမျိုး။

ထို့ကြောင့် ရုပ်မပျက်ခင် ချောင်းဟန့်၍ ပွဲကို အမြန်ဝင် ထိန်းရသည်။

"အဟမ်း . . . ဟမ်း"

ထိုတော့မှ အားလုံး မျက်နှာပိုးလေးတွေ သပ်ကာ ခင်မေဦး ကို ပြုံးဖြဲဖြဲနှင့် ကြည့်သည်။





ခင်မေဦးက မျက်နှာရိပ် မျက်နှာကဲ ပြ၍ စကားကို ဆက်၏။

"ဒီတော့ ငါက အပြင်က ဆိုင်တစ်ဆိုင်မှာ ကျွေးဖို့ . . . ဆုံးဖြတ်လိုက်တယ် . . . သူတို့ကို မေးကြည့်လိုက်တော့ Feel မှာ စားမယ်တဲ့ . . . အဲဒါ နင်တို့ ဝါးတန်းလမ်းက Feel စားသောက် ဆိုင်ကို လိုက်ခဲ့"

ခင်မေဦး စကားဆုံးတော့ အားလုံး ကြောင်တောင်တောင် ဖြစ်သွားကာ။

"ဟင် . . . နင်က ဒီမှာ မကျွေးတော့ဘူးလား"

ခင်မေဦးက ခေါင်းကို ဖြည်းညှင်းစွာ ခါပြကာ . . .

"သူတို့က Feel မှာစားချင်တယ်ပြောလို့ . . . ဘာဖြစ်လို့လဲ နင်တို့က Feel မှာ မစားချင်လို့လား"

အားလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ . . .

"မ . . . မဟုတ်ပါဘူးဟာ . . . ဘယ် . . . ဘယ်မှာစားရ စားရပါ"

"ကဲ . . . ဒါဆို သွားမယ် အမြန်လုပ် . . . ငါက သူတို့ကား နဲ့ လိုက်သွားလိုက်မယ် . . . နင်တို့က အမြန်ရောက်အောင် . . . ကားငှားပြီး နောက်ကလိုက်ခဲ့ . . . သွားပြီ"

ပြောပြီး ခင်မေဦးက လှည့်ထွက်သွားသည်။ ခင်မေဦး လှည့်ထွက်သွားပြီးနောက် သူတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ ကျန်ခဲ့၏။

ပြီးတော့ သူတို့မျက်နှာတွေပေါ်မှာ စိုးရိမ်တဲ့ အမူအယာ တွေ အတိုင်းသား ပေါ်လာသည်။

အဓိက က . . . . ပိုက်ဆံ။

ကားငှားဖို့ ပိုက်ဆံ ဘယ်မှာနည်း။



www.burmeseclassic.com

www.burmeseclassic.com



သူတို့မှာ ကားငှားဖို့ အဆင့်အထိ ပိုက်ဆံမရှိတော့။

ဘတ်(စ်)ကားနဲ့ သွားဖို့လည်း ဖြစ်တဲ့ကိစ္စမဟုတ်၍ အားလုံး ချွေးပြန်ကုန်ကြသည်။

ကြံရာမရတဲ့အဆုံးတွင် . . .

"ကဲ . . . အခုမှတော့ မထူးတော့ဘူး . . . ငါတို့ အတန်းကို ပဲ ပြန်ပြီး . . . တွေ့တဲ့လူဆီက ပိုက်ဆံရသလောက် ချေးကြတာ ပေါ့ကွာ"

သော်နိုင်မြင့်စကားကို အားလုံး လက်ခံလိုက်ကြ၏။ ထို့ကြောင့် သူတို့အတန်းရှိရာသို့ ငါးယောက်စလုံး လုံးနေအောင် ပြေးသွားလိုက်ပါတော့သည်။





ဇာနည်က လက်ထဲမှာ ထောင်တန် တစ်ထပ်ကို ရေ၍ အခန်းထဲမှ ထွက်လာတာ တွေ့လိုက်တော့ သော်နိုင်မြင့်ပျော်ကာ သွား၏။ သူတို့အဖွဲ့က ငါးယောက်လုံး လှူခဲ့၍ တွေ့တဲ့လူဆီက ရသလောက် ပိုက်ဆံချေးဖို့ လှူခဲ့လိုက်ကြပြီးပြီ။

သော်နိုင်မြင့်က အဆောင်ထဲဝင်ဝင်ချင်းပင် ဇာနည်တဉ်ကဲ့သို့ ပုံစံဖြင့် အခန်းထဲက ထွက်လာတာနှင့် ပက်ပင်းကြီးသွားတိုးခြင်းပင် ဖြစ်သည်။

သော်နိုင်မြင့် ဇာနည့်နားသို့ ရုတ်တရက် ချဉ်းကပ်လိုက်ကာ . . .

"ဟေ့ကောင် ဇာကြီး . . . အဲ . . . ဇာနည်"

ဇာနည်က သူ့ကို ဇာကြီး ဟုခေါ်လျှင် အလွန်တင်းသည်။ သူတို့ကလည်း ဇာနည့်ကို တွေ့တိုင်း ဇာကြီးဟု ခေါ်ပြီး အမြဲခံချင်အောင် စ၏။



www.burmeseclassic.com

www.burmeseclassic.com



အခုလည်း သော်နိုင်မြင့်က ဇာကြီးဟု ယောင်ပြီးထွက်သွားပြီးမှ ပိုက်ဆံချေးဖို့ ကိစ္စ သတိရလိုက်၍ နာမည်ရင်းကို အမြန်ပြန်ပြင်ခေါ်လိုက်၏။

ဇာနည်က သော်နိုင်မြင့်ကို ရုတ်တရက်တွေ့သွားတော့ မျက်လုံးပြူးသွားကာ လက်ထဲက ပိုက်ဆံကို အလိုလို ဘောင်းဘီအိတ်ထဲ ထိုးထည့်လိုက်လေသည်။ ပြီးနောက် . . .

"ငါ . . . ငါ ဟိုဟာ အရေးကြီးလို့ နောက်မှ တွေ့မယ်နော်"

ဟု ပြောပြီး လှည့်ထွက်ဖို့ ကြိုးစားသည်။ သို့သော် ဇာနည်နေးသွားလေပြီ။ သော်နိုင်မြင့်က သူ့ရှေ့သို့ မည်သို့မည်ပုံ ရောက်လာမှန်းမသိ ရောက်လာကာ . . .

"ဟီး ဟီး . . . သူငယ်ချင်းကလဲကွာ . . . နေပါဦး"

ဇာနည်က . . .

"ငါ . . . ငါ ရှူးပေါက်ချင်လို့ . . . မရတော့ဘူး"

သော်နိုင်မြင့်က ခပ်အေးအေးပြုံးလိုက်ကာ . . .

"ရှူးရှူးပဲကွာ . . . ဘယ်အချိန် သွားပေါက်ပေါက် ရပါတယ် . . . အိမ်သာက ထွက်မပြေးပါဘူး . . . ဒီမှာ ငါ့ကိစ္စ . . . တော်တော်အရေးကြီးလို့ . . . ငါ့ကို ပိုက်ဆံငါးထောင်လောက် ချေးစမ်းပါ"

"ဘာ . . . ငါးထောင် ဟုတ်လား"

ဇာနည့်မျက်လုံး ရုတ်တရက်ပြူးထွက်လာကာ အော်ထည့်လိုက်သောအသံကြောင့် သော်နိုင်မြင့် ခန္ဓာကိုယ် အနောက်ဘက်သို့ နှစ်ပေလောက် အလိုလိုရွှေ့သွားတယ် ထင်လိုက်ရသည်။

သို့သော် သော်နိုင်မြင့် မဖြုံပါ။ ဒီလို ကပ်စေးနည်းကော်တရာဆီက ပိုက်ဆံငါးထောင်ချေးပါဟု ပြောလိုက်လျှင် ဒီလိုပဲ တုန့်





ပြန်လာလိမ့်မည်ဆိုတာ သူကြိုတွက်ထားပြီးပြီ။ သို့သော် ဤလောက်အသံကျယ်မည် မထင်သောကြောင့် လန့်သွားရခြင်း ဖြစ်သည်။

သော်နိုင်မြင့်က . . .

"ဘာလဲ . . . မင်းက မချေးချင်ဘူးလား"

ဇာနည်က . . .

"ငါ့မှာ ငါးထောင်မပြောနဲ့ . . . ငါးရာတောင် မပါဘူး"

ဟု ကြောင်ကြီး လိမ်သည်။

သော်နိုင်မြင့်က ခနဲ့ပြုံးပြုံးကာ . . . .

"မလိမ်ပါနဲ့ ဇာနည်ရာ . . . မင်း ခုန ပိုက်ဆံတွေ ရေနေတာ . . . ငါတွေ့ပါတယ်"

ဇာနည်မျက်နှာ တစ်ချက်ပျက်သွားပြီး . . .

"ဟာ . . . အဲဒါ ငါ့ပိုက်ဆံ မဟုတ်ဘူး . . . ငါ့အမေ ပိုက်ဆံတွေ"

သော်နိုင်မြင့် ခပ်သောသောလေး တစ်ချက်ရယ်လိုက်ရင်း

"မင်းကို . . . မင်းအမေက မုန့်ဖိုးပေးနေမှတော့ . . . မင်းအမေပိုက်ဆံဆိုတာ မင်းပြောနေစရာတောင် . . . မလိုပါဘူး ဇာနည်ရာ . . . လုပ်ပါကွာ . . . ငါးထောင်လောက်ပါ . . . မနက်ဖြန် ပြန်ပေးပါ့မယ်"

ဇာနည်က မျက်နှာ တစ်ချက် မဲ့သွားကာ . . .

"မင်းရဲ့ မနက်ဖြန်ဆိုတာ . . . ဘယ်မနက်ဖြန်လဲ . . . အင်္ဂါဂြိုဟ်ရဲ့ မနက်ဖြန်လား . . . မင်း မကျေနပ်ရင်နေ . . မချေးဘူး"

ဟု ခပ်ပြတ်ပြတ်ပင် ပြောကာ လှည့်ထွက်သည်။ သော်နိုင်မြင့်က . . .

"မချေးရင်လည်း ရတယ်လေ . . . မင်းနဲ့ ဝိုင်းစန္ဒာနဲ့ အတွဲနှင်း



www.burmeseclassic.com

www.burmeseclassic.com



သဘင်နောက်မှာ မနေ့က ချိန်းတွေ့တဲ့အကြောင်း . . . ငါ တစ်တန်းလုံးကို လျှောက်ပြောပစ်လိုက်မှာ"

သော်နိုင်မြင့် စကားဆုံးတော့ ဇာနည် ခြေလှမ်း ရုတ်တရက် တန့်သွား၏။ ထို့နောက် သော်နိုင်မြင့်ကို ဖြတ်ခနဲ လှည့်ကြည့်ကာ

"မင်း . . . မင်း . . . ဘာပြောတာလဲ"

သော်နိုင်မြင့်က ဇာနည့်ပခုံးကို ဖက်၍ ခပ်တိုးတိုးလေးနှင့်

"မင်းနဲ့ ဝိုင်းစန္ဒာနဲ့ ကြိုက်နေပြီ . . . ဆိုတဲ့အကြောင်းကို ငါ သတင်းလွှင့်ပေးမယ်လို့ . . . ပြောတာပါ . . ဟို ကိုင်ဇာဆိုထားတဲ့ . . . . သီချင်းထဲကလိုလေကွာ . . . လူတွေသိလေ ပိုကောင်းလေပေါ့ မဟုတ်ဘူးလား"

ဇာနည့်မျက်နှာမှာ ခရမ်းချဉ်သီးကို ဆယ်ပေါင်တူနဲ့ ထုလိုက်သလို စုတ်ပြတ်သပ်လောက်အောင် ပျက်ကာသွား၏။ ထို့နောက် အသံတုန်တုန်ခါခါနှင့် . . .

"မင်း . . . မင်း ပေါက်ကရတွေ လျှောက်မပြောနဲ့နော် . . အဲဒါ ငါနဲ့ ဘာမှမဆိုင်ဘူး . . . သူ ငါ့နောက်ကို အတင်းလိုက်ပြီး စာအုပ်လိုက်ငှားလို့ . . . ငါ စကားပြန်ပြောတာ"

သော်နိုင်မြင့်က ပြုံးစစနှင့် . . .

"မင်းတို့ စာအုပ်ငှားတာကလဲကွာ . . . ဘွဲ့နှင်းသဘင်နောက်အထိ လိုက်ငှားရသလားကွ"

ဘွဲ့နှင်းသဘင်နောက် ဆိုသည်မှာ အတွဲတွေ အများဆုံးသွားတတ်သောနေရာ ဖြစ်သည်။ ထိုအရာကို ရည်ရွယ်၍ သော်နိုင်မြင့်က ပြောလိုက်ခြင်းဖြစ်၏။

ဇာနည်က ကမန်းကတန်းလက်ကာပြလိုက်ကာ . . .

"ဟေ့ကောင် . . . ငါက ငါ့သူငယ်ချင်းနဲ့ ကိစ္စတစ်ခု ရှိလို့ သွားတာကွ . . . အဲ့ဒီဖက်တီးမက ဘယ်က ဘယ်လို . . . ငါ့နား





ရောက်လာမှန်း မသိတာ"

ဝိုင်းစန္ဒာဆိုသည်မှာ ဇာနည့်ကို ပထမနှစ်ကတည်းက တစ်ဖက်သတ်ကြိတ်ကြိုက်လာသော ကောင်မလေးဖြစ်သည်။ အခုလို ကိုရီးယားကားတွေ ခေတ်စားနေသော ခေတ်ကြီးတွင် ဝိုင်းစန္ဒာ၏ တစ်ဖက်သတ်ရောဂါက လေထိုးထည့်လိုက်သော ပူဖောင်းတစ်လုံးလို ရုတ်တရက် ကြီးထွားကာလာ၏။ ဇာနည့်ဆိုလျှင် သူမက အသေရရ အရှင်ရရ။

သော်နိုင်မြင့်က ဇာနည့်စကားဆုံးတော့ . . . .

"အဲဒါတွေ ငါမသိဘူး . . . ငါသိတာ မင်းနဲ့ ဝိုင်းစန္ဒာနဲ့ နှစ်ယောက်တည်း ဘွဲ့နှင်းသဘင်နောက်မှာ . . . စကားပြောနေတာ တွေ့တယ် . . . ဒါပဲ"

ပြောပြီး သော်နိုင်မြင့်က လှည့်ထွက်၏။ သော်နိုင်မြင့်ပုံစံက တွေ့တဲ့လူ တကယ်လျှောက်ပြောမည့် ပုံစံပေါက်နေ၍ ဇာနည်က သော်နိုင်မြင့်လက်မောင်းကို လှမ်းဆွဲလိုက်ကာ . . .

"သော်နိုင်မြင့်"

သော်နိုင်မြင့်က ဖြည်းဖြည်းချင်း လှည့်ကြည့်လိုက်ကာ ခပ်တည်တည်နှင့် . . .

"ဘာလဲ"

"နှစ်ထောင်လောက်တော့ လုပ်ကွာ"

သော်နိုင်မြင့် ခေါင်းညိတ်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ထောင်တည်းနဲ့ မလုံလောက်မှန်း သော်နိုင်မြင့် သိသည်။ သို့သော် ဇာနည့်လိုကောင်ဆီက ဒီ့ထက်ပိုပြီး ရနိုင်စရာ အကြောင်း မရှိပေ။ ထို့ကြောင့် ရနိုင်သလောက်လေး ဆွဲလာခြင်းသာ ဖြစ်သည်။ ပြီးတော့ ဟိုကောင်တွေဆီကလည်း ဘယ်လောက် ပါလာမယ်မှန်း မသိသေးပေ။ အားလုံး ပါလာသလောက်လေးတွေ စုလိုက်ရင်တော့ Taxi ဖိုးလောက်တော့ အဆင်ပြေသွားမည်ဟု သူ တွေးထား၏။

ထို့နောက် ချိန်းထားတဲ့ စုရပ်သို့ ထွက်လာခဲ့လိုက်တော့သည်။

စုရပ်ရောက်တော့ တစ်ယောက်မှ မရောက်သေး။ ခဏနေတော့မှ တစ်ယောက်ပြီး တစ်ယောက် ရောက်လာကြသည်။ အားလုံး မျက်နှာသိပ်မကောင်းကြ။

"ဒီနေ့ကျမှ ဘယ်လိုဖြစ်လဲ မသိပါဘူးကွာ . . . အားလုံး ငမွဲတွေနဲ့ချည်း တိုးနေတယ်"





မိုးအောင်က ငြိမ်း၏။ ကောင်းထက်က . . .

"ငါလည်း . . . တွေ့တဲ့လူဆီက ရသလောက် ချေးလာတယ် . . . ရော့"

ဟု ဆိုကာ ပိုက်ဆံ သုံးထောင်ထုတ်ပေးသည်။ ကျန်တဲ့ နှစ်ယောက်ဖြစ်သည့် စိုးငယ်နှင့် မြင့်ဇော်က . . .

"ငါတို့ကတော့ ဆရာမနဲ့ တိုးနေလို့ ဩဝါဒချွေနေတာနဲ့ ဘယ်သူ့ဆီကမှ မချေးခဲ့ရဘူး . . . မင်းမှာ ဘယ်လောက်ပါလဲ"

သော်နိုင်မြင့်က သူ ရလာသော ပိုက်ဆံနှစ်ထောင်ကို ထုတ်ပြသည်။ ပြီးနောက် . . .

"အခု ငါတို့မှာ ငါးထောင်တော့ ရပြီ . . . ဒါပေမဲ့ ပိုပိုလိုလို တစ်သောင်းလောက် ပါမှ . . . အဆင်ပြေမှာကွ . . . နောက်ထပ် ငါးထောင်လောက် . . . ရှာရအောင်ကွာ"

သော်နိုင်မြင့် စကားကို အားလုံးလက်ခံသည့်အနေနှင့် ခေါင်းညိတ်ပြသည်။

ထိုအချိန်မှာပင် သူတို့ရှေ့မှ တိုင်ကီပိုင်းတစ်လုံး သဏ္ဍာန်လူတစ်ယောက် ဖြတ်ကာသွား၏။ အပေါ်အောက် အနီဝမ်းဆက်ကြီး ဝတ်ထားသောကြောင့် ရုတ်တရက် ကြည့်လျှင် စာတိုက်ပုံးတစ်လုံးဟု ထင်ရသည်။ ထိုလူကို တွေ့တော့ အားလုံးထံမှ . . .

"ဝိုင်းစန္ဒာ"

ဝိုင်းစန္ဒာ လမ်းသွားနေရာမှ သူမ နာမည်ခေါ်သံကြားရှိ လှည့်ကြည့်၏။ သော်နိုင်မြင့်တို့ အုပ်စုကိုမြင်တော့ . . .

"ဟဲ့ . . . ဘာလဲ"

သော်နိုင်မြင့်က ကျန်တဲ့လူတွေကို 'မင်းတို့အသာနေ' ဆိုသည့်သဘော မျက်ရိပ်ပြကာ ဝိုင်းစန္ဒာနားသို့ ကပ်သွားသည်။ ထို့နောက် . . .



www.burmeseclassic.com

www.burmeseclassic.com



"ငါ နင့်ကို ပြောစရာရှိလို့ဟ"

ဝိုင်းစန္ဒာက မျက်မှောင်ကြုတ်လိုက်ရင်း . . .

"ဘာပြောမလို့လဲ"

"အရေးတော့ သိပ်မကြီးပါဘူးဟာ . . . ဇာနည့်ကိစ္စပါ"

ဇာနည်ဆိုသည့် နာမည်ကြားလိုက်ရသည်နှင့် ဝိုင်းစန္ဒာ မျက်လုံးက ဝင်းဝင်းတောက်သွားသည်။ ထို့နောက် အလောတကြီး အသံနှင့် . . .

"ဇာ . . . ဇာနည် ဘာဖြစ်လို့လဲဟင်"

သော်နိုင်မြင့်က အရေးမကြီးသော လေသံနှင့် . . .

"ဘာမှ မဟုတ်ပါဘူးဟာ . . . ထားလိုက်ပါတော့ . . . ငါ လည်း နင့်ကို ရုတ်တရက်တွေ့လိုက်တော့ . . . ဒီကောင့်ကိစ္စ သတိ ရသွားလို့ပါ . . . ထားလိုက်ပါတော့"

ဟု ဆိုကာ ဝိုင်းစန္ဒာရှေ့က လှည့်ထွက်ဖို့ လုပ်သည်။

သို့သော် ဝိုင်းစန္ဒာက သော်နိုင်မြင့်ကို ထွက်သွားခွင့် မပေး တော့ပေ။ လက်ကို အတင်းဖမ်းဆွဲလိုက်ကာ . . .

"ပြော . . . ပြောပါ သော်နိုင်မြင့်ရယ် . . ဇာ . . . ဇာနည် ဘာဖြစ်လို့လဲဟင် . . . ငါ့ရင်တွေ ထိတ်လိုက်တာ"

သူ ဒီလိုလုပ်လျှင် ဝိုင်းစန္ဒာဘက်က ဒီလိုဖြစ်လာမည် ဆိုတာ သော်နိုင်မြင့် တွက်ပြီးသား။ ထို့ကြောင့် ဝိုင်းစန္ဒာ မသိအောင် တစ်ချက်ပြုံးလိုက်ကာ မျက်နှာပြန်တည်လိုက်၍ . . .

"နင် သူ့ကိုတော့ သွားမပြောနဲ့နော် . . . သူ ဒုက္ခရောက် နေတဲ့ကိစ္စလေးတစ်ခု . . . ငါ နင့်ကို ပြောစရာရှိလို့"

ဝိုင်းစန္ဒာက ခေါင်းညိတ်ပြကာ သော်နိုင်မြင့်စကားကို စိတ်ဝင်တစား နားထောင်နေသည်။

သော်နိုင်မြင့်က ချောင်းတစ်ချက်ရှင်း၍ စကားဆက်လိုက်





၏။

"ဒီကောင် အခု . . . ပြဿနာတက်နေတယ် သိလား"

ဝိုင်းစန္ဒာက . . .

"ဘယ်လိုပြဿနာတက်တာလဲဟင်"

သော်နိုင်မြင့်က သက်ပြင်းကြီးကို ဝိုင်းစန္ဒာ မြင်အောင် ရှည်လျားစွာချပြကာ . . .

"ဒီလိုဟာ . . . ဒီကောင် မနေ့က ထွန်းဦးတို့နဲ့ ဖဲသွား ရိုက်တာ ရှုံးလာလို့တဲ့ . . . အဲဒါ ဖဲကြွေးတင်လာတယ်ကြားတယ် . . . အခု ထွန်းဦးတို့က သူ့ကို ဖဲကြွေးလိုက်တောင်းနေတယ် . . . မပေးရင် သူ့အိမ်အထိ သွားတောင်းမယ်လုပ်နေတယ်"

ဝိုင်းစန္ဒာ မျက်နှာမှာ စိုးရိမ်ဟန်တစ်ချက် ဖြစ်သွားပြီး . . .

"ဟယ် . . . ဒုက္ခပဲ . . . သူ့အိမ်က သိသွားရင် သူတော့ ဒုက္ခပဲ"

"အဲဒါပြောတာပေါ့ဟ . . . အခု ဒီကောင့်မှာလည်း ပေး စရာ ပိုက်ဆံပါမလာလို့ . . . ငါ့ဆီ လာချေးတာဟ . . . ငါကလည်း ပါလာတဲ့ပိုက်ဆံတွေ မနက်က သုံးလိုက်လို့ . . . ကုန်သွားပြီ . . ဒါ ပေမဲ့ ငါက တစ်ယောက်ယောက်ဆီက အဆင်ပြေရင် . . . ဆွဲပေး မယ်လို့ ဒီကောင့်ကို ပြောထားတယ် . . . အဲဒါ နင့်မှာများ . . ."

သော်နိုင်မြင့်က စကားကိုဖြတ်လိုက်ကာ ဝိုင်းစန္ဒာမျက်နှာ ကို အမိဟွာယ်ပါပါ ကြည့်လိုက်သည်။ ဝိုင်းစန္ဒာက . . .

"အကြွေးက ဘယ်လောက်လဲ"

ဟု မေး၏။ သော်နိုင်မြင့်က . . .

"ငါးထောင်ထဲပါဟာ . . . အဲဒီပိုက်ဆံလေးနဲ့ ဒီကောင့်မှာ ဒုက္ခရောက်နေတာ"

ဝိုင်းစန္ဒာက သူမလွယ်အိတ်ထဲက ပိုက်ဆံအိတ်ကို ထုတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကာ အထဲက ထောင်တန်ငါးရွက် ဆွဲထုတ်လိုက်သည်။

"ရော့ . . . ဇာနည့်ကို ပေးလိုက် . . . ဒီလောက်ပိုက်ဆံလေးများ သူက ငါ့ကို သတိမရဘူး . . . ငါ့ကို လာပြောတော့ ဘာဖြစ်မှာမို့လို့လဲ"

"သူက နင့်ကို ပြောရမှာ အားနာလို့ ထင်တယ်"

"အမလေး . . . ငါ့ကိုများ အားနာစရာလားဟယ် . . . မနေ့ကတောင် သူ့ဆီက ငါ စာအုပ်ငှားတုန်းက . . . တွေ့သေးတာပဲ အဲ . . . ဒီကောင်တွေ ဘွဲ့နှင်းသဘင်နောက်မှာ ဝိုင်းကြတာ ဖြစ်မယ် သိလား . . . မနေ့က ဇာနည့်ကို ငါ ဘွဲ့နှင်းသဘင်နောက်မှာ . . . တွေ့တယ်"

သော်နိုင်မြင့်က တွေးတွေးဆဆပုံစံဖြင့် . . .

"ဟုတ်ချင်လဲ ဟုတ်မှာပေါ့ . . . ဒါပေမဲ့ နင့်ဆီက ငါ ပိုက်ဆံယူတဲ့ကိစ္စကို ဇာနည့်ကို သွားမပြောနဲ့နော် . . . ဒီကောင် သိရင် ရှက်သွားမှာဟ . . . နင်လည်း ဒီကောင့်အကြောင်းသိတာပဲ . . . သူ့ဆီကလည်း ပိုက်ဆံကို ဘယ်သူမှ . . . မချေးတတ်သလို ဘယ်သူ့ဆီကမှလည်း ပိုက်ဆံချေးဖူးတာ မဟုတ်ဘူး . . . ဒီကိစ္စတောင် တော်တော် အခက်အခဲဖြစ်နေလို့ . . . ငါ့ကို တိုးတိုးတိတ်တိတ် အကူအညီလာတောင်းတာ"

သော်နိုင်မြင့် စကားဆုံးတော့ ဝိုင်းစန္ဒာက . . .

"စိတ်ချပါ . . . ငါ သူ့ကို ဘာမှသွားမပြောပါဘူး"

သော်နိုင်မြင့်က ခေါင်းတညိတ်ညိတ်လုပ်ကာ ဝိုင်းစန္ဒာရှေ့မှ လှည့်ထွက်သွားသည်။ သော်နိုင်မြင့် နောက်သို့ ကျန်တဲ့ လေးယောက်လုံး ခပ်တည်တည်နှင့် ပါသွားကြ၏။

ခဏနေတော့ မိုးအောင်က . . .

"ဒီကောင်တော့ ဘာတွေ လီဆယ်ခဲ့ပြီလဲ မသိဘူး . . .





ပြဿနာတော့ တက်တော့မှာပဲ"

မိုးအောင် စကားဆုံးတော့ မြင့်ဇော်က . . .

"သူ့ဇာတ်သူနိုင်လို့ လုပ်တာ နေမှာပေါ့ကွာ . . . ခေါင်းထဲ ထည့်မနေပါနဲ့ . . . လောလောဆယ် အဆင်ပြေသွားလို့ ဒီကောင့်ကိုတောင် ကျေးဇူးတင်ရဦးမယ်"

အားလုံးထွက်သွားကြတော့သည်။

ဝိုင်းစန္ဒာကတော့ အဖြစ်မှန်ကို ဘာမှမသိဘဲ ဇာနည့်ကို အကြွေးလိုက်တော့သည့် ထွန်းဦးကိုသာ ကျိန်ဆဲ၍နေပါတော့သည်။

"မသာ ထွန်းဦး . . . ဂျပု ငါနဲ့တွေ့မယ်"

ဟူ၍ . . . .



www.burmeseclassic.com

www.burmeseclassic.com



မှာထားတဲ့ ဟင်းပွဲတွေက တော်တော်လေး စုံစုံလင်လင်ရှိလှ၏။ ပထမအစီအစဉ်အတိုင်းသာ ကျောင်းမှာလုပ်ဖြစ်လျှင် ဒီလိုကောင်းကောင်းမွန်မွန် စားရမည် မဟုတ်ပေ။ သူတို့ရောက်တော့ မှာထားတဲ့ တချို့ ဟင်းပွဲတွေတောင် ရောက်နေပြီ။

ခင်မေဦးက . . .

"နင်တို့ကလဲဟယ် ကြာလိုက်တာ . . . ငါတို့ရောက်နေတာတောင် ကြာပြီ"

"ပိုက်ဆံလိုက်ချေး . . . အဲ . . . ပိုက်ဆံပေးတိုင်း ငါတို့ရှေ့ကို Taxi ရောက်လာတယ် ထင်လို့လားဟ . . . ကျောင်းထိပ်ထိထွက်ပြီး ငှားလာရတာ"

ခင်မေဦးက ဘာမှ ဆက်မပြောတော့ဘဲ သူမ သူငယ်ချင်းတွေဘက်လှည့်ကာ . . .

"ငါ နင်တို့နဲ့ မိတ်ဆက်ပေးဦးမယ် . . . ဒါ အီးမေဂျာက





ငါ့သူငယ်ချင်းတွေ . . . ဒါက သော်နိုင်မြင့် . . . ဒါက မိုးအောင် . . . ဒါက မြင့်ဇော် . . . ဒါက စိုးငယ် . . . ဒါက ကောင်းထက် . . . တဲ့ မှတ်ထားကြနော်"

အားလုံး ခေါင်းညိတ်ပြကာ အသိအမှတ် ပြုကြသည်။ သော်နိုင်မြင့်တို့ကလည်း သူတို့ နာမည်ခေါ်လျှင် ခေါင်းညိတ်ပြကာ ပြုံးပြနှုတ်ဆက်ကြ၏။ သူတို့ကို မိတ်ဆက်ပေးသော ကောင်မလေးအုပ်စုထဲမှ တစ်ယောက်က ခင်မေဦးဘက်ကို လှည့်၍ . . .

"အရင်က နင့်ဆီကို သူတို့လာတာ မတွေ့ဖူးပါဘူး"

ခင်မေဦးက ပြုံးကာ . . .

"လာပါတယ်ဟ . . . နင်တို့ သတိမထားမိလို့ပါ . . . သူတို့က တစ်မေဂျာဝင် တစ်မေဂျာထွက် . . . ခရီးလှည့်နေကြတာလေ . . . ကြုံရင်တော့ ငါ့ဆီလာလည်ပါတယ်"

ခင်မေဦး စကားကြောင့် ကောင်မလေးတွေ ပြုံးသွားကြသည်။ ခုနပြောတဲ့ တစ်ယောက်ကပဲ စကားကို ဆက်၏။

"ဒါဆို သူတို့က မေဂျာလှည့်ခရီးသည်တွေပေါ့ ဟုတ်လား"

ထိုစကားကြောင့် သော်နိုင်မြင့်တို့ ရယ်မိကြ၏။ အရယ်ဆုံးတော့ မြင့်ဇော်က ဝင်၍ . . .

"ဟုတ်တယ်ဗျ . . . ဒီက ပြောသလို မေဂျာလှည့်ခရီးသည်တွေလို့ ပြောရင် ပြောလို့ရတယ် . . . ကျွန်တော်တို့က တက္ကသိုလ်မှာ နေရတုန်း အချိန်ကာလလေးမှာ ကျောင်းသားဘဝကို အပြည့်အဝ ခံစားတဲ့သဘောပါ"

မြင့်ဇော်၏ ပြန်လည်ချေပသော စကားကြောင့် ကောင်မလေးတွေ ပြုံးမိကြ၏။ စိတ်ထဲမှာလည်း ကြိတ်၍ 'ဒီလူတွေ မလွယ်ဘူး' ဟု တွေးနေလိုက်၏။

ခင်မေဦးက ဝင်၍ . . .



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . ဒီဘက်နဲ့ မိတ်ဆက်ပေးပြီးပြီ ဆိုတော့ . . ဒီဘက်က သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးဦးမယ် . . . ဒီက အားလုံးက ငါနဲ့ တစ်မေဂျာတည်း တစ်ခန်းတည်း သူငယ်ချင်းတွေ . . . ဒီဘက်က နွေးနွေးကျော် . . . ဒီဘက်က မေဝတီထွန်း . . . ဒီဘက်က အလက်ာ . . . ဒီဘက်က သံစဉ်ချိုတဲ့ . . . အားလုံး မှတ်မိကြတယ်မလား"

"မမှတ်မိဘူး ပြောရင် . . . နင်က နောက်တစ်ခေါက် ပြန်ပြောမှာမို့လို့လား"

သော်နိုင်မြင့်၏စကားကြောင့် ခင်မေဦးက ရယ်လိုက်ကာ

"အံမယ် . . . ငါ့သူငယ်ချင်းတွေက သူတို့နာမည်ကို တစ်ခါတည်း မိတ်ဆက်ပေးတာနဲ့ . . . . ယောကျ်ားလေးတွေက တစ်ခါတည်း မှတ်မိသွားလောက်တဲ့ လူတွေပါနော်"

ခင်မေဦး ပြောတာကို သော်နိုင်မြင့်တို့ သဘောပေါက်သည်။ သူငယ်ချင်းတွေ ဘယ်လောက်လှပကြောင်းကို ပညာရှိနည်းဖြင့် ပြောလိုက်ခြင်းဖြစ်သည်။

သော်နိုင်မြင့်တို့ကလည်း မခေပါ။

"ထားပါတော့ဟာ . . . ငါတို့က မမှတ်မိဘူးပြောရင်လည်း ယောကျ်ားမဟုတ်ဘူးလို့ အထင်ခံရစရာ ရှိတော့ . . . မှတ်မိတယ်ပဲ ထားလိုက်ပါတော့မယ်"

ဟု အရယ်တစ်ဝက်ဖြင့် ပြန်ပြောလိုက်၏။ ထို့နောက် မှာထားတဲ့ ဟင်းပွဲတွေ လာချ၍ သူတို့ စကားပြတ်သွားကြသည်။

ထို့နောက် စားရင်းသောက်ရင်းနှင့် စကားဆက်ပြောကြ၏။ ထူးထူးထွေထွေတော့ မဟုတ်ပါ။ တက္ကသိုလ်မှာ မိန်းကလေး အုပ်စုတစ်စုနှင့် ယောကျ်ားလေးအုပ်စုတစ်စုတို့ စတင်တွေ့ဆုံပွဲများတွင် ပြောကြဆိုကြသည့် စကားများပင်ဖြစ်သည်။





တစ်မေဂျာနှင့် တစ်မေဂျာရှိ သူငယ်ချင်းများအကြောင်း ဟိုလူ့သိလား၊ ဒီလူ့သိလား စသည်ဖြင့် . . . .

ထို့နောက် အထက်တန်းကျောင်းတုန်းက ကြုံတွေ့ခဲ့ရသော ရယ်စရာ ကိစ္စတချို့ . . .

ထိုသို့စကားပြောနေရင်းနှင့် မေဝတီထွန်း ဆိုသည့် ကောင်မလေးဆီမှ ဇာနည်ဆိုသော နာမည်တစ်ခုကို မရည်ရွယ်ဘဲ ကြားလိုက်ရလေသည်။

"အီးမေဂျာမှာဆို ကျွန်မ အစ်ကိုတစ်ယောက်ရှိတယ် . . . ဒါပေမဲ့ ဝမ်းကွဲပါ . . . ဇာနည်တဲ့ သိလား"

ထိုနာမည်ကို ကြားလိုက်ရသည်နှင့် ငါးယောက်လုံး စားလက်စ ထမင်းလုပ်တွေကို ကမန်းကတန်း မြိုချလိုက်မိသည်။ ထို့နောက် တစ်ယောက်မျက်နှာ တစ်ယောက် မသိမသာကြည့်ကာ မလုံမလဲဖြစ်ကုန်ကြသည်။

ဝတီကတော့ သူတို့ကိစ္စတွေကို မသိ၍ စကားကို ဆက်၏။

"တစ်မေဂျာတည်းဆိုတော့ သိမှာပေါ့"

အားလုံးက ခေါင်းကို ခပ်သွက်သွက် ညိတ်ပြလိုက်ကာ . .

"သိ . . . သိပါတယ်"

"သြော်"

ဝတီက ထိုသို့သာ ပြော၍ ထမင်းကိုဆက်စားသည်။

သူတို့ငါးယောက်လုံးကတော့ ယခင်ကလောက် စားရတာ မမြိန်တော့သလို ခံစားလိုက်ရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ရက်မှာ မနေ့က တွေ့ဆုံပွဲ အကြောင်းကို ပြောဖြစ်ကြ၏။ အရင်ဆုံး အဆိုတင်သွင်းသူမှာ စိုးငယ်ဖြစ်သည်။

"မနေ့က မင်းတို့ သတိထားမိကြလား . . . ခင်မေဦးက သူ့သူငယ်ချင်းတွေနဲ့ ငါတို့ကို မိတ်ဆက်ပေးတဲ့ မျက်နှာက တစ်မျိုးပဲကွ . . . သိလား"

အားလုံးက စိုးငယ်စကားကြောင့် ခပ်တွေတွေကြည့်ကာ

"မင်းက ဘာကို ဆိုလိုတာလဲ"

"ခင်မေဦး စိတ်ထဲမှာ အကြံတစ်ခုရှိရမယ်လို့ ငါထင်တယ်ကွ"

အားလုံး စိုးငယ်စကားကြောင့် ငြိမ်ကျသွားသည်။ တော်တော်လေး ငြိမ်သက်နေပြီးတော့မှ စိုးငယ်ကို နားမလည်နိုင်သလို ပြန်ကြည့်ကာ . . .

"မင်းစကားက ဘာကိုဆိုလိုတာလဲကွ . . . ခင်မေဦးက





ငါတို့ကို သူ့မွေးနေ့လိုက်ကျွေးတာလေ . . . ဒါပဲလေ . . . ဘာများ ထူးခြားလို့လဲ"

စိုးငယ်က သူ့မေးစေ့သူ လက်ညှိုးထောက်၍ တစ်ပုတ်ပုတ် လုပ်ကာဖြင့် . . .

"ဒီလိုကွ . . . ခင်မေဦးက ငါတို့ကို . . . မွေးနေ့ကျွေးတာလည်း ကျွေးတာပေါ့ကွာ . . . ဒါပေမဲ့ သူ့သူငယ်ချင်းတွေနဲ့ အခုလို မွေးနေ့ကို အကြောင်းပြုပြီး ဆုံပေးတယ်ဆိုကတည်းက . . . အကြောင်းရှိမယ်လို့ ငါက ပြောတာ"

အားလုံးက စိတ်မရှည်နိုင်စွာဖြင့် . . .

"အေးလေ . . . ဘာအကြောင်းလဲလို့ ငါတို့မေးနေတယ်လေ . . . ပြောလေ"

စိုးငယ်က ခေါင်းတညိတ်ညိတ်လုပ်ရင်း . . .

"ဒီလိုလေကွာ . . . မင်းတို့ ရုပ်ရှင်တွေ ဝတ္ထုတွေ မကြည့်ဘူး မဖတ်ဖူးဘူးလား . . . အဲ့ဒီအထဲမှာဆို ဒီလိုပဲ . . . ကိစ္စတစ်ခုခုကြောင့် မိန်းကလေးအဖွဲ့တစ်ဖွဲ့နဲ့ ယောကျ်ားလေး အဖွဲ့တစ်ဖွဲ့ . . . ဆုံဖြစ်ကြရင်း . . . နောက်တော့ ဇာတ်လမ်းလေးတွေ ဖြစ်သွားကြတာလေ . . . အဲဒီလိုပဲ ခင်မေဦးက သူ့သူငယ်ချင်းတွေနဲ့ ငါတို့ကို ဇာတ်လမ်းတွေ ဖြစ်စေချင်လို့ . . . ဒီလိုဖန်တီးတာလားမှ မသိတာ"

စိုးငယ်စကားဆုံးသွားတော့ အားလုံးက စိုးငယ်ကို အရူးတစ်ယောက်လို ကြောင်ပြီး ကြည့်နေမိကြသည်။ ခဏကြာတော့ သော်နိုင်မြင့်က . . .

"စိုးငယ်"

"ဘာလဲ"

"မင်းက အရင်ကအတိုင်းပဲ . . . စာရေးဆရာရူး . . . ဒါရိုက်တာ ရူး ရူးတာ မပျောက်သေးဘူးနော် . . . ငါက မင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



အဲဒီရောဂါပျောက်သွားပြီ ထင်လို့"

သော်နိုင်မြင့် ပြောတာ မှန်သည်။ စိုးငယ်က ဝမ်းတွင်းကတည်းက ရူးလာသော ဝမ်းတွင်းရူးဖြစ်သည်။ အရွယ်ရောက်လာတော့ ပိုဆိုးလာသည်ဟု ဆိုနိုင်သည်။ စာရေးဆရာရူး၊ ဒါရိုက်တာရူး။ သူ့မှာ ရူးမဲ့သာ ရူးရသည်။ စာစီစာကုံးကိုတောင် ဖြောင့်အောင်ရေးတတ်လှသည်မဟုတ်။ ဆယ်တန်းတုန်းက မြန်မာစာကို အောင်မှတ်တပ်၍ အောင်လာခဲ့သူ။

သို့သော် သူ၏ အတွေးအခေါ်တွေကတော့ ထိုကဲ့သို့ပင် မလျှော့သောဖွဲ့ဖြင့် အစွန်းရောက်အောင် ကြောင်လှ၏။ အချစ်ရေး အချစ်ရာမှာတွင်လည်း ထိုကဲ့သို့ ကြောင်တောင်တောင်တွေ လျှောက်တွေးပြီး သူ့စိတ်ထဲရှိရာတွေ လျှောက်လုပ်သောကြောင့် အခုချိန်ထိ ရည်းစားဆိုလို့ စိတ်ကူးထဲက လွဲ၍ အပြင်မှာ နတ္ထိ။

စိတ်ကူးထဲမှာတော့ သူ့ကိုဘယ်သူမှ မယှဉ်နိုင်ပေ။ ကမ္ဘာကျော် ဟောလိဝုဒ်မင်းသမီး အင်ဂျလီနာဂျိုလီတောင် သူ့ကို မရလိုက်၍ ရွဲ့ကာ ဘရက်ပစ်နှင့် ကြိုက်သွားသည်ဟု ထင်နေသူ။ ဂျက်ဆီကာအယ်ဘာဆိုလျှင် မင်းသမီးမဖြစ်ခင်ကတည်းက သူနဲ့ ဘာလိုလို။

မြန်မာနိုင်ငံက မင်းသမီးတွေဆိုလျှင် ပြောစရာပင် မလိုတော့။ သူ စိတ်ကူးမယဉ်ဖူးသော မင်းသမီး မရှိသလောက်။

"မင်း တို့ ငါပြောတာ မယုံဘူးဆို စောင့်ကြည့် . . ခင်မေဦးမှာ ငါ ပြောသလို . . . အကြံအစည်တစ်ခုခု ရှိကိုရှိရမယ် . . . သူ့စိတ်ထဲမှာ . . . ငါတို့လို လူတော်လူကောင်းလေးတွေနဲ့ . . . သူ့ သူငယ်ချင်းတွေကို ဖြစ်စေချင်လို့ . . . ဒီလိုဇာတ်လမ်းထွင်တာ"

"တော်စမ်းပါ စိုးငယ်ရာ . . . ခင်မေဦးက မင်းလို ကြောင်မိုလို့ အဲဒီလို အတွေးမျိုးတွေ လျှောက်တွေးမှာလား"





မိုးအောင်က တစ်ခုခုကို အလေးအနက်ထားကာ စဉ်းစားနေသည်။ တော်တော်လေး အလေးအနက်ထားကာ စဉ်းစားနေပုံလည်းရ၏။ ပြီးမှ . . .

"မင်းတို့ ပြောတာတွေတော့ ဟုတ်တာ မဟုတ်တာ ငါ မသိဘူး . . . ငါသိတာ တစ်ခုတော့ ရှိတယ်"

"ဘာလဲ"

"လက်တွေ့ကျကျ သိပ္ပံသဘောတရားနဲ့ . . . တွက်ကြည့်ရင် အရာဝတ္ထုတိုင်းဟာ တန်ပြန်သက်ရောက်မှုတွေ ရှိတယ်တဲ့ . . . အဲဒါကြောင့် . . . ဘာပဲဖြစ်ဖြစ် ငါတို့ တွေ့ဆုံမှုဟာ အလဟဿ ဖြစ်မသွားနိုင်ဘူး . . . အနည်းဆုံးတော့ စိတ်ရဲ့ ဖြစ်တည်နေတဲ့ စွမ်းအင်လေး တစ်ခုတော့ ပြောင်းလဲသွားမှာ သေချာတယ် . . . အဲဒီစိတ်ရဲ့ စွမ်းအင်လေး . . . ပြောင်းလဲသွားတယ်ဆိုတာ . . . အင်နာဂျီပဲ"

မိုးအောင်စကားကြောင့် အားလုံးသက်ပြင်းချကြသည်။

မိုးအောင်။

သူက သိပ္ပံနဲ့ ဒဿနပိုင်းဆိုင်ရာ အတွေးအခေါ်တွေကို ရောသမမွှေကာ ရူးနေသူဖြစ်သည်။

တစ်ခါတစ်ရံ အရင်ဘဝက သူသည် အိုင်းစတိုင်း၏ တပည့် သာဝကကြီးတစ်ယောက် ဖြစ်ခဲ့သလိုလိုပြောတတ်၏။ တစ်ခါတစ်ရံ ဒဿနပိုင်း ဆိုင်ရာ စကားကြီး စကားကျယ်တွေ ပြောတတ်သည်။

"ငါ့ အတွေးအခေါ်ကျတော့ တစ်မျိုးကွ"

မြင့်ဇော်ကို အားလုံး လှည့်ကြည့်လိုက်သည်။ မြင့်ဇော်က အဝေးကို ငေးကာ။

"ဘုရားဟောထားတဲ့ စကားတစ်ခွန်း ရှိတယ်ကွ"

မြင့်ဇော်က စကားကို ရပ်လိုက်သည်။ အားလုံးတိတ်ဆိတ်



www.burmeseclassic.com

www.burmeseclassic.com



ကာ မြင့်ဇော်၏ စကားကို နားထောင်နေကြ၏။ မြင့်ဇော်က လည်ချောင်းတစ်ချက် ရှင်းကာ စကားဆက်သည်။

"ဘယ်အရာမဆို မတည်မြဲဘူးတဲ့ . . . ဖြစ်ပြီးရင် ပျက်မယ် . . . မင်းတို့ အခုပဲ ကြည့်လေ . . . မနေ့က အဲဒီကောင်မလေးတွေနဲ့ ငါတို့ တွေ့တယ် . . . ဒီနေ့ သူတို့ မရှိတော့ဘူး"

"ဟာ ဟေ့ကောင် . . မင်းစကားကြီးကလဲ . . . သူတို့မေဂျာမှာ သူတို့ရှိပါတယ်ကွာ . . . သေသွားတာမှ မဟုတ်တာ"

"အဲဒါ ခက်တာပေါ့ . . . ငါပြောတဲ့ မရှိတော့ဘူး ဆိုတဲ့ စကားက သေသွားတာကို ရည်ညွှန်းတာလို့ မင်းတို့ကို . . တစ်ထစ်ချ ဘယ်သူပြောလဲ . . . ငါတို့ရှေ့မှာ မနေ့ကရှိတယ် . . . ဒီနေ့ မရှိဘူး . . . ဒါကိုပဲ ဆိုလိုတာ . . . ငါပြောချင်တာကကွာ . . . မတည်မြဲခြင်း သဘောတရား . . . အဲဒါပဲ"

ဒီကောင်က သမာဓိရူး၊ တစ်ခါ တစ်ခါ သောတာပန်တည်သွားမလား ထင်ရအောင် တရားသဘောတွေကို ကြားဖူးနားဝရှိသမျှ လျှောက်ပြောသည်။ မှန်တဲ့ဟာလည်း မှန်သည်။ မမှန်တဲ့ဟာလည်း မမှန်ပေ။ သူ့ကို သွားငြင်းလျှင် . . .

"ဘုရားအကြောင်း . . . တရားအကြောင်းပြောရင် မင်းတို့ အဲဒီလို မငြင်းကောင်းဘူးလေ"

ဟု ထထ ပြောတတ်သည်။ သူမနိုင်လျှင် ဘုရားဆိုသော စကားနှင့် ကိုင်ပေါက်တတ်သည်။ ထို့ကြောင့် သူ့ကို ဘုရားဖြစ်မယ့် အုတ်နီခဲဟု နာမည်ပေးထား၏။

ကောင်းထက်နဲ့ သော်နိုင်မြင့်က တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။ တစ်ယောက်တစ်လှည့် ဝေဖန်မှုအပြီး သူတို့အလှည့်ပဲ ကျန်တော့၏။ သူတို့ နှစ်ယောက်ကတော့ စိတ်တူကိုယ်တူဟု ဆိုနိုင်သည်။





သူတို့က လူတစ်ယောက်ကို ယုံအောင်ပြောပြီး ကျိုးယလှည့်ဖျားရာတွင် ကျွမ်းကျင်သည်။ လတ်တလော အကျပ်အတည်းတစ်ခုမှ လွတ်မြောက်ရာ လမ်းစကို ရှာဖွေ၍ ရုန်းထွက်နိုင်သော စွမ်းရည်ရှိသည်။ ပြီးတော့ လက်တွေ့သမား . . .

သော်နိုင်မြင့်က . . .

"ငါကတော့ ဘာပဲဖြစ်ဖြစ် အဲဒီမွေးနေ့ပွဲမှာ ကောင်းကောင်းစားလိုက်ရတာကိုပဲ ကျေနပ်တယ် . . . သူတို့ဘာသာသူတို့ ဘာတွေပဲ ဇာတ်လမ်းဆင်ဆင် . . . လောလောဆယ် ထမင်းတနပ် ကောင်းကောင်းတွယ်လိုက်ရတယ် . . . ဒါပဲ"

ကောင်းထက်က ခေါင်းကို ဆတ်ခနဲ ညိတ်ပြကာ

"ဟုတ်တယ် . . . သော်နိုင်မြင့် ပြောတာမှန်တယ် . . . အဲဒါပေမဲ့ ကောင်မလေးတွေကတော့ တော်တော်လှတယ်"

သော်နိုင်မြင့်က . . .

"ဒါတော့ လက်ခံတယ်"

ဟု ပြန်ပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ အများဆုံး တွဲဖြစ်တာ ဒီငါးယောက်ပဲ ရှိသည်။ အားလုံးက တက္ကသိုလ်ရောက်မှ တွဲမိကြခြင်းဖြစ်သည်။ ငယ်ပေါင်းတွေ မဟုတ်ဘူးဟု ဆိုလိုသည်။ ကြီးမှ ပေါင်းသောကြောင့် ကြီးပေါင်းဟု ခေါ်လျှင်ရ၏။ သို့သော် သူတို့က တစ်ယောက်နဲ့တစ်ယောက် ညီအစ်မအရင်းတွေလို ချစ်ကြ၏။ သူတို့အဖွဲ့ကိုလည်း သူတို့မေဂျာမှာ မသိသူ မရှိလောက်အောင် ရှား၏။ အားလုံးက ရုပ်ရည်ပြေပြစ်ချောမောသူတွေ။ ထို့ကြောင့်ပင် သူတို့ စတင် တွဲမိကတည်းက ကျောင်းသားတော်တော်များများ၏ အလေးပေး အရေးစိုက်ခြင်းကို ခံခဲ့ရ၏။

အထူးသဖြင့် မေဝတီထွန်းဆိုသော ကောင်မလေးက သူတို့မေဂျာက ကွင်းဖြစ်နေ၍ သူတို့အဖွဲ့ကို လူပိုသိစေနိုင်သော အချက်တစ်ချက်ပင်ဖြစ်လေသည်။

ဒီနေ့ အတန်းအားချိန်တွင် သူတို့ငါးယောက်လုံး ကန်တင်း





တစ်ခုမှာ စုထိုင်ကာ စားကြသောက်ကြသည်။ ထုံးစံအတိုင်း ရောက်တတ်ရာရာတွေ ပြောနေရင်းမှ ခင်မေဦး၏ မွေးနေ့အကြောင်း ရောက်ကာသွား၏။

နွေးနွေးကျော်က . . .

"ခင်မေ . . . နင့်မွေးနေ့တုန်းက လာတဲ့ သူငယ်ချင်းတွေရဲ့ ပုံစံက ဘယ်လိုလဲ"

"နင်တို့ တွေ့တဲ့အတိုင်းပဲလေ"

"ဟုတ်ဘူးလေဟာ . . . ငါပြောတဲ့ သဘောက သူတို့က သဘောကောင်းလား မကောင်းဘူးလားလို့ . . . ပြောတာ"

"သဘောကတော့ ကောင်းတယ်ဟ . . . ဒါပေမဲ့ အစအနောက်သန်တယ် . . . တစ်ခါ တစ်ခါ ရုပ်တည်ကြီးနဲ့ နောက်တတ်တယ်"

"အင်း . . . သူတို့ပုံကြည့်ရတာလည်း နင်ပြောသလို . . . ခပ်ပျော်ပျော်နေတတ်သူတွေပါ . . . အဲ . . . ဒါပေမဲ့ စကားပြောတော့ နည်းနည်းကြီးကျယ်သလိုပဲ"

ထိုစကားကို အလင်္ကာဆိုတဲ့ ကောင်မလေးက ဝင်ပြောခြင်းဖြစ်သည်။ ခင်မေဦးက . . .

"အဲဒါတော့ ဟုတ်တယ် . . . ဒါပေမဲ့ ကြီးကျယ်တယ်လို့တော့ ပြောလို့မရဘူးဟ . . . သူတို့ကို စကားကြီးစကားကျယ်တွေသွားပြောရင် နည်းနည်းလေးတော့ . . . ပြန်ခနဲ့တတ်တယ်"

ဝတီက ရယ်လိုက်သည်။ ပြီးတော့ . . .

"နင်က သူတို့ဘက်က ကာကွယ်ပြောနေတာပေါ့"

"ဟုတ်ပါဘူးဟယ် . . . နင်တို့က တစ်ကျောင်းတည်းဆိုတော့ သူတို့နဲ့ တစ်နေရာမဟုတ် တစ်နေရာ . . . ဆုံတတ်တယ်လေ . . . ငါက ပြဿနာဖြစ်မှာဆိုးလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်လုံး ငြိမ်နေသည့် သံစဉ်ချိုက ဝင်၍ . . .

"ငါတို့နဲ့ သူတို့က ဘာများ ပြဿနာဖြစ်စရာ အကြောင်း ရှိလို့လဲဟဲ့ . . . နင်ပြောသလိုဆို ငါတို့ကပဲ တွေ့တဲ့လူ ပြဿနာ လိုက်ရှာနေတာ ကျနေတာပဲ"

"အေးလေ . . . နင်ကလဲ"

"ကဲပါဟယ် . . . ဟုတ်ပါပြီ . . . ငါ မှားသွားပါတယ် . . . နင်တို့ မှန်တယ် . . . နင်တို့ မှန်တယ် ဆောတီး . . . ဆောတီး"

"မစောတော့ဘူး မိန်းမ . . . မှာထားတာတွေ မြန်မြန်စား . . . နောက်တစ်ချိန် ဆရာသန်းညွန့် အချိန် . . . အခန်းဝင် နောက်ကျလို့ မောင်းထုတ်ခံနေရမယ်"

ထို့နောက် စကားစပြတ်သွားကြကာ မှာထားတဲ့ အစား အစာတွေ မြန်မြန်စား၍ အတန်းရှိရာသို့ ပြန်ခဲ့လိုက်ပါတော့သည်။





## အခန်း (၂)

ဒီနေ့ နေ့လယ်ခင်းသည် စိတ်ပျက်စရာကောင်းလောက် အောင် ပျင်းရိငြီးငွေ့ဖွယ်ကောင်းလှ၏။ ကျောင်းသူ ကျောင်းသား များကလည်း ကိုယ့်အုပ်စုနှင့်ကိုယ် ဟိုနားတစ်စုထိုင်၊ ဒီနားတစ်စု ထိုင်နှင့် ထိုပျင်းရိငြီးငွေ့ဖွယ်ကောင်းသော နေ့လယ်ခင်းကို သူတို့၏ တွေ့ဆုံခြင်းနှင့် တတ်နိုင်သလောက်ဖြေရှင်းကြသည်။

သော်နိုင်မြင့်ကတော့ ရုက္ခဗေဒ အဆောင်တွေဘက်မှ သူတို့ အဆောင်ရှိရာသို့ ရူပဗေဒအဆောင်ဘက်ကို ဖြတ်ပြန်ရန် စဉ်းစား လိုက်သည်။ ထို့ကြောင့် သူ ရှေ့က တွေ့သောလမ်းချိုးတွင် ညာဘက် သို့ ချိုးချလိုက်၏။ ထိုအချိန်မှာ တစ်ဖက်မှ ချိုးဝင်လာသော ကောင် မလေးအုပ်စုတစ်စုနှင့် တိုက်မလိုဖြစ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သော်နိုင်မြင့်က ကိုယ်ရှိန်ကို သပ်လိုက်ကာ ကမန်းကတန်း ရှောင်တိမ်းလိုက်သည်။ သို့သော် သူရှောင်လိုက်ရတာက တစ်ယောက်တည်းမဟုတ်ဘဲ အုပ်စုလိုက်ဖြစ်သောကြောင့် ကျောင်းသူနှစ်ယောက် လောက်နှင့် ကိုယ်လုံးချင်း ပွတ်မိသွားရသည်။

"ရှင့်မျက်လုံးက ဒီလောက်များတဲ့လူ အုပ်စုကိုတောင် . . . မမြင်ဘူးလား"

သော်နိုင်မြင့် ရှင်းမပြအား။ သူနဲ့ တိုက်မိ၍ ကျောင်းသူ တစ်ဦးလက်မှ ပြုတ်ကျသွားသော ထမင်းချိုင့်ကို ကြောင်ကာ ကြည့် နေသည်။ ကောင်မလေးချိုင့်ထဲမှာ လွင့်ထွက်သွားသော ဝက်သား နှစ်တုံးသည် ခပ်လှမ်းလှမ်းက မြက်ပင်တွေကြားမှာ တုံးလုံးကလေး လဲနေသည်။ ထမင်းတစ်ချို့က မြေပြင်ပေါ်ပြန့်ကာသွား၏။

ရုတ်တရက်ဆိုတော့ ကောင်မလေးလည်း သူ့ထမင်းချိုင့် ကို ကြောင်တောင်တောင်ကြည့်နေရင်းမှ . . .

"ကျွတ် စိတ်ညစ်တယ် . . . ဒီနေ့တော့ ဘယ်အရာမှကို အဆင်မပြေဘူး"

သော်နိုင်မြင့်က . . .

"ကျွန်တော်လည်း ရုတ်တရက်ဆိုတော့ မမြင်လို့ပါဗျာ . . . ဆောတီးနော်"

ဟု ပြောကာ ထွက်ကျသွားတဲ့ဝက်သားတုံးတွေကို ကယောင် ခြောက်ခြားနှင့် လိုက်ပြီး ကောက်ထည့်နေသည်။ ပြီးတော့ ကစဉ့် ကလျားဖြစ်နေသော ချိုင့်တွေကို လိုက်ဆင့်ပေးရင်းနှင့် . . .

"ရော့ . . . ရော့ပါဗျာ . . . ဟို . . . ကျသွားတာတွေ ကျွန်တော် အကုန်ပြန်ထည့်ပေးထားပါတယ်"

ကောင်မလေးက ထမင်းချိုင့်ကို ကြောင်တောင်တောင်နှင့် ကြည့်ကာ ဒေါသထွက်သွားသောမျက်နှာနှင့် . . .





"ရှင် မိုက်ရိုင်းလှချည်လား . . . အောက်ကျသွားတဲ့ဟာ တွေကို ကျွန်မက ဘာလုပ်ရမှာလဲ"

"အကောင်းကြီးပါဗျာ . . . အဲ ဟုတ်ပါဘူး . . ဆောတီး ဆောတီး ကျွန်တော် . . . ယောင်သွားလို့"

ပြောပြီး သော်နိုင်မြင့်က ထမင်းချိုင့်ကို ပြန်ဖြုတ်ကာ ဟင်း တွေကို ပြန်သွန်လိုက်၏။ ထို့နောက် ချိုင့်ကို ပြန်ဆင်ပြီး ကောင်မ လေးကို ပြန်ပေးလိုက်သည်။

ကောင်မလေးက သော်နိုင်မြင့်လက်ထဲက ချိုင့်ကို ဆောင့် ကြီးအောင့်ကြီး ဆွဲယူလိုက်ပြီး မျက်စောင်းထိုးကာ ထွက်သွား၏။ သူမနောက်မှ ကျန်တဲ့ ကောင်မလေးတွေကလည်း သော်နိုင်မြင့်ကို မျက်စောင်းခဲကာ ပါးစပ်များက ပွစိပွစိလုပ်ကာ ထွက်သွားတော့ သည်။

သူတို့လွန်သွားမှ သော်နိုင်မြင့် သက်ပြင်းကို ချမိ၏။ သူ့ ကြောင့် ထမင်းတစ်နပ် ပျောက်ဆုံးသွားသော ကောင်မလေးအတွက် ဘာမှမတတ်နိုင်ပေ။ ထိုထမင်းအတွက် ပြန်ဝယ်ပေးမည်ဟု ဆို လျှင်လည်း သူမသိက္ခာကို စော်ကားရာ ကျမည်ဖြစ်သောကြောင့် မပြောရဲ။

ဒီလို မတော်တဆတိုက်မိတာမျိုးကလည်း တက္ကသိုလ်လို နေရာမျိုးမှာ မဆန်းတော့သည်မို့ ထိုအတွေးတွေကို ခေါင်းထဲမှ ထုတ်ကာ သူ့လမ်းသူ ဆက်လျှောက်လာပါတော့သည်။

"ဒီမှာရှင့် . . . ဒီမှာ"

သော်နိုင်မြင့် လှမ်းလက်စ ခြေလှမ်းကို ရပ်ကာသွား၏။ သူ့နာမည်ကို ခေါ်သံထဲမှာ မပါသော်လည်း သူ့ကို ခေါ်တဲ့အသံလို့ စိတ်ထဲမှာ ခံစားရ၍ လှည့်ကြည့်မိသည်။

သူ့ကို လှမ်းခေါ်တဲ့ လူကို ချက်ချင်းမှတ်မိလိုက်၏။ ခင်မေ



www.burmeseclassic.com

www.burmeseclassic.com



ဦးခွေးနေ့မှာ ဆုံတွေ့ခဲ့ရသော ကောင်မလေးတွေထဲက တစ်ယောက်၊ သူမနာမည်ကိုတောင် စိတ်ထဲမှာ ပြန်လည်ရေရွတ်မိလေသည်။ မေဝတီထွန်း . . .

"ဩော် . . . ဘယ်ကလာလဲ"

"ဒီဘက်ကို ကိစ္စရှိလို့ သွားပြီး ပြန်လာတာ . . . ရှင် ဟို အုပ်စုနဲ့ ပြဿနာတက်နေတာ တွေ့လိုက်တယ် . . . ဘာဖြစ်တာလဲ"

သော်နိုင်မြင့်က ရယ်ကျဲကျဲလုပ်ရင်း . . .

"ကျွန်တော်နဲ့ သူတို့ တိုက်မိမလိုဖြစ်ပြီး ရှောင်လိုက်ကာမှ တိုက်မိသွားတာ . . . အဲဒါဗျာ အဲဒီအုပ်စုထဲက တစ်ယောက်ရဲ့ ထမင်းချိုင့်ပြုတ်ကျသွားလို့ စကားများနေတာ"

ဝတီက လှပစွာရယ်ရင်းနှင့် . . .

"ကျွန်မ အကုန်မြင်ပါတယ် . . . ရှင်ကလည်း မရည်ရွယ်ဘဲ တိုက်မိသွားတယ်ဆိုတာ ကျွန်မမြင်တယ် . . . အဲဒါကြောင့် ပြဿနာ ဆက်ဖြစ်ရင် ဝင်ရှင်းပေးမလို့ ကြည့်နေတာ"

"ဝင်ရှင်းပေးမလို့ ဟုတ်လား"

"ဟုတ်တယ်လေ . . . အဲဒါ ကျွန်မတို့ မေဂျာကပဲ . . ကျွန်မ တို့နဲ့ သိပါတယ်"

"ဩော်"

ဝတီက ပြောရင်း သော်နိုင်မြင့်ဘေးက ယှဉ်လျှောက်လာသည်။ လမ်းကလည်း ဒီတစ်လမ်းပဲ သွားရမယ့်သူတွေ ဖြစ်၍ သူတို့ စကားတပြောပြောနှင့် လျှောက်လာကြ၏။

"ရှင်နဲ့ ပြဿနာဖြစ်တဲ့ တစ်ယောက်က တော်တော်လေး စွာတယ် သိလား"

"စွာတယ်ဟုတ်လား . . . အင်း ဟုတ်လိမ့်မယ်ဗျ . . . သူ့ ပုံစံကြည့်ရတာ စွာမယ့်ပုံ . . . ကျွန်တော်ကလည်း . . . လွန်တာပါ





ပါတယ်"

ဝတီက အရယ်တစ်ဝက်နှင့် . . .

"ရှင်က သူကျသွားတဲ့ ဟင်းတွေ . . . ပြန်ထည့်ပေးလိုက်တာကိုး . . . ကျွန်မက ရှင်တော့ ပါးရိုက်ခံရပြီ ထင်တာ"

သော်နိုင်မြင့်က ယောင်ပြီး သူ့ပါးသူ ပွတ်လိုက်ကာ . . .

"သူက အဲဒီလောက်တောင် လက်မြန်လို့လား"

"မြန်တာ မမြန်တာတော့ မသိဘူး . . . သူ့ကိုဆို ကျွန်မ တို့မေဂျာမှာ ဘယ်ယောက်ျားလေးမှ မကပ်ရဲဘူး . . . တခြား မေဂျာ က ဘုမသိ ဘမသိ လာရစ်တဲ့လူတွေဆို . . . ဌာနမှူးဆီ ရောက်လို ရောက် ပါမောက္ခဆီ ရောက်လိုရောက် ဖြစ်ကုန်ကြတာ"

သော်နိုင်မြင့်က ရင်ဘတ်ကို လက်နဲ့ ဖိလိုက်ကာ

"ဒါဆို ကျွန်တော် တော်သေးတာပေါ့နော်"

ဝတီက ခေါင်းညိတ်ပြ၏။ သူတို့နှစ်ယောက် ပြောရင်း လမ်း လျှောက်လာတာကို ကျောင်းသား တချို့ ဝိုင်းကြည့်နေကြသည်။ ကျောင်းသူ တချို့က ကွက်ကြည့် ကွက်ကြည့်လုပ်ရင်း အချင်းချင်း တိုးတိုး တိုးတိုး ပြောနေကြ၏။

သော်နိုင်မြင့်က ထိုအရာများကို သတိထားမိသည်။ ထို့ ကြောင့် ဝတီဘေးနား ယှဉ်လျှောက်နေရခြင်းကို မလုံမလဲဖြစ်သွား ရ၏။ ဒါကလည်း သဘာဝကျသည်ဟု ဆိုရမည်ဖြစ်သည်။ ယောက်ျား လေး တော်တော်များများသည် ရုပ်ရည်ချောမောလှပသော မိန်း ကလေးများနှင့် တွဲလျှောက်ရလျှင် ဝမ်းသာပီတိဖြစ်မိသလို တစ်ဆက် တည်းမှာလည်း နေမထိ ထိုင်မသာနှင့် ရှက်ကိုးရှက်ကန်း ဖြစ်မိ တတ်ကြသည်။ ဒါကို တချို့က အတင်းဟန်ဆောင်လိုက်သောအခါ ဆောင့်ကြွား ဆောင့်ကြွား အမူအရာတွေ ဖြစ်သွားရခြင်းပင်။

ဝတီကတော့ ထိုသို့သော အကြည့်များမှာ သူမအတွက်



www.burmeseclassic.com

www.burmeseclassic.com



မဆန်းတော့ပြီဖြစ်သောကြောင့် အေးအေးဆေးဆေးပင် ခြေလှမ်းမပျက်လျှောက်လှမ်းလာလေသည်။

သူမတို့ အဆောင်ရှေ့ရောက်တော့ သော်နိုင်မြင့်ကို နှုတ်ဆက်ကာ ထွက်ခွာသွားသည်။

လမ်းဆုံ ဘူတာတစ်ခုမှာ မိမိသယ်ဆောင်လာသော ရထားတွဲကို ဖြုတ်ချထားခဲ့ရသော ရထားခေါင်းကြီးပမာ သော်နိုင်မြင့်ခမျာ ဟာတာတာကြီး ဆက်လျှောက်လာရ၏။

သူ ရင်ခုန်နေသည်။

ခုန တိုက်မိလိုက်သော ဆံပင်တိုတိုနှင့် ခပ်စွာစွာကောင်မလေးကိုလည်းကောင်း . . .

အပြစ်ပြောဖွယ် မရှိအောင် လှပနေသော ဝတ်ကို လည်းကောင်း . . .

သူ တွေးရင်း ရင်ခုန်နေ၏။

ထိုသို့ ရင်ခုန်ခြင်းသည် ကိုယ်ကြိုက်သော ရုပ်ရှင်ကားထဲတွင် ပါသော မင်းသမီးလေးများကို ကြည့်၍ မင်းသားနေရာက ဝင်ခံစားပစ်လိုက်သော ရင်ခုန်ခြင်းမျိုးသာ ဖြစ်သည်။

တစ်နည်းဆိုရသော် အစီအစဉ် မရှိဘဲ မိန်းကလေး နှစ်ယောက်နှင့် တိုက်ရိုက်ထိတွေ့လိုက်သောကြောင့် အပူထဲက ပြန်လာပြီး အအေးခန်းထဲ ရုတ်တရက် ရောက်သွားသော လူတစ်ယောက်လို သွေးလည်ပတ်မှု ခပ်ကြောင်ကြောင်ဖြစ်သွားခြင်းသာ ဖြစ်ပါသည်။





"ထွန်းဦး . . . နင် ငါ့ကို ဒီတစ်ခါ အဲဒီစကား ထပ်ပြောကြည့် . . . နင် ငါ့အကြောင်း သိမယ်"

ထွန်းဦးက ရယ်ကျဲကျဲနှင့် ဝိုင်းစန္ဒာကို ကြည့်ကာ . . .

"နင့်ကိုငါ ဘာပြောလို့လဲ . . . ငါ့ဘာသာငါ . . . စိုင်းစိုင်းခမ်းလှိုင်သီချင်းဆိုတဲ့ဟာ"

ဝိုင်းစန္ဒာက တောက်တစ်ချက် ပြင်းထန်စွာ ခေါက်ကာဆက်ထွက်၏။ ထွန်းဦးက ဝိုင်းစန္ဒာနောက်မှ မလှမ်းမကမ်းလိုက်ရင်း

"အိုးလေး လှုပ်ပါဟေ့ . . . စည်းအိုးလေးလှုပ်ပါဟေ့ . . . အိုးလေးလှုပ်ပါဟေ့ . . . စည်းအိုးလေး လှုပ်ပါဟေ့"

ဝိုင်းစန္ဒာ လှမ်းလက်စခြေလှမ်းကို ဆတ်ခနဲ ရပ်ပစ်လိုက်ကာ ထွန်းဦးကို မီးခိုးထွက်မတတ်အကြည့်များနှင့် လှည့်ကြည့်၍

"နင် ဒီတစ်ခေါက် ထပ်ဆိုကြည့် . . . နင်နဲ့ငါ တကယ်အတွေ့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ထွန်းဦးက သူနဲ့ ဘာမှ မဆိုင်သလို ခပ်တည်တည်လုပ်ကာ ဝိုင်းစန္ဒာဘေးမှ ဖြတ်သွားသည်။ ထွန်းဦးပုံစံကလည်း တော်တော်အသည်းယားဖို့ကောင်း၏။ ဝိုင်းစန္ဒာဘေးမှ ဖြတ်သွားစဉ် ထိုသီချင်းအလိုက်အတိုင်းကို လေကလေး ချွန်ပြသွားသည်။

ဝိုင်းစန္ဒာ ဒေါသက အထွဋ်အထိပ်ရောက်သွားသည့် နောက်ဆုံး ထွန်းဦးကျောပြင်ကို သူမ လက် တုတ်တုတ်ခိုင်ခိုင်ကြီးများနှင့် တအား ထုချလိုက်ပါတော့သည်။

"အုန်း"

"အု"

ရိုက်ချက်က လှိုင်သံတောင်ထွက်သွား၏။ ထွန်းဦးခမျာ သူ့နောက်ကျောကို ဂေါ်ဇီလာဝင်ဆောင့်သလို ခံစားလိုက်ရသောကြောင့် 'အု' ခနဲသာ တစ်ချက်အော်နိုင်ပြီး မျက်လုံးနှစ်လုံး ပြူးထွက်သွားကာ လမ်းလယ်မှာ ရပ်သွား၏။

"မှတ်ထား . . . ဒါ ပမာဏပဲ ရှိသေးတယ် . . . နောက်ဆို အရေခွံပါ ဆုတ်ပစ်လိုက်မယ် ဘာမှတ်လဲ"

ဝိုင်းစန္ဒာက ပြောကာ ထွက်သွားသည်။

ဝိုင်းစန္ဒာ ထွက်သွားပြီး မိနစ်အနည်းငယ်ကြာသည်အထိ ထွန်းဦး နေရာတွင်ပင် ရပ်လျက်ရှိနေသေးသည်။ ခဏကြာတော့မှ ဝိုင်းစန္ဒာနောက် အပြေးလိုက်သွားကာ . . .

"နင် ငါ့ကို လုပ်တယ်နော် . . . အေး နင်တွေ့မယ်"

"သေလိုက်ပါလား . . . နင် ငါ့ကို တွေ့ရင် တစ်ခုမဟုတ် တစ်ခု လိုက်မနှောင့်ယှက်ရရင် မကျေနပ်ဘူးလား . . . ပြော"

"နင်က တစ်တန်းတည်းသားချင်းတွေ . . . ဒါလေးစတာ ဘာဖြစ်လို့လဲ . . . ပြီးတော့ ငါက သီချင်းရှိလို့ဆိုတာ"

"မဆိုနဲ့ . . . နင် ငါ့ကို စောင်းဆိုတာ ငါသိတယ်"





"ဘာဆိုင်လို့လဲဟ . . . ငါ့ဟာငါ စိုင်းစိုင်းခမ်းလှိုင်သီချင်းဆိုတာ ဘာဖြစ်လဲ"

"အဲဒါဆို သီချင်းစာသားအတိုင်း ဆိုပါလား . . . ဘာလို့ဖျက်ဆိုလဲ"

"ဟ . . . ငါ့ဟာငါ ရေအိုးပဲလှုပ်လှုပ် . . . စဉ်းအိုးပဲလှုပ်လှုပ် နင့်အပူလား"

"တောက်"

ဝိုင်းစန္ဒာ ဒေါသကြောင့် မျက်နှာရဲတက်လာကာ ထွန်းဦးမျက်နှာကို ဈေးပုံတစ်ပုံလို ရွံရှာစွာကြည့်ရင်း လှည့်ထွက်သွား၏။ ထွန်းဦးဆိုတဲ့ကောင်ကလည်း ဘယ်ဘဝက ရေစက်ပါလာလို့လဲ မသိပေ။ ဝိုင်းစန္ဒာကို တွေ့လျှင် မနေနိုင်အောင် လိုက်စတတ်၏။ သူတို့ကိစ္စက အခုမှ မဟုတ် ပထမနှစ်ကတည်းက ဝိုင်းစန္ဒာနဲ့ ထွန်းဦးက မတည့်ကြပေ။ မတည့်ရတဲ့အကြောင်းအရင်းကလည်း ထိုကဲ့သို့ အကြောင်းများကြောင့်ဖြစ်လေသည်။

ထွန်းဦးက ဝိုင်းစန္ဒာကို ဒီလောက်နဲ့ အလျှော့ပေးလိုက်လျှင် သူ့ကျောပြင် ပြောတင်ခံရတာ အလကား ဖြစ်သွားမည်ဟု တွေးကာ နောက်မှ ကပ်လိုက်သွား၏။ ပြီးတော့ စပရင်မျက်နှာနှင့် . . .

"ဝိုင်းစန္ဒာရယ် . . . နင်မကြိုက်ရင် ငါ ဒီသီချင်းကို မဆိုတော့ဘူးသိလား . . နောက်ဆို . . . သီချင်းပြောင်းဆိုပေးမယ်နော်"

". . . . . . . . . . . . ."

". . . . . . . . . . . . ."

ဝိုင်းစန္ဒာ ဘာမှမပြောဘဲ ရှေ့ကိုသာ စူးစူးစိုက်စိုက်ကြီးကြည့်ကာ ဒုတိယကမ္ဘာစစ်က သွေးဆာနေသော ဂျာမန်တင့်ကားတစ်စင်းလို ကမူးရှူးတိုး ဆက်လျှောက်ကာနေ၏။ ထွန်းဦးက . . .

"အစားလေးတော့ လျှော့ပါ ချစ်ဆုံးလေရာ . . မင်းအတွက်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပူလို့ပါ . . . ကိစ္စတော့ မရှိပါ ကိုယ့်သဲလေးရာ . . . သက်ဆုံးထိ ချစ် . . . ချစ်"

ထွန်းဦး သီချင်းကို ဆိုရင်းတန်းလန်းနှင့် ရပ်ကာသွားသည်။ အဘယ့်ကြောင့် ဆိုသော် ဝိုင်းစန္ဒာက အခန်းတစ်ခန်းထဲမှ ထွက်လာသော ဆရာမတစ်ယောက်ထံ ပြေးသွားလိုက်သောကြောင့် ဖြစ်ပါသည်။ ထိုဆရာမမှာ သူတို့မေဂျာတွင် စည်းကမ်းအရာ၌ အလွန်တင်းကျပ်၍ နာမည်ကြီးသော ဆရာမ ဒေါ်မိမိသော်ပင်ဖြစ်ပါ၏။

ထွန်းဦး မျက်နှာပိုးကို အရှိန်ဖြင့် မောင်းလာသော ကားတစ်စီး ဒက်စတော့ကျွေးလိုက်သလို ဝရုန်းသုန်းကား သပ်လိုက်၏။ ထို့နောက် ဆရာမရှေ့တွင် လက်ကလေးပိုက်၊ ခါးကလေးကိုင်းရင်း ရို့ရို့ကလေး ဖြတ်လျှောက်သွားစဉ် . . .

"ဆရာမ . . . ထွန်းဦးတို့ ဘွဲ့နှင်းသဘင်နောက်မှာ ဖဲဝိုင်းအကြီးအကျယ်ထောင်ပြီး ရိုက်နေတဲ့ကိစ္စ ပြောချင်လို့ပါ ဆရာမ"

ဝိုင်းစန္ဒာအသံကို ထွန်းဦး ကြားလိုက်ရချိန်တွင် အမြောက်နဲ့တော့ပြီး ပစ်ခံလိုက်ရသော နံ့ပြည်စုပ်တစ်ကောင်လို သူ့အသိအာရုံတွေ တစ်စဆီ ဖွာထွက်ကာသွားသည်။

ဆရာမက ထွန်းဦးကို ကြည့်၍ . . .

"ထွန်းဦး"

ထွန်းဦး ဖြူတ်တစ်ကောင်လောက်သာ ရှိတော့သော သူ့မျက်နှာလေးနှင့် လှည့်ကြည့်၍ . . .

"ဗျာ"

"အဲဒီကိစ္စ ရှင်းဖို့ ရုံးခန်းလိုက်ခဲ့"





ဆရာမဒေါ်မိမိသော်အပြင် ဘာသာရပ်ဆိုင်ရာ ပါမောက္ခပါရှိနေသည်။ ထွန်းဦးနှင့် ဝိုင်းစန္ဒာက စားပွဲခုံရှေ့က ထိုင်ခုံနှစ်လုံးမှာ ထိုင်နေသည်။ ထွန်းဦးက သံပန်သလင်းခင်းထားသော ကြမ်းပြင်တစ်ခုကို အခုမှတွေ့ဖူးသလို ခေါင်းကြီးငုံ့ကာ စိုက်ကြည့်နေသည်၊ ဝိုင်းစန္ဒာလည်း အခုမှ ရင်တွေခုန်လာကာ ဘာကို ကြောက်မှန်းမသိ ကြောက်ကာနေ၏။ ပထမတိုင်တုန်းကတော့ ထွန်းဦးကို အမြင်ကတ်သည့်စိတ်နှင့် စိတ်ထဲပေါ်လာတာကို ပြောလိုက်ခြင်းဖြစ်သော်လည်း ပြဿနာက အခုလောက်ထိ ရုံးခန်းထဲ့ခေါ်ကာ စစ်ဆေးရလောက်အောင် ကြီးထွားသွားမည် မထင်ခဲ့။ သူ့စိတ်ထဲမှာ ဒီပြဿနာလောက်သည် အဲဒီလောက် ဖြစ်သွားစရာ အကြောင်းမရှိဟု ထင်ထားခဲ့၏၊ သို့သော် အခုတော့ သူပါ သက်သေလိုက်နေရလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ထွန်းဦး"

ပါမောက္ခ၏ စကားသံသည် တည်ငြိမ်စွာ ထွက်ပေါ်လာ၏။ ထွန်းဦး မျက်နှာငယ်လေးနှင့် မော့ကြည့်လိုက်ကာ . . .

"ခင်ဗျာ ဆရာကြီး"

"ဒီက သမီးပြောတာ ဟုတ်လား"

ထွန်းဦး ဘာပြောရမှန်းမသိဘဲ ပါမောက္ခကြီးကို ကြောင်ကာ ကြည့်နေသည်။ သူသည် အဖွဲ့ကောင်းလျှင် ဟေးလား ဝါးလား အပျော်သဘောလောက် ဝင်ကစားတတ်သူဖြစ်သည်။ ထို့ကြောင့် မဟုတ်ပါဘူးလို့ ငြင်းလျှင်လည်း မရသလို၊ ဟုတ်ပါတယ် ဟု ဆိုပြန်လျှင်လည်း အမြဲတမ်းကစားနေသော ပရော်ဖက်ရှင်နယ် ကစားသမားတစ်ယောက် မဟုတ်ပေ။ ထို့ကြောင့် ဘာဖြေလို့ ဖြေရမှန်း မသိဖြစ်နေခြင်းဖြစ်သည်။

ထိုအချိန်မှာ ဆရာမဒေါ်မိမိသော်၏ စကားသံပေါ်ကာ လာ၏။

"ထွန်းဦး ဆရာ မေးတာ ဖြေလိုက်လေ . . . ဘာကြည့်နေတာလဲ"

ထိုအခါကျမှ ထွန်းဦးလှုပ်လှုပ်ရှားရှားဖြစ်သွားကာ . . .

"ဟုတ် . . . ဟုတ်ကဲ့ပါ ဆရာကြီး . . . ဟိုဟာ ကျွန်တော် တစ်ခါတရံ အပျော်သဘောလောက်တော့ ဆော့မိပါတယ်ခင်ဗျ . . ဟို အမြဲတမ်းမလုပ်ပါဘူး ခင်ဗျ . . . အဲဒီအတွက်တော့ ကျွန်တော့်မှာ အပြစ်ရှိပါတယ်"

ပြောပြီး ထွန်းဦး ခေါင်းငုံ့ကာ သွား၏။ ဒီကိစ္စ ဒီမှာတင် မပြီးဘဲ ပါမောက္ခချုပ်အထိပါရောက်သွားလျှင် မလွယ်ပေ။ ကျောင်းထုတ်ခံရသည်အထိ အပြစ်ကကြီးထွားနိုင်သည်။ ထို့ကြောင့် ပါမောက္ခဆီက လာမည့်စကားသံကိုသာ ထွန်းဦး ကြောက်လန့်တကြား စောင့်





ဆိုင်းနေရ၏။

ပါမောက္ခက ဝိုင်းစန္ဒာဘက်လှည့်ကြည့်လိုက်ကာ . . .

"သမီးက မောင်ထွန်းဦးတို့ ဒီကိစ္စလုပ်နေတာကို ဘယ်က သိတာလဲ"

ဝိုင်းစန္ဒာတစ်ကိုယ်လုံး တုန်ကာနေ၏။ ထို့ကြောင့် ပါမောက္ခ မျက်နှာကို မရဲတရဲမော့ကြည့်ကာ . . .

"ဒီ . . . ဒီ လိုပဲ . . . ကြား . . . ကြားတာပါဆရာကြီး"

ဝိုင်းစန္ဒာစကားဆုံးတော့ ဆရာမ ဒေါ်မိမိသော်က . . .

"အဲဒီလို မတင်မကျ စကားကို မပြောနဲ့လေ သမီး . . . ဒီကိစ္စမှာ သမီးက ပြောလို့ ဆရာမတို့ သိရတာ . . . အဲဒီတော့ သမီးဘက်က သေသေချာချာပြည့်ပြည့်စုံစုံ ပြောဖို့လိုတယ်"

ဝိုင်းစန္ဒာမျက်နှာငယ်လေးနှင့် ငြိမ်ကျသွားသည်။ ပြီးတော့မှ ထစ်ထစ်ငေါ့ငေါ့နှင့် . . .

"သော် . . . သော်နိုင်မြင့် ပြောတာပါ ဆရာမ"

ထွန်းဦးက ဖြတ်ခနဲ ဝိုင်းစန္ဒာကို လှည့်ကြည့်သည်။ ပြီးနောက် မျက်မှောင်တစ်ချက် ကြုတ်ကာ စဉ်းစားလိုက်၏။ သော်နိုင်မြင့်က ဘာကြောင့် ဒီကိစ္စတွေကို ဝိုင်းစန္ဒာအား သွားပြောရသနည်း။ တစ်ခုခုတော့ အကြောင်းရှိရမည်ဟု သူ တွေးနေ၍ ဖြစ်သည်။

ဆရာမက . . .

"သော်နိုင်မြင့်က သမီးကို ဘာပြောတာလဲ"

ဝိုင်းစန္ဒာ ဖြေရကြပ်သွားသည်။ သော်နိုင်မြင့် သူ့ကို ပြောတဲ့အကြောင်းတွေသာ ဆရာမကို ပြောရလျှင် ဇာနည့်အကြောင်းက အဓိကပါနေသောကြောင့် ဖြစ်၏။ ဒါဆို ဇာနည်ပါ ထိုပြစ်မှုထဲတွင် ပါဝင်နေသူဖြစ်၍ ထွန်းဦးကဲ့သို့ အပြစ်ပေးခံရလိမ့်မည်။ ထိုသို့ဖြစ်သွားလျှင် ဇာနည်သည် သူ့ကို ဖော်ကောင်တစ်ယောက်လို ထဲသော



www.burmeseclassic.com

www.burmeseclassic.com



ထားကာ လုံးလုံးယားယား မုန်းသွားနိုင်၏။ ထို့ကြောင့် ဝိုင်းစန္ဒာ ကြောက်လန့်တကြား ခေါင်းခါလိုက်ကာ . . .

“သမီး . . . သမီး . . . မသိ . . . မသိ . . . အီး . . . ဟီး . . . ဟီး”

ဟု ဆိုကာ ကောက်ကာငင်ကာကြီး ငိုချလိုက်ပါတော့၏။

ဝိုင်းစန္ဒာကို ကြည့်၍ အားလုံးကြောင်သွားကြသည်။ ထို့နောက် ပါမောက္ခက ဆရာမဒေါ်မိမိသော်အား လှည့်ကြည့်လိုက်သည်။ ဆရာမက နားလည်သဘောပေါက်စွာ ပါမောက္ခအား ခေါင်းညိတ်ပြလိုက်ပြီး . . .

“သမီး . . . စိတ်ကို အေးအေးထားပါ . . . ဒီကိစ္စနဲ့ ပတ်သက်ပြီး သမီးမှာ အပြစ်မရှိဘူးလို့ ဆရာမတို့ ယုံတယ် . . . အဲဒီတော့ သမီးသိသမျှ အားလုံးကို ဆရာမတို့ကို အမှန်အတိုင်း ဖွင့်ပြောမှရမယ် . . . တကယ်လို့ သမီးဘက်က မပြောဘူးဆိုရင် ဆရာမတို့ကလည်း ဝတ္တရားအတိုင်း ပါမောက္ခချုပ်ဆီကို တင်ပြရလိမ့်မယ် သမီး . . . အဲ့ဒီအခါကျရင်တော့ ဆရာမတို့လည်း သမီးတို့အပေါ် ကျရောက်မယ့် အပြစ်တွေအတွက် ဘာမှလုပ်ပေးနိုင်မှာ မဟုတ်ဘူး . . . အခုနေအခါမှာ ဆရာမတို့က ကြီးတဲ့အမှု ငယ်အောင် ငယ်တဲ့အမှု ပပျောက်အောင် ဆောင်ရွက်ပေးဖို့ မေးနေတာပါ”

ဝိုင်းစန္ဒာ ဆက်လက်ငိုနေဆဲပင် . . .။ ဆရာမပြောသလို ပါမောက္ခချုပ်အထိပါ ထိုကိစ္စရောက်သွားလျှင် မလွယ်ဘူးဆိုတာ သူမ တွေးမိ၏။

ထွန်းဦးဆိုတာတော့ ပြောဖွယ်ရာ မရှိတော့ပေ။ ဆံပင်မွေးတွေတောင် တစ်ချောင်း မကျန်ထောင်ကုန်သည်ဟုတောင် သူ့ကိုယ်သူထင်နေမိတော့၏။





ခဏကြာတော့ ဝိုင်းစန္ဒာ အငိုတိတ်ကာသွား၏။ ဒီကိစ္စက မပြောလို့လည်း မရတော့သည့် အနေအထားသို့ ရောက်ရှိသွား၍ သူမ သိသမျှကို ဖွင့်ပြောလိုက်ရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဇာနည်သည် ညက အိပ်မက်တွေ သိပ်မကောင်းပေ။ ကျောင်းကို လာတုန်းကလည်း လမ်းမှာ ခလုတ် နှစ်ခါလောက် တိုက်၏။ အခုလည်း ကဲန်တင်းမှာ ထိုင်နေတုန်း သူတို့အတန်းမှ ကျောင်းသားတစ်ယောက်က ပါမောက္ခရုံးခန်းက ခေါ်ခိုင်းလိုက်သည်ဆို၍ အူကြောင်ကြောင်နှင့် ပါလာရ၏။

ပါမောက္ခ ရုံးခန်းကို သွားရာလမ်းတစ်လျှောက် သူ အမျိုးမျိုး တွေးတောလာ၏။ ပါမောက္ခက သူ့ကို ဘာကြောင့်ခေါ်ရသနည်း။ သူ ဘယ်လိုမှ တွေးမရ။ ဒီလို အရေးတကြီးခေါ်ရလောက်အောင် သူနှင့် ပါမောက္ခကြားတွင် ဘာအကြောင်းကိစ္စမှမရှိပေ။

နောက်ဆုံး တွေးရင်းနှင့် ရုံးခန်းသို့ သူရောက်ရှိလာပါတော့သည်။





ရုံးခန်းထဲ ဝင်လိုက်တော့ ဝိုင်းစန္ဒာနှင့် ထွန်းဦးကို ပါမောက္ခ စားပွဲရှေ့က ထိုင်ခုံမှာ တွေ့လိုက်ရတော့ သူ အံ့သြကာသွားသည်။ ဆရာမဒေါ်မိမိသော်က လွတ်နေသည့် ထိုင်ခုံနှစ်လုံးအနက် တစ်လုံးမှာ သူ့ကို ဝင်ထိုင်ရန် မျက်စပစ်ပြသည်။ သူ ဝင်ထိုင်လိုက်၏။ သူ ဝင်ထိုင်ပြီးတော့ ထိုင်ခုံတစ်လုံးလွတ်နေသေး၍ သူ့လိုပဲ နောက်ထပ် တစ်ယောက်ရှိလိမ့်ဦးမည်ဟု သူ တွေးလိုက်မိသည်။

ထိုအချိန်မှာ သော်နိုင်မြင့်က စိုးဝေယံ ပြောပြနေသော ကမ္ဘာပျက်မည့်အကြောင်း ရိုက်ထားသည့် ၂၀၁၂ ရုပ်ရှင်ဇာတ်ကား အကြောင်းကို နားထောင်နေသည်။ ထိုအချိန်မှာ ကျောင်းသား တစ်ယောက် သူ့ဆီရောက်လာသည်။

"သော်နိုင်မြင့် . . . မင်းကို ပါမောက္ခရုံးခန်းက ခေါ်ခိုင်းလိုက်တယ်"

သော်နိုင်မြင့်က ထိုကျောင်းသားအား ဒါမျိုးတွေရှိနေပြီဆိုတဲ့အကြည့်နဲ့ ကြည့်ကာ . . .

"ဒါတွေ ငါ့နောက်မှဖြစ်လာတာပါကွာ . . . အေး . . . အေး . . . နေစမ်းပါ . . . ဒီမှာ အရူးပြောပြတဲ့ ဇာတ်ကားအကြောင်း နားထောင်နေတာ . . . မင်းမှာ အလုပ်မရှိရင် လာနားထောင်လေ"

လာခေါ်တဲ့ ကျောင်းသားက . . .

"မင်း မယုံလည်း နေလေ . . . ဆရာမ ဒေါ်မိမိသော် ကိုယ်တိုင် ငါ့ကို ခေါ်ခိုင်းလိုက်တာ"

သော်နိုင်မြင့် နည်းနည်းတော့ ကြောင်သွား၏။ ဆရာမ ဒေါ်မိမိသော် နာမည်ကြားရ၍ နောက်နေတာတော့ မဖြစ်တန်ရာ။ ပြီးတော့ လာခေါ်တဲ့ ကျောင်းသား ပုံစံ ကြည့်ရတာလည်း တည်တည် တန့်တန့်နှင့် တကယ်ပြောနေသည့်ပုံပေါက်နေ၍ တစ်ချက် ငိုင်ရှိန် သွားကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"မင်း တကယ်ပြောနေတာလား"

"မင်းကို ငါက နောက်စရာမှ မဟုတ်တာ . . . နောက်ချင်နောက် . . . တခြားကိစ္စ နောက်မှပေါ့ . . . ပါမောက္ခနဲ့ ပတ်သက်ပြီးဘော့ နောက်ရအောင်လည်း . . ငါ အဲဒီလောက် သတ္တိမကောင်းဘူး"

သော်နိုင်မြင့်က စိုးငယ်တို့ကို တစ်ချက်လှည့်ကြည့်လိုက်သည်။ စိုးငယ်တို့က သူတို့ ဘာမှမသိကြောင်း ပခုံးတွန့်ကာပြ၏။ သော်နိုင်မြင့်က သူ့ကိုလာခေါ်တဲ့ ကျောင်းသားကို ပခုံးတစ်ဖက်ပုတ်လိုက်ကာ လေသံတိုးတိုးလေးနှင့် . . .

"ဘာပြဿနာ တက်လို့လဲ . . . မင်း သိလား"

ထိုကျောင်းသားက ခေါင်းခါပြလိုက်ကာ . . .

"ငါလည်း မသိဘူး . . . ရုံးခန်းရှေ့က ဖြတ်လျှောက်တော့ ဆရာမက မင်းကို ခေါ်ခိုင်းလိုက်တာ"

သော်နိုင်မြင့် ထိုစကား ကြားပြီးနောက် လာခေါ်သည့်ကျောင်းသားကို ကျေးဇူးတင်စကားပြောကာ ရုံးခန်းဘက်သို့ ခပ်သွက်သွက်လှမ်းသွားလိုက်ပါတော့သည်။

ရုံးခန်းရှေ့ရောက်တော့ အထဲသို့ လှမ်းဝင်လိုက်စဉ် . . .

"သော်နိုင်မြင့် . . . လာ . . . ဒီမှာထိုင်"

ဆရာမ ဒေါ်မိမိသော်အသံနဲ့အတူ သူ့ရှေ့က အရင်ရုံးခန်းထဲသို့ ရောက်ရှိနေသော လူတွေကို ကြည့်၍ သူ အံ့ဩသွား၏။ ထို့နောက် ဆရာမညွှန်ပြသည့်ထိုင်ခုံမှာ ဝင်ထိုင်လိုက်ပါသည်။

ရောက်ရှိနေသော လူတွေကို တွေ့လိုက်ရခြင်းအားဖြင့် သူ တစ်ခုခုကို ဖြတ်ခနဲ သတိရမိသလိုဖြစ်သွားတော့သည်။ ခင်မေဦး မွေးနေ့က သူလုပ်ကြံဖာတ်လမ်း ခင်းခဲ့သည့်ကိစ္စကို သွားသတိရမိ၍ ဖြစ်၏။





သော်နိုင်မြင့် ရင်တွေခုန်သွားကာ . . . .

"ဘုရား . . . ဘုရား . . . ထင်သလိုဖြစ်မလာပါစေနဲ့" ဟုသာ ကြိတ်၍ ဆုတောင်းမိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခန်းလုံး အပ်ကျသံတောင် ကြားရလောက်သည်အထိ တိတ်ဆိတ် ငြိမ်သက်ကာနေ၏။ သော်နိုင်မြင့်ရော ဇာနည်ပါ သူတို့ကို ဘာအကြောင်းနှင့် ခေါ်သည်ကို မသိရသေးသောကြောင့် ယောင်တောင်တောင်ဖြစ်နေသည်။ သော်နိုင်မြင့်က အကြောင်းရင်းကိစ္စ မသိရသေးသော်လည်း သူက ရောက်ရှိနေသော လူတွေနှင့် ပတ်သက်၍ လွန်ခဲ့သည့်ရက်ပိုင်းက ဖြစ်မှုတစ်ခု ကျူးလွန်ထားသောကြောင့် ထိုကိစ္စမဟုတ်ပါစေနဲ့ဟု ကြိတ်ပြီးဆုတောင်းနေသည်။

ဇာနည်ကတော့ ထိုကဲ့သို့မဟုတ်ပေ။ သူက ဘာဆိုဘာမှ သိသူမဟုတ်။ ထို့ကြောင့် ယောင်ကြောင်ကြောင်ကြီးနှင့် ထိုင်နေရသည်။

ဆရာမ ဒေါ်မိမိသော်က အားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်ကာ တိတ်ဆိတ်ခြင်းကို ဖြိုခွဲပစ်လိုက်သည်။

"ဇာနည် . . . မင်း ထွန်းဦးတို့နဲ့ ဘွဲ့နှင်းသဘင်နောက်က





ခြံတောထဲမှာ ဖဲသွားရိုက်တယ်ဆို ဟုတ်လား"

ဆရာမဆီက ရုတ်တရက် ထွက်ပေါ်လာသော စကားကြောင့် ဇာနည် ပြူးတိပြူးကြောင်နှင့် ဆရာမကို ငေးကြည့်ကာသွား၏။ အချိန်အတော်ကြာသည်အထိ ဇာနည့်ထံမှ ဘာတုန့်ပြန်သံမှ ထွက်မလာသောကြောင့် ဆရာမက စိတ်မရှည်စွာနှင့်။

"ဇာနည် . . . ဖြေလေ"

ဇာနည် ပြူးကြောင်ကြောင်ကြီး ကြည့်နေရင်းမှ . . .

"ဆ . . . ဆရာမ ဘာ . . . ဘာပြောလိုက်တာလဲဟင်"

"ဖဲ . . . ဖဲ ဟဲ့ . . . ဖဲ နင်တို့ ဘွဲ့နှင်းသဘင်နောက်မှာ ဖဲရိုက်ကြတယ်ဆို"

ဇာနည်သည် ဖဲနဲ့ ပတ်သက်၍ နကန်းတစ်လုံးမှ နားလည်သူ မဟုတ်ပေ။ ဖဲထုပ်တစ်ထုပ်မှာ ဖဲချပ် ဘယ်နှချပ်ပါလဲ ဆိုတာတောင် အတိအကျသိသူမဟုတ်။ နောက်ပြီး လောင်းကစားလုပ်တာကိုလည်း သူ ဝါသနာမပါပေ။ အဲဒါကတော့ ရှင်းပါသည်။ သူ့ဆီက ပိုက်ဆံကို ရှုံးလျှင် မပေးချင်သောကြောင့် ဖြစ်၏။

ဆရာမက ကြောင်တောင်တောင်ဖြစ်နေသော ဇာနည့်ကို ကြည့်ကာ . . .

"မင်း အမှန်အတိုင်း ဖြေမယ်လို့ . . . ဆရာမ မျှော်လင့်တယ် . . . မင်းဟာ အတန်းထဲမှာ စာကြိုးစားတဲ့ကျောင်းသားတစ်ယောက် ဖြစ်သလို . . . လိမ်လည်ပြောတတ်တဲ့ ကျောင်းသားတစ်ယောက် မဟုတ်ဘူးဆိုတာလည်း ဆရာမသိတယ် . . အဲဒီတော့ ဒီကိစ္စကို မင်းအမှန်အတိုင်းပြောပါ"

ဆရာမ စကားဆုံးသည်နှင့် ဇာနည်က . . .

"ကျွန်တော် ဖဲမကစားတတ်ပါဘူး ဆရာမ . . . ပြီးတော့ ဆရာမ ဒီကိစ္စနဲ့ ပတ်သက်ပြီး . . . ကျွန်တော့်ကို ဘာလို့ ခေါ်ပြော



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာလည်း ကျွန်တော် နားမလည်ပါဘူး"

ဆရာမက ဝိုင်းစန္ဒာဘက်လှည့်ကြည့်ကာ . . .

"ဒီက ကျောင်းသူကို သော်နိုင်မြင့်က ပိုက်ဆံငါးထောင် ချေးတယ်လို့ သိရတယ် . . . အဲဒီလို ချေးရတဲ့ အကြောင်းအရင်းက လည်း . . . မင်းက ထွန်းဦးကို ဖဲရှုံးသွားလို့ ဖဲကြွေးမပေးနိုင်လို့ သော်နိုင်မြင့်ဆီက ချေးတာတဲ့ . . . အဲဒါကို သော်နိုင်မြင့်က သူ့မှာ မင်းကို ချေးစရာ ပိုက်ဆံမရှိလို့ . . . ဒီကျောင်းသူဆီက သွားချေး တာ . . . အဲဒါ ဟုတ်လား"

"ဗျာ"

ဇာနည် ထိုကဲ့သို့ တစ်ခွန်းထဲသာ အော်နိုင်ပြီး အံ့ဩသွား သော မျက်နှာနှင့် အားလုံးကို ဝေ့ကြည့်လိုက်သည်။ သော်နိုင်မြင့် ကတော့ ဆရာမဆီက ထိုစကားကြားပြီးနောက် အသက်ရှူဖို့ပင် မေ့သွားကာ ကျောက်ရုပ်ကြီးတစ်ရုပ်လို တောင့်တောင့်ကြီး ဖြစ်ကာ သွား၏။

ထိုအချိန် ဇာနည့်ထံမှ အသံထွက်လာ၏။

"ကျွန်တော် အဲဒီ့ကိစ္စတွေကို . . . ဆရာမပြောမှ ကြားဖူး တာပါ . . . ကျွန်တော် ဘယ်သူနဲ့မှလည်း ဖဲမရိုက်သလို ဘယ်သူ့ဆီ ကမှလည်း ပိုက်ဆံမချေးဘူးပါဘူး ခင်ဗျာ . . . နောက်ပြီး ထွန်းဦးနဲ့ ကျွန်တော်ကလည်း . . . တစ်ခန်းတည်း သူငယ်ချင်းတွေ ဆိုပေမယ့် အဲဒီလို ကိစ္စမျိုးတွေ တစ်ခါမှ မပတ်သက်ဖူးပါဘူး"

ထိုအချိန်မှာ ထွန်းဦးက ဝင်၍ . . .

"ဟုတ်ပါတယ် ဆရာမ . . . ကျွန်တော်နဲ့ ဇာနည်က . . . တစ်ခန်းတည်း သူငယ်ချင်းတွေပေမယ့် . . . အဲသည်လောက်ထိ မရင်းနှီးပါဘူး . . . ပြီးတော့ ဇာနည် အဲဒါမျိုး လုပ်တာလည်း ကျွန်တော် တစ်ခါမှ မကြားဖူးပါဘူး"





ဆရာမက မျက်မှောင်ကြုတ်သွားကာ သော်နိုင်မြင့်ကို လှည့် ကြည့်သည်။

သူ့ဘက်လှည့်လာ၍ သော်နိုင်မြင့် နေစရာမရှိတော့။ အမှု အယာပျက်သွားသော သော်နိုင်မြင့်ကို ကြည့်၍ ဆရာမက . . .

"ကဲ သော်နိုင်မြင့် . . . မင်းဘက်က ဘာပြောမလဲ"

သော်နိုင်မြင့်က ဆရာမကို တစ်လှည့်၊ ပါမောက္ခကို တစ် လှည့် ကြည့်ကာ . . .

"ကျွန်တော် . . . ကျွန်တော် မှားသွားပါတယ် ဆရာမ . . . အဲဒီကိစ္စတွေ ဖြစ်လာတာ ကျွန်တော့်အပြစ်ပါ"

အားလုံး သော်နိုင်မြင့်စကားကို အာရုံစိုက်ပြီး နားထောင် နေကြသည်။ သော်နိုင်မြင့်က စကားဆက်ရန် အားကို မွေးသည်။ ဒီအချိန်မှာ သူ မပြတ်သား၍ မဖြစ်တော့မှန်း သူ သိသည်။ သူ့ဘက် က အဲ့ဒီလောက်ထိ ဖြစ်လာစရာအကြောင်းမရှိဘူးဟု ထင်၍သာ လုပ်လိုက်သော ကိစ္စတစ်ခုက အခုလို ပါမောက္ခရုံးခန်းအထိ ရောက် ရှိလာပြီ ဖြစ်သောကြောင့် သူ့ဘက်က အမှန်တရားကို ရင်ဆိုင်ရ တော့မည်ဖြစ်သည်။ သူ မပြတ်သားလျှင် အားလုံးဒုက္ခရောက်သွား နိုင်သည်။ ထို့ကြောင့် . . .

"ဒီလိုပါ ဆရာမ . . . ဒီအဖြစ်အပျက်တွေက ကျွန်တော့်မှာ ပိုက်ဆံလိုလို့ သူတို့ဆီက လိမ်လည်ပြီး . . . ချေးခဲ့ရာကနေ ဖြစ်သွား တာပါ . . . ကျွန်တော်ကလည်း ဒီအတိုင်းသွားချေးရင် မပေးမှာ စိုးလို့ ကြံရာမရ လျှောက်ပြောရာကနေ ဖြစ်သွားတာပါ"

ထို့နောက် သော်နိုင်မြင့်က သူလုပ်ခဲ့သည့်ကိစ္စကို ဆက် ရှင်းပြသည်။ သော်နိုင်မြင့် စကားဆုံးတော့ ထွန်းဦးနှင့် ဇာနည်သည် သော်နိုင်မြင့်ကို မကျေနပ်တဲ့မျက်လုံးတွေနှင့် ကြည့်၏။ ဝိုင်းစန္ဒာ ရှက်လို့ ထိုင်ငိုနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပါမောက္ခချုပ်က အားလုံးကို ကြည့်ကာ . . .

"ကဲ . . . အခုလို ကိစ္စတွေဖြစ်ရတာက တစ်ယောက်နဲ့ တစ်ယောက် ရှေ့ဖြစ်လာမယ့်ကိစ္စတွေကို မတွေးဘဲနဲ့ . . . လူငယ် အတွေးနဲ့ လျှောက်လုပ်လို့ ဖြစ်ရတာပဲ . . . မင်းတို့တွေက တက္ကသိုလ် ကျောင်းသားတွေ ဖြစ်နေပြီ . . . တက္ကသိုလ်ကျောင်းသားဆိုတာ ကလေး မဟုတ်တော့ဘူး . . . အဲ လူကြီးလည်း မဖြစ်သေးတဲ့ အရွယ် ပဲ . . . ရှင်းရှင်းပြောရရင် လူ့ဘဝဆိုတာကို ကိုယ့်ခြေထောက်ပေါ် ကိုယ် ရပ်တည်နိုင်ဖို့အတွက် အစပျိုးနေတဲ့ အရွယ်ဆို မမှားဘူး . . . ဒါကြောင့် ဒီလိုလက်လွတ်စပယ် ပြောဆိုနေထိုင်ဖို့ မသင့်တော့ ဘူး . . . အခုကိစ္စမှာ မောင်သော်နိုင်မြင့်က ကိုယ်ဖြစ်ချင်တာ တစ်ခု တည်းကိုပဲ ရှေ့တန်းတင်ပြီး လုပ်ခဲ့တဲ့အတွက် . . . ဖြစ်ခဲ့တာပဲ . . ဟုတ်ပြီလား"

သော်နိုင်မြင့်က ခေါင်းကို ညိတ်ပြသည်။ ထို့နောက် ပါမောက္ခက စကားကို ဆက်၏။

"ဒီလို ဝန်ခံတယ်ဆိုတော့ . . . မင်း နောက်နောင် ဒါမျိုး အမှားထပ်မလုပ်နိုင်အောင် ဝန်ခံကတိလက်မှတ်ထိုးရမယ် . . . ဆရာမ သူ့ကို ကျောင်းသားကိုယ်ရေးရာဇဝင်မှာ . . . လက်မှတ် ထိုးခိုင်းလိုက်ပါ . . . နောက်တစ်ခါ ဒါမျိုးထပ်ဖြစ်ရင် ပါမောက္ခချုပ် ဆီ တက်ရမယ်"

ဆရာက စကားကို ခဏရပ်ကာ ထွန်းဦးဘက် လှည့်လိုက် ပြီး . . .

"မောင်ထွန်းဦး"

"ခင်ဗျာ ဆရာကြီး"

"ကျောင်းသူတစ်ယောက်ကို ကျောင်းသားတစ်ယောက်က အပျော်သဘော ခင်လို့ မင်လို့ . . . စတာ နောက်တာကို ဆရာ





မပြောလိုပါဘူး . . . ဆရာတို့လည်း မင်းတို့လို . . . တက္ကသိုလ် ကျောင်းသားဘဝကို ဖြတ်သန်းပြီး ဒီအရွယ်ရောက်လာတာပါ . . . ဒါတွေကို ဆရာနားလည်တယ် . . . အဲ ဒါပေမဲ့ တစ်ဖက်သား မကြိုက်တဲ့ ကိစ္စမျိုးတွေကို မခံမရပ်နိုင် ဖြစ်လောက်အောင် လိုက် နောက်တာမျိုးတော့ ဆရာ လက်မခံဘူး . . . ဒါဟာ အပျော်သဘော လိုက်ပြီး စနောက်တာ မဟုတ်တော့ဘူးကွ . . . နှောင့်ယှက်တာလို့ ဆရာတို့ ယူဆလို့ရတယ် . . . မင်း သဘောပေါက်လား"

ထွန်းဦးက ခေါင်းညိတ်ပြရင်း . . .

"သဘောပေါက်ပါတယ် ဆရာကြီး"

"အဲဒီတော့ . . . မင်းလည်း လက်မှတ်ထိုး"

"ဟုတ်ကဲ့ပါ"

ထို့နောက် ဆရာမက ဝင်၍ . . .

"ထွန်းဦး . . . နောက်တစ်ခု ဆရာမ ပြောချင်တယ်"

"ဟုတ်ကဲ့ ပြောပါ ဆရာမ"

"မင်းဘာသာမင်း အပျော်ပဲဆော့ဆော့ . . . ဘယ်လိုပဲ ဆော့ဆော့ ဖဲမရိုက်ဖို့ ဆရာမ ပြောချင်တယ် . . . မင်း ခုနပြောတဲ့ ပုံစံအရ မင်းဘက်က ဖဲရိုက်ဖူးတယ်ဆိုတာ လိမ်လို့မရဘူး"

ထွန်းဦးက . . .

"ဟုတ်ပါတယ် ဆရာမ . . . အဲဒီကိစ္စတွေက အရင်က ကျွန်တော် လုပ်ဖူးတာပါ . . . အခုနောက်ပိုင်းလည်း ဆရာမတို့ ကြပ်ကြပ်မတ်မတ်လုပ်ထားလို့ ဖဲဝိုင်းလည်း မရှိတော့ပါဘူး ခင်ဗျ"

ဆရာမက ပြုံးကာ ဝိုင်းစန္ဒာကို ကြည့်၍ . . .

"သမီး . . . မငိုနဲ့တော့လေ . . . ဒီမှာ ကိစ္စတွေ ပြီးသွား ပြီပဲ . . . နောက်လည်း ထွန်းဦးက သမီးကို လိုက်မနှောင့်ယှက်တော့ ပါဘူးလို့ ဝန်ခံကတိပေးပြီးပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းစန္ဒာက မျက်ရည်များကြားမှ ခေါင်းညိတ်ပြလိုက်ပါတော့သည်။

ထို့နောက် သူတို့ ဝန်ခံကတိထိုး၍ ပါမောက္ခရုံးခန်းမှ ထွက်ခဲ့လိုက်ပါတော့သည်။

ရုံးခန်းအပြင်ရောက်တော့ ဖြစ်ပျက်မှုတွေကို သိချင်နေကြသော မျက်နှာလေးများနှင့် စောင့်နေကြသော သူငယ်ချင်းတွေကို တွေ့လိုက်ရပါတော့၏။





သော်နိုင်မြင့် ရုံးခန်းအပြင်ရောက်တော့ စိုးငယ်တို့ အနားကပ်လာကာ အကျိုးအကြောင်းမေးသည်။ သော်နိုင်မြင့်က စိုးငယ်တို့ မေးသမျှကို မဖြေနိုင်သေးဘဲ ဇာနည်နဲ့ ထွန်းဦးဆီ လှမ်းသွားလိုက်ကာ . . .

"ဒီကိစ္စတွေအတွက် ငါ တောင်းပန်ပါတယ်ကွာ"

ဟု ပြောလိုက်သည်။

ဇာနည်နဲ့ ထွန်းဦးက သော်နိုင်မြင့်ကို ပြုံးတုံ့ကြည့်လိုက်သည်။ ပြီးနောက် နှစ်ယောက်စလုံး ပြုံးတုံ့ တောက်ခေါက်ကာ လှည့်ထွက်သွားတော့သည်။ သော်နိုင်မြင့် သက်ပြင်းချရင်း ကျန်ခဲ့၏။

မြင့်ဇော်က သော်နိုင်မြင့်အနား ကပ်လာကာ . . .

"ဘာတွေ ဖြစ်ကြတာလဲကွာ . . . မင်းတို့တွေ"

သော်နိုင်မြင့်က . . .

"ကန်တင်းသွားရင်း ရှင်းပြမယ်ကွာ . . . လာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုကာ သူငယ်ချင်းတွေအားလုံးကို ခေါ်၍ ထွက်သွား၏။

ဝိုင်းစန္ဒာကတော့ ဇာနည့်နောက်သို့ ပြေးလိုက်သွားပါတော့သည်။ ဇာနည့်ကို မီသွားတော့ . . .

"ဇာနည် . . . ဒီကိစ္စတွေက ငါ့ကြောင့် ဖြစ်ရတာပါဟာ . . . ငါ ငါ တောင်းပန်ပါတယ် ဇာနည်ရယ်နော် . . နင် . . နင် ငါ့ကို မကျေနပ်ရင် ကြိုက်သလိုလုပ်ပါ"

ဝိုင်းစန္ဒာ မျက်ရည်လေး စို့စို့နှင့် ဆို၏။ ဇာနည်က ဝိုင်းစန္ဒာကို လှည့်ကြည့်ကာ . . .

"နင်က ဘာလို့ ဒီကောင်ပြောတာကို ယုံပြီး ပေးရတာလဲ"

"သူက . . . နင် ဒုက္ခရောက်နေတယ်လို့ ပြောတော့ . . . ငါလည်း စိုးရိမ်သွားလို့ပေါ့ဟာ"

"ကျွတ် . . . တော်ပြီဟာ . . . ငါ့ဘဝမှာ ဒီလိုမျိုး တစ်ခါမှ မဖြစ်ဖူးဘူး . . . အခု ဒီကောင် မိန်းမပါးစပ်နဲ့ လျှောက်လုပ်လို့ ခံရတာ . . . ငါ ဒီကောင့်ကို လုံးဝမကျေဘူး"

ထွန်းဦးက ဇာနည့်ပခုံးကို ပုတ်၍ . . .

"စိတ်လျှော့လိုက်ပါ ဇာနည်ရာ . . . သူလည်း တောင်းပန်ပြီးပြီပဲ"

"သူ တောင်းပန်တိုင်း ငါက ကျေနပ်ရမှာလားကွ . . . အဲဒီနေ့ကလည်း ဒီကောင် ငါ့ဆီက ပိုက်ဆံနှစ်ထောင်ကို ပေါက်ကရလေးဆယ်ပြောပြီး . . . လာယူသွားသေးတယ် . . . တောက် . . . ငါ တွေးရင်း ဒေါသဖြစ်လိုက်တာ . . . တွေ့မယ်"

ဇာနည်က လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ကာ သော်နိုင်မြင့်တို့ နောက်သို့ လိုက်မလို့ လုပ်သည်။

ထွန်းဦးနဲ့ ဝိုင်းစန္ဒာက ဇာနည့်လက်မောင်းကို တစ်ဖက်တစ်ချက် ဝိုင်းဆွဲလိုက်ကာ . . .





"မလုပ်ပါနဲ့ဟယ် . . . စိတ်လျှော့လိုက်ပါ"

"အေးပါကွာ . . . နောက်မှ ဒီကိစ္စကို ရှင်းချင်တယ်ဆိုလည်း အေးအေးဆေးဆေးရှင်းပါ . . . အခုတော့ မင်း ဒေါသထွက်နေတုန်း သွားမရှင်းပါနဲ့"

ဇာနည်က နှစ်ယောက်စလုံးရဲ့ လက်ကို ပုတ်ချလိုက်ကာ

"ငါ ခုန ရုံးခန်းရှေ့မှာမို့လို့ စိတ်ထိန်းထားတာ . . . ငါ့ကို ဘယ်သူမှ မတားနဲ့"

ဟု ပြောပြီး သော်နိုင်မြင့်တို့နောက်သို့ ခြေလှမ်းကျဲနှင့် လိုက်သွားတော့သည်။ ဝိုင်းစန္ဒာနဲ့ ထွန်းဦးလည်း ဇာနည့်နောက်သို့ ပြေးလိုက်သွားပါတော့သည်။

သော်နိုင်မြင့်တို့ အုပ်စုကတော့ ဇာနည်တို့ထက် ခပ်ဝေးဝေးကို ရောက်ရှိနေပြီဖြစ်သည်။ သော်နိုင်မြင့်က ဖြစ်ပျက်ပုံ အကြောင်းအရင်းအမှန်ကို သူ့သူငယ်ချင်းတွေအား ရှင်းကာပြနေ၏။ ထိုအချိန်တွင် ဇာနည် သူ့လက်မောင်းကို လာဆွဲ၍ လှည့်ကြည့်လိုက်တော့. . .

"မင်း . . . တော်တော်မိုက်ရိုင်းတဲ့ကောင် . . . ကဲကွာ"

"ခွပ်"

အဖြစ်အပျက်တွေက မြန်ဆန်လှ၏။ သော်နိုင်မြင့်က သူ့လက်မောင်း လာဆွဲသူကို လှည့်အကြည့် ဇာနည်က သော်နိုင်မြင့်မျက်နှာကို ဆွဲထိုးလိုက်ခြင်းပင် . . .

ဇာနည် သူ့မျက်နှာကို လက်သီးနဲ့ အားရပါးရ ရွယ်လိုက်ဘာ သော်နိုင်မြင့် မြင်လိုက်ရ၏။ ရုတ်တရက်ဆိုတော့ သော်နိုင်မြင့်အပြင် စိုးငယ်တို့ မိုးအောင်တို့ပါ ကြောင်ကြည့်နေကြ၏။

'ခွပ်' ခနဲ အသံနဲ့အတူ ဇာနည် သော်နိုင်မြင့်လက်မောင်းကို ကိုင်ကာ ကြောင်တောင့်တောင်ကြီး ရပ်သွား၏။ အဘယ်ကြောင့်ဆိုသော် သူရွယ်လိုက်သော လက်သီးက သော်နိုင်မြင့် မျက်နှာကို



www.burmeseclassic.com

www.burmeseclassic.com



မထိခင် အသံမြည်သွားသောကြောင့်ပင်။ ထိုအချိန်မှာ သူ့တစ်တောင်ဆစ်က အရာဝတ္ထုတစ်ခုခုနှင့် ခပ်ပြင်းပြင်း ထိခတ်လိုက်သလို ခံစားလိုက်ရ၍ ကျင်ခနဲ ဖြစ်ကာသွား၏။

သူ လှည့်ကြည့်လိုက်တော့ သူ့နောက်မှာ ကောင်မလေးတစ်ယောက် ခွေလဲကာ ကျနေပါတော့သည်။ ဇာနည် ကြမ်းပြင်ပေါ်သို့ ခွေကျနေသော ကောင်မလေးကို မှင်သက်ပြီး ကြည့်နေစဉ် ဝိုင်းစန္ဒာက ကောင်မလေးဆီပြေးလာကာ ဆွဲထူရင်း အမောတကောနှင့် . . .

"ဟယ် . . . ဘာဖြစ်သွားလဲ . . . ဘာဖြစ်သွားလဲ . . . ဇာနည် . . . နင်လက်နဲ့ ထိပြီး ကျသွားတာ . . . လုပ်ပါဦး . . . ဘာဖြစ်သွားလဲ . . . မသိဘူး"

ထိုအခါကျမှ အားလုံးအသိဝင်လာပြီး ကောင်မလေးဆီ ဝိုင်းသွားလိုက်ကာ အလုပ်ရှုပ်ကုန်ကြတော့သည်။

"သတိ . . . သတိမေ့သွားတာဟ . . . လုပ်ပါဦး"

"ဟော့ကောင်တွေ . . . ခြေမချိုး . . . ခြေမချိုးကြည့်ပါလား"

"ဟာ . . . အရူးကလဲ . . . ခြေမချိုးတယ်ဆိုတာ တက်သွားမှ ချိုးရတာဟ . . . အခုဟာက သတိလစ်သွားတာ"

အားလုံး တက်သလောက် မှတ်သလောက် ဝိုင်းလုပ်ပေးကြသည်။ ကောင်မလေး နှာခေါင်းမှလည်း သွေးတွေ စီးကျလာ၍ ဝိုင်းစန္ဒာက တစ်သျှူးထုတ်ကာ သုပ်ပေးရင်း ပါးစပ်ကလည်း ဘုရားစာရွတ်ပေးနေသည်။

ခဏကြာတော့ ကောင်မလေးဆီက ညည်းညူသံနှင့်အတူ သတိပြန်ရလာပါတော့သည်။

သတိရရချင်း သူ့ကို ဝိုင်းကြည့်နေသော လူအုပ်ကို တွေ့



BURMESE CLASSIC .com



လိုက်တော့ ကောင်မလေး ကြောက်ပြီး ထထိုင်လိုက်ကာ . . .

"ရှင် . . . ရှင်တို့ ဘာလုပ်ကြတာလဲ ဟင်"

ထိုတော့မှ ဇာနည်က ဝင်၍ . . .

"တောင်းပန်ပါတယ်ဗျာ . . ဒီက သူငယ်ချင်းက ကျွန်တော့်ကြောင့် ဒီလိုဖြစ်သွားရတာပါ . . . ဟို . . . ကျွန်တော့်တံတောင်နဲ့ တိုက်မိလိုက်လို့"

အဲဒီတော့မှ ကောင်မလေးသည် ဖြစ်ပျက်သမျှကို အားလုံး မှတ်မိသွားကာ ကမန်းကတန်းထရပ်လိုက်ပြီး . . .

"ဪ . . . ကျွန်မ မျက်နှာကို တံတောင်ဆစ်နဲ့ ခတ်လိုက်တာ ရှင်ကိုး . . . အား ကျွတ် . . . ကျွတ်"

ကောင်မလေးက ဇာနည့်ကို ပြောရင်း နှာခေါင်းနာသွားဟန်နှင့် အော်လိုက်ရင်း လက်နဲ့ စမ်းကြည့်လိုက်သည်။ ပြီးနောက် လက်မှာ ပေနေသော သွေးတွေကို ကြည့်ကာ . . .

"ဟင် ရှင် . . . ရှင် တော်တော်မိုက်ရိုင်းပါလား . . . ကျွန်မ နှာခေါင်းကျိုးသွားပြီ . . . ဒီမှာ သွေးတွေ . . . အား နာလိုက်တာ ရှင် . . . ရှင်တို့ကို ပါမောက္ခနဲ့ တိုင်မယ်"

ပါမောက္ခဆိုတဲ့ စကားသံကြား၍ အားလုံး တုန်သွားကြသည်။ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ အားလုံးမျက်နှာငယ်လေးတွေနှင့် . . .

"မလုပ်ပါနဲ့ဗျာ . . . ပါမောက္ခနဲ့တော့ မတိုင်ပါနဲ့နော်. . . အခုလေးတင် ကျွန်တော်တို့က ပါမောက္ခရုံးခန်းက . . . ထွက်လာတာပါ"

သော်နိုင်မြင့် စကားကြောင့် ကောင်မလေး ကြောင်တောင်တောင်ဖြစ်သွားချိန်၌ ဝိုင်းစန္ဒာက ဝင်၍ . . .

"ဟုတ်ပါတယ် သူငယ်ချင်းရယ် . . . ကျွန်မတို့



www.burmeseclassic.com

www.burmeseclassic.com



အခုမှ ပါမောက္ခရုံးခန်းက ထွက်လာတာပါ . . . တိုင်တော့ မတိုင်လိုက်ပါနဲ့တော့နော် . . . အခုမှ ထွက်လာပြီး အခုပြန်ဝင်ရလို့ရှိရင် ကျွန်မတို့အားလုံး ဒုက္ခရောက်ကုန်ကြပါလိမ့်မယ်"

ဝိုင်းစန္ဒာရဲ့ ငိုသံလေးနှင့် ပြောတဲ့ မျက်နှာကို ကောင်မလေး ကြည့်ရင်း သက်ပြင်းတစ်ချက် ချလိုက်ကာ . . .

"ဘယ်တတ်နိုင်မလဲ . . . ထားလိုက်ပါတော့ . . . ကျွန်မကလည်း ရှင်တို့တွေ ဘာဖြစ်လာမှန်းမသိဘူး . . . ဒီကတစ်ယောက် နောက်က လျှောက်လာရင်းနဲ့ သူ့ကို ကျော်တက်လိုက်တာ . . . ကိုယ့်ကိုကိုယ် ဘာဖြစ်သွားမှန်းတောင် မသိဘူး"

ထိုအချိန် ကောင်မလေး နှာခေါင်းထဲမှ သွေးတွေ ထပ်ကျလာသည်။ ကောင်မလေးက သွေးတွေကို သုတ်ရင်း ညည်းညူနေ၏။ ဇာနည်က ကောင်မလေးကို ပြာပြာသလဲ ကြည့်ပြီး . . .

"သွေး . . . သွေးတွေ သိပ်ထွက်နေတယ် . . . ဆေးခန်းသွားမှဖြစ်မယ် . . . ကျွန်တော့်မှာ ကားပါ ပါတယ် ကျွန်တော် . . . လိုက်ပို့ပေးပါရစေ"

ကောင်မလေးက . . .

"နေပါစေ . . . ကောင်းသွားမယ် ထင်တယ်"

"ဟာ . . . ဘယ်ဟုတ်ပါ့မလဲဗျာ . . . ကျွန်တော့်ကြောင့် ဖြစ်တာ . . . ကျွန်တော့်မှာ တာဝန်ရှိပါတယ် . . . ဒီက သူငယ်ချင်းက ပြဿနာမရှာတာပဲ ကျေးဇူးတင်လှပါပြီ"

ထိုအချိန် ဝိုင်းစန္ဒာကလည်း ဆေးခန်းသွားပြရန် ဝင်ပြော၏။

"ဟုတ်ပါတယ် သူငယ်ချင်းရယ် . . . သူ ပြောသလို . . . ဆေးခန်းသွားလိုက်ပါနော် . . . တော်ကြာ နှာခေါင်းရိုးတွေ ဘာတွေ ကျိုးသွားရင် ဘယ်လိုလုပ်မလဲ"



BURMESE CLASSIC .com



ကောင်မလေးက သူ့နှာခေါင်းမှ သွေးတွေကို ထပ်သုတ်လိုက်ကာ ခေါင်းညိတ်ပြ၏။

ထို့နောက် ဇာနည်က ဦးဆောင်ပြီး ထွက်သွားပါသည်။ ကောင်မလေးနှင့် ဝိုင်းစန္ဒာက နောက်မှလိုက်သွား၏။ သော်နိုင်မြင့်က ဝင်၍ . . .

"ငါ လိုက် ခဲ့ ဖို့ လို သေး လား ဟင်"

ဇာနည်က သော်နိုင်မြင့်ကို ဖြတ်ခနဲလှည့်၍ ကြည့်ကာ

"အဓိက က ဒီကိစ္စတွေ . . . မင်း လုပ်လို့ဖြစ်တာ . . . ဒါပေမဲ့ . . . လိုက်လာစရာ မလိုဘူး . . . မင်းပါရင် ပြဿနာတွေ ထပ်ဖြစ်သွားနိုင်တယ် . . . မလိုဘူး"

သော်နိုင်မြင့်တို့ ကျန်ခဲ့၏။ ဇာနည်နှင့် ဝိုင်းစန္ဒာသာ ကောင်မလေးနဲ့အတူ ဆေးခန်းသွားကြပါသည်။

မိုးအောင်က ဇာနည်တို့ ထွက်သွားတော့ သော်နိုင်မြင့်ကို ကပ်၍ . . .

"မင်းကလဲကွာ . . . ဒီလောက် ပြဿနာတွေတက်နေတာတောင် လိုက်သွားရမလား မေးနေသေးတယ်"

"အကူအညီရအောင် မေးတာပါကွာ . . အားလုံး ငါ့ကြောင့် ဖြစ်တာဆိုတော့"

"ဆိုတော့တွေ ဘာတွေ လုပ်မနေနဲ့ . . . မင်းလိုက်သွားမှ ဟိုကောင်နဲ့ ဆေးခန်းမှာ ပြဿနာတွေ ထပ်ဖြစ်နေဦးမယ်"

သော်နိုင်မြင့် ဘာမှမပြောဘဲ ဇာနည်တို့ကိုသာ ငေးကြည့်နေသည်။ ထွန်းဦးလည်း ထွက်သွားပြီဖြစ်သည်။

မြင့်ဇော်က ကောင်မလေးကို လှမ်းကြည့်ရင်း မှ . . .

"ဘယ်ကကျောင်းသူလဲ မသိဘူးကွ . . . ဒီမှာ [illegible] မတွေ့ဖူးဘူး"



www.burmeseclassic.com

www.burmeseclassic.com



သော်နိုင်မြင့်က ဝင်၍ . . .

"ငါ သူ့ကို မြင်ဖူးတယ်လို့ ကြည့်နေတာ . . . အခုမှ မှတ်မိတော့တယ်"

"ဘယ်သူလဲ"

"ဟိုတစ်နေ့က . . . ငါနဲ့ သူနဲ့ ရူပဗေဒဘက်မှာ လူချင်းတိုက်မိဖူးတယ် . . . အဲဒီတုန်းက သူ့ထမင်းချိုင့် မှောက်သွားလို့တောင် ငါနဲ့ပြဿနာတက်ခဲ့သေးတယ်"

အားလုံးက သော်နိုင်မြင့်စကားဆုံးတော့ ဝိုင်း၍ . . .

"မင်းကတော့ . . . ဒီရက်ပိုင်းအတွင်း တစ်ကျောင်းလုံးကိုများ ကန်ထရိုက် ဆွဲပြီး ပြဿနာရှာဖို့ . . . လုပ်ထားသလား မသိဘူးနော်"

သော်နိုင်မြင့် ရယ်ကျဲကျဲလုပ်ကာ . . .

"တော်သေးတယ် . . . ငါ့ကို မမှတ်မိလို့"

ဟု တီးတိုးပြောလိုက်ပါတော့သည်။



BURMESE CLASSIC .com



# အခန်း (၃)

"နင့်သူငယ်ချင်းလုပ်ပုံ ကောင်းသေးရဲ့လား ခင်မေဦး"

"ဘာလဲဟ"

"နင် မသိသေးဘူးလား"

ခင်မေဦးက ခေါင်းခါပြတော့ ဝတီက နှုတ်ခမ်းတစ်ချက်မဲ့လိုက်ကာ . . .

"သော်နိုင်မြင့်ဆိုတဲ့ . . . အကောင်လေ . . . ပေါက်ကရလေးဆယ်တွေ လျှောက်လုပ်လို့ . . . ငါ့အစ်ကို ပြဿနာတက်သွားတယ် . . . အဲဒါ နင်သိလား"

ခင်မေဦးက မျက်လုံးလေး အဝိုင်းသားနှင့် ကြည့်နေ၏၊ ဝတီက ဆက်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ ပေါက်ကရလေးဆယ်တွေ လျှောက်လုပ်တာနဲ့ . . . ငါ့အစ်ကိုမျော . . . ဘာမှမဆိုင်ဘဲ ပါမောက္ခရုံးခန်းလည်း ရောက်ရတယ် ပြီးတော့ သက်သက်နဲ့လည်း ပြဿနာတွေတက်ရတယ်"

"နေ . . . နေစမ်းပါဦး . . . ငါနားလည်အောင် ရှင်းပြစမ်းပါဦး"

"ဒီလိုလေ . . . အဲဒီ နှင့်သူငယ်ချင်း သော်နိုင်မြင့်ပေါ့ . . . ပဲမရိုက်တတ်တဲ့ ငါ့အစ်ကိုကို . . . ဖဲရှုံးလို့ ဖဲကြွေး မဆပ်နိုင်လို့ သူ့ဆီက . . . ပိုက်ဆံလာချေးတယ် ဆိုပြီး သူတို့မေဂျာက . . . ကောင်မလေးတစ်ယောက်ဆီက ပိုက်ဆံသွားယူပေးတယ်တဲ့"

"အေး"

"အဲဒီက စပြီး ပြဿနာတက်တာပဲ . . . ပြီးတော့ အဲဒီကိစ္စတွေကလည်း တကယ်မဟုတ်ဘူး . . . သူမှာ ပိုက်ဆံလိုနေလို့ ငါ့အစ်ကို နာမည်ကို အသုံးချပြီး ပိုက်ဆံလိမ်ယူသွားတာ"

"နင်က အဲဒါတွေ ဘယ်က သိလာတာလဲ"

"ငါ့အဒေါ်ဆီက သိတာပေါ့ဟ . . . သူက ဆရာဝန်လေ . . . နင်သိတယ်မလား"

ခင်မေဦးက ခေါင်းညိတ်ပြလိုက်ရင်း . . .

"သိတယ်လေ . . . နင့်အဒေါ်ဆရာဝန်နဲ့ . . . အဲ့ဒီကိစ္စနဲ့ ဘာဆိုင်လဲ"

"ဆိုင်တာပေါ့ . . . အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ပါမောက္ခရုံးခန်းကို အားလုံးရောက်သွားတော့ . . . ငါ့အစ်ကိုက သော်နိုင်မြင့်ကို စိတ်ဆိုးပြီး . . . ရုံးခန်းကအပြန်မှာ ဆွဲထိုးလိုက်တာ သော်နိုင်မြင့်ကို မထိုးမိဘဲ သက်သက်ရဲ့ မျက်နှာကို . . . တံတောင်ဆစ်နဲ့ တိုက်မိတယ် ဆိုလား . . . သက်သက်က နှာနုရိုးနာသွားပြီး သွေးတွေထွက်လာလို့ ငါ့အဒေါ်ဆေးခန်းကို ရောက်လာတာ . . . အဲဒါနဲ့





နောက်မှ အကြောင်းစုံ မေးကြည့်တော့ သိတာ"

ခင်မေဦး တစ်ယောက် ဝတီ ရှင်းပြတာတွေကို နားထောင်ရင်း ဇာတ်လမ်းကို လည်တယ် လည်တယ်ဖြစ်နေသေးသည်။ သို့သော် ဇာတ်လမ်းက ဇာတ်ရှုပ်ကြီးဖြစ်နေ၍ ဆက်မမေးတော့ဘဲ အသာငြိမ်နေလိုက်၏။

ဝတီက သက်ပြင်းကို ချကာ . . .

"အဲဒီ နှင့်သူငယ်ချင်း သော်နိုင်မြင့်ကလေ . . ဖြစ်လိုက်ရင် တစ်လွဲချည်းပဲ . . . ဟိုနေ့ကလည်း လမ်းသွားရင်း သက်သက်တို့ အုပ်စုနဲ့ ဝင်တိုက်လိုက်သေးတယ် . . . အဲဒီတုန်းက သက်သက်ရဲ့ ထမင်းချိုင့်တောင် လွတ်ကျသွားတယ် သိလား . . . ငါတော့ သော်နိုင်မြင့် ပါးကျိုးပြီထင်တာ . . သက်သက်က အဲဒီနေ့က စိတ်ကောင်းဝင်နေပုံရတယ် . . . ဘာမှလုပ်မသွားဘူး"

ခင်မေဦး သက်ပြင်းရှည်ကြီး ချမိ၏။ ကြားရတာ နားဝမှ မချမ်းသာပေ။ သော်နိုင်မြင့် အကြောင်းလည်း သူမ သိထား၍ ဘာမှ ကာကွယ်ပြောဆိုလို့ မရပေ။ ထို့ကြောင့် တောင်းပန်စကားသာ ဆိုမိတော့သည်။

"အေးပါဟယ် . . . နင့်အစ်ကို ကိစ္စအတွက် ငါ တောင်းပန်ပါတယ်"

ဝတီက လှည့်ကြည့်၍ . . .

"နင်နဲ့ ဘာဆိုင်လို့လဲ"

"သြော် . . . ဘာပဲဖြစ်ဖြစ် သော်နိုင်မြင့်က ငါ့သူငယ်ချင်းဆိုတော့ တောင်းပန်တာပါ"

"နေပါဟာ . . . နင်နဲ့ ဘာမှမဆိုင်ပါဘူး . . . ရပါတယ်"

သူတို့ ထိုင်နေကြတာ ကန်တင်းမှာ ဖြစ်သည်။ [illegible] ရောက်ကတည်းက သူမအစ်ကိုအကြောင်းပဲ ပြောနေ၍ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ရသေးပေ။ ထို့ကြောင့် ခင်မေဦးက ဝတီ့စကားဆုံးတော့။

"ဒီကိစ္စ ငါနဲ့ မဆိုင်ဘူးလို့ . . . နင်သဘောထားရင် ပြီးတာပါပဲ . . . နင် ဘာစားပြီးပြီလဲ . . . တစ်ခုခု မှာဦးလေ"

အဲဒီတော့မှ ဝတီက ကောင်လေးတစ်ယောက်ကို လှမ်းခေါ်၍ မုန့်ဟင်းခါးတစ်ပွဲ မှာလိုက်သည်။ ကျောင်းသို့ ရောက်ရောက်ချင်း မနက်ခင်း အချိန်ဖြစ်၍ မုန့်ဟင်းခါးကို နံနံပင်လေးအုပ်၍ ငရုတ်သီးဝပ်စပ်ကလေး စားဖို့ အာရုံရသွား၍ ဖြစ်၏။

ထိုအချိန်တွင် . . .

"ဩော် . . . ဟော . . . ဟော ဒီနေ့တော့ တော်တော်လေး ရှာရမယ် ထင်နေတာ . . . အခုလို မနက်ခင်းလေးမှာပဲ ဝတီဆိုတဲ့ ပန်းကလေးကို ဦးဦးဖျားဖျား တွေ့လိုက်ရတော့ . . ပျော်သွားတာပဲ"

သူမ လှည့်မကြည့်ဘဲနဲ့ သိသည်။ ဒီလိုစကားမျိုးတွေ ပြောလာလျှင် တင်ကိုဦးပင် ဖြစ်သည်။ တင်ကိုဦးက သူမတို့ ဝိုင်းနားရောက်တော့ ခင်မေဦးကို ဘလိုင်းကြီး ပြုံးပြလိုက်၏။ ခင်မေဦးကတော့ လူမှုရေးအရ ရိုင်းရာကျသွားမည်စိုး၍ တစ်ချက်ပြန်ပြုံးပြလိုက်သည်။

တင်ကိုဦးက ဝတီ့နားမှာ လွတ်နေတဲ့ ခုံတစ်လုံးမှာ ဝင်ထိုင်မလို့ လုပ်သည်။ ဝတီက တင်ကိုဦးကို ပြာပြာသလဲလှမ်းကြည့်လိုက်ကာ . . .

"မထိုင်နဲ့ . . . မထိုင်နဲ့ . . . အဲဒီမှာ လူရှိတယ်"

တင်ကိုဦး ထရမလို ထိုင်ရမလိုနှင့် ကုန်းကွကွကြီး ဖြစ်သွား၏။ ထို့နောက် ဝတီ့ကို တစ်ချက်ငဲ့ကြည့်လိုက်ကာ . . .

"ကိုယ်က ခဏပါ . . . ခဏတော့ ရတယ်မလား"

"မရဘူး . . . ကျွန်မသူငယ်ချင်းက သူထိုင်မယ့်ထိုင်ခုံမှာ ဘယ်သူမှ ထိုင်သွားတာ ကြိုက်တာမဟုတ်ဘူး"





တင်ကိုဦးက ခပ်အေးအေး တစ်ချက်ပြုံးလိုက်ကာ. . .

"ဒါဆို ဝတီ့သူငယ်ချင်းက လွန်တာပေါ့ . . . ဒါမျိုးက ဘိတ်စတွင်းသိပ်ဖြစ်လွန်းတယ် . . . အတ္တပေါ့ကွာ အတ္တ"

ဟု ပြောကာ ကုန်းကွကွကြီးလုပ်နေရာမှ ထိုင်ချပစ်လိုက်၏။ ဝတီက တင်ကိုဦး ထိုင်လိုက်တာလဲ မြင်ရော . . .

"ဟာ . . . မထိုင်ပါနဲ့ဆို"

ဟု ပြောကာ ခုံကို ဆတ်ခနဲ ဆွဲယူပစ်လိုက်လေသည်။ တင်ကိုဦးလည်း ကိုယ့်အရှိန်ကိုယ် မထိန်းနိုင်တော့ဘဲ ခြေပစ်လက်ပစ်ကြီး ပြုတ်ကျသွားပါတော့သည်။

ကန့်တင်းတွင် ထိုင်နေကြသော ကျောင်းသားတွေ ဝိုင်းရယ်ကြ၏။ ကျောင်းသူတချို့က ဝိုင်းနောက်ကြသည်။

"ကျောင်းလခသွင်းစရာ မရှိလည်း ပေးပါ့မယ် . . . ဒီလိုတော့ ပိုက်ဆံ ကုန်းမကောက်ပါနဲ့ဟယ် . . . ခစ် ခစ် ခစ်"

တင်ကိုဦး မြေကြီးပေါ် ထိုင်နေရင်းမှ ဆတ်ခနဲ ကုန်းထပစ်လိုက်၏။ ထို့နောက် ပတ်ဝန်းကျင်ကိုသော်လည်းကောင်း၊ ဝတီနှင့် ခင်မေဦးကိုသော်လည်းကောင်း တစ်ချက်မှ လှည့်မကြည့်တော့ဘဲ ကန့်တင်းထဲမှ ထွက်သွားပါတော့သည်။

သူ့မျက်ဝန်းထဲမှာ ဝေ့ဝဲကာ စီးကျလာသော မျက်ရည်တွေကိုတော့ ဘယ်သူမှ သတိမထားမိပေ။

ခင်မေဦးက ဝတီ့ကို ကြည့်ကာ . . .

"နင်ကလဲဟယ် . . . အဲဒီလိုကြီးတော့ မလုပ်သင့်ပါဘူး . . . သူခမျာ လူကြားထဲမှာ ရှက်သွားမှာပေါ့"

"မတတ်နိုင်ဘူးဟာ . . . ငါမှ သူ့ကို ကြည့်လို့မရတာ . . . ပြီးတော့ . . . သူ့ကို ငါက လာထိုင်ပါဆိုပြီး ဖိတ်ခေါ်ထားတာလဲ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ခင်မေဦးက သက်ပြင်းချရင်း . . .

"ဘာပဲဖြစ်ဖြစ်ပေါ့ဟယ် . . အလိုက်အထိုက်တော့ ဆက်ဆံသင့်ဘာပေါ့ . . . တင်ကိုဦးဆိုတာလည်း ပေါကြောင်ကြောင်နိုင်ပေမယ့် စိတ်ရင်းကောင်းပါတယ်ဟာ"

ဝတီက နှုတ်ခမ်းကို မဲ့၍ တစ်ဖက်သို့ လှည့်လိုက်ကာ။

"နေစမ်းပါ . . . သူ့ဘာသာသူ ကောင်းကောင်း မကောင်းကောင်း . . . ငါနဲ့ ဘာဆိုင်လဲ . . . ကြိုက်မှန်းမသိ မကြိုက်မှန်းမသိ အတင်းကြီးဝင်ထိုင်တာကို ငါက ဒီအတိုင်း ကြည့်နေရမှာလား . . . စိတ်ညစ်ရတဲ့အထဲ"

ခင်မေဦး ဘာမှ ဆက်မပြောတော့ပေ။ ဆက်ပြောလည်း အကြောင်းထူးမည် မဟုတ်သောကြောင့် ဖြစ်ပါသည်။





နှင်းတွေ တဖွဲဖွဲကျကာ နေသည်။ ဒီနေ့မှ ထူးထူးခြားခြား ခါတိုင်းနေ့တွေထက် နှင်းပိုကျနေ၏။ ကျောင်းသူ ကျောင်းသားတွေ အားလုံး အနွေးထည်လေးတွေ ကိုယ်စီ ဝတ်ထားကြသည်။ တချို့က ဆွယ်တာ၊ တချို့က ဂျာကင်လေးတွေနှင့် . . .

အခုလိုနေ့မျိုးက ဂျာကင်တွေ ဝတ်ပြီး ရှိုးထုတ်လို့ အကောင်းဆုံးပင်ဖြစ်သည်။ ရန်ကုန်ဆောင်းသည် အခြားအရပ်ဒေသတွေက ဆောင်းလို အနွေးထည်ဝတ်ပြီး လျှောက်သွားရလောက်အောင် ချမ်းအေးသော အချိန်နည်းလှ၏။ နေ့ခင်းနေ့လည်တွေဆိုလျှင် နွေရာသီနှင့်မခြားအောင်ပူအိုက်လှသောကြောင့် အနွေးထည်ဝတ်ပြီး လျှောက်သွားလျှင် ငပေါကြီးဟု ဝိုင်းပြောကြလိမ့်မည်။ ဒါမှမဟုတ် လူမမာဟု ထင်စရာရှိ၏။

ထို့ကြောင့် ယနေ့လို ထူးထူးခြားခြားလေး အအေးပိုနေသော နေမျိုးမှာ အိမ်မှာသိမ်းထားသော အနွေးထည်တွေကို ထုတ်ဝတ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ဟန်ပြကြတာ မဆန်းပေ။

ဇာနည်လည်း သူ့အဖေ ဂျပန်က ပါလာသော ဂျာကင်ကြီးကို ထုတ်ဝတ်လာ၏။ ဂျာကင်က ကြည့်လိုက်တာနှင့် အကောင်းစားမှန်း သိသာသည်။ သို့သော် ဂျပန်နိုင်ငံလို အေးတဲ့ဒေသတွေမှာ ဝတ်တဲ့ ဂျာကင်အမျိုးအစားတွေဖြစ်၍ တော်တော်လေး ထူသည်။ ထို့ကြောင့် ဇာနည့်ခမျာ ကျောင်းရောက်လို့ ခဏအကြာမှာပင် ချွေးပြိုက်ပြိုက်ကျကာသွားသည်။

ထို့ကြောင့် ကန်တင်းသို့ ရောက်လျှင်ရောက်ချင်း ဂျာကင်ကို ချွတ်ကာ ဘေးခုံမှာ တင်၍ လက်ဖက်ရည်ကျဆိမ့်တစ်ခွက် မှာလိုက်သည်။ ဒီလို မနက်ခင်းမျိုးမှာ လက်ဖက်ရည်ကျဆိမ့် ပူပူလေး သောက်လိုက်ရင် ရင်ထဲမှာ နွေးသွားမည်ဆိုတာ သူသိသည်။ ခဏကြာတော့ စားပွဲထိုးလေးက သူမှာတဲ့ လက်ဖက်ရည်ကို လာချပေးသည်။

ဇာနည် လက်ဖက်ရည်ခွက်ကို သောက်မလို့ကြည့်လိုက်တော့ ကော်ဖီတွေဖြစ်နေတာ သိရ၍ စားပွဲထိုးလေးကို ပြန်ခေါ်လိုက်ကာ

"ညီလေး . . . မင်းလာချတာ ကော်ဖီတွေကွ . . . ကိုယ်မှာတာ လက်ဖက်ရည်လေ"

အဲဒီတော့မှ စားပွဲထိုးလေးက ခွက်ကို သေချာကြည့်၍ . .

"ဆောတီး အစ်ကို . . . အနောက်က ဝိုင်းနဲ့ မှားသွားလို့ပါ"

ထိုသို့ ပြောပြီး အနောက်ဘက်ဝိုင်းကို သွားချပေး၏။ အနောက်ဘက်ဝိုင်းက . . .

"အေး ဟုတ်တယ် . . . ကိုယ်လည်း ပြောမလို့ကြည့်နေတာ မင်းက ခွက်ချပြီး ထွက်သွားတာကိုး"

ထိုအသံကြားတော့ ဇာနည်မျက်မှောင်ကြုတ်ကာသွားသည်။





ထို့နောက် အသံကို ကြားဖူးနေသလိုလိုရှိ၍ မသိမသာလှည့်ကြည့်လိုက်တော့ သော်နိုင်မြင့်ကို သူနဲ့ ကျောချင်းကပ်လျက် ထိုင်နေတာ တွေ့ရ၏။ သော်နိုင်မြင့်ကတော့ သူ့ကို သတိမထားမိပေ။

ဇာနည် အသာငြိမ်နေလိုက်သည်။ သော်နိုင်မြင့် သူ့ကို တွေ့သွားလျှင် စကားလာပြောမှာစိုးသောကြောင့် ဖြစ်၏။ သော်နိုင်မြင့်ဆိုတဲ့ကောင်ကို အစကတည်းက သူ ကြည့်မရ။ ဟိုလူ့လိုက်နောက်၊ ဒီလူ့လိုက်စနှင့် အတန်းထဲမှာဆိုလည်း သူ့အသံချည်း ဖြစ်သည်။ သူနဲ့ပေါင်းတဲ့ကောင်တွေကလည်း သူ့လိုပင် တစ်ယောက်မှမကောင်း၊ သူတို့အဖွဲ့တွင် သိပ္ပံပညာရူး ရူးနေသူလည်း ရှိသည်။ ဒါရိုက်တာရူး ရူးသူလည်း ရှိ၏။ သမာဓိကြောင် ကြောင်နေသူလည်း ရှိသည်။ ထို့ကြောင့် သော်နိုင်မြင့်ကအစ တစ်ဖွဲ့လုံးကို သူ ကြည့်မရ။

ထိုအချိန်တွင် သော်နိုင်မြင့် ထိုင်နေသောဝိုင်းမှ အသံကြားရသည်။ သော်နိုင်မြင့် အသံပင်ဖြစ်သည်။

"ဟိုကောင်တွေရော မလာသေးဘူးလား"

"ရောက်နေပြီ . . . အနွေးထည်မပါလို့ . . . ချမ်းလို့တဲ့ အားလုံးအခန်းဆီ ပြေးပြီ"

ရောက်လာသူမှာ စိုးငယ်ဖြစ်သည်။ သူလည်း အနွေးထည် ပါမလာပေ။ ထို့ကြောင့် ချမ်းနေသောကြောင့် လက်မောင်းနှစ်ဖက်ကို ဟိုပွတ်ဒီပွတ် လုပ်ကာ ဝင်ထိုင်လိုက်၍ . . .

"ဒီနေ့ တော်တော်ချမ်းတယ်ကွ . . . ငါလည်း ဒီလောက်ချမ်းမယ် မထင်လို့ . . . အနွေးထည်ပါမလာဘူး"

သော်နိုင်မြင့်က အဓိပ္ပာယ်ပါပါ ပြုံးလိုက်ကာ . . .

"ငါကတော့ ပါလာတယ် . . . အိုက်လို့တောင် ချွတ်ထား ရသေးတယ် . . . ဒီမှာ တွေ့လား"

စိုးငယ်က သော်နိုင်မြင့် မျက်စပစ်ပြသော အနွေးထည်ကို



www.burmeseclassic.com

www.burmeseclassic.com



အားကျစွာ ကြည့်လိုက်ရင်း . . .

"မင်းအနွေးထည်က အထူကြီးပါလားကွ . . အကောင်းစား ပဲ"

"ဟဲ . . . ဟဲ ကောင်းမှာပေါ့ကွ . . . အဖိုးကြီး ဂျပန်ကို သွားတုန်းက ဝယ်လာတာ"

စိုးငယ်က ခေါင်းတညိတ်ညိတ်လုပ်ကာ ပြုံး၏။ ဘာမှတော့ ဆက်မပြောပေ။ ခဏကြာတော့ သော်နိုင်မြင့်က အပေါ့သွားချင်သည်ဆို၍ စိုးငယ်ကို ထားခဲ့ကာ အိမ်သာ ထထွက်သွားသည်။

စိုးငယ်က သော်နိုင်မြင့်ကို မျက်စိတစ်ဆုံး လိုက်ကာကြည့်နေ၏။ သူ့အမြင်အာရုံထဲက သော်နိုင်မြင့် ပျောက်သွားတာလည်း မြင်ရော ခုံပေါ်တင်ထားသော သော်နိုင်မြင့် ဂျာကင်ကို ဆတ်ခနဲ ယူကာ အကျအနဝတ်ရင်း ထလစ်လာခဲ့ပါတော့သည်။ ခဏကြာတော့ သော်နိုင်မြင့် ရောက်လာ၍ စိုးငယ်ကို မတွေ့တော့။ ဟိုကြည့် ဒီကြည့်လုပ်သည်။ ဘယ်ဝိုင်းမှာမှ ရှာမတွေ့တော့ အတန်းသို့ ပြန်သွားပြီထင်ပြီး ခုံမှာ ထိုင်လိုက်ကာ လက်ကျန်ကော်ဖီကို ရှင်းလိုက်သည်။

ကော်ဖီကုန်သွားတော့ စားပွဲထိုးလေးကို ခေါ်၍ ပိုက်ဆံရှင်းကာ အနားက ခုံမှာ တင်ထားသော ဇာနည့်အနွေးထည်ကို သူ့အနွေးထည်ထင်၍ ဆွဲယူကာ ထထွက်ခဲ့ပါတော့သည်။





လက်ဖက်ရည် တစ်ကျိုက် ကျိုက်ချလိုက်ရင်း နှုတ်ခမ်းမှာ တင်ကျန်ရစ်သော အစအနများကို လျှာနဲ့သပ်၍ ပါးစပ်နဲ့ စုပ်ကာ ကျဆိမ့်တစ်ခွက်ရဲ့အရသာကို ဇာနည်ခံစားနေလိုက်သည်။ ထို့နောက် ရေနွေးချမ်းတစ်ခွက်ကို သောက်မလို့ ငုံ့လိုက်ပြီးမှ သက်သက်ရဲ့ မျက်နှာလေး မြင်ယောင်လာမိ၏။

သူကလေး နာမည်က သက်သက်တဲ့။ နာ့မည်အရင်းက လင်းသက်သက်ဆိုလား။ သူနဲ့ ပြဿနာတက်တဲ့နေ့က သူကလေးရဲ့ ရုပ်ပုံလွှာကို အခုထိ မမေ့နိုင်သေး။ နာကျင်နေတဲ့ နှာခေါင်းလေးကို သူမ ဖွဖွလေး ကိုင်တော့ မေးခဲ့ဖူးသည်။

"တော်တော် နာမှာပဲနော်"

"နာတာပေါ့ နှာနုပဲ"

သူ့အဒေါ်ကလည်း စိတ်ရှည်လက်ရှည် ပြုစုပေးသည်၊ ရိုးကျိုးမသွားတာ တော်သေးသည်ဟု သူ့အဒေါ်က ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



နုနုနယ်နယ်ကောင်မလေးတစ်ယောက် အနေနှင့် ဒီလိုအခြေအနေမျိုးလောက်နဲ့တင် တော်တော်ခံစားရမယ်ဆိုတာ သူ သိသည်။ ဒါပေမဲ့ သက်သက်က စိတ်တော့မာသည်။ ထိခိုက်မိသည့်ဒဏ်ရာကြောင့် နှာခေါင်းကြီး ရောင်ကိုင်းသွားတာတောင် လိုအပ်တာထက်ပို၍ ညည်းညူခြင်း မရှိပေ။

ထိုနေ့က သူ သက်သက်ကို အထပ်ထပ်တောင်းပန်လိုက်သည်။ ကောင်မလေးက ခွင့်လွှတ်ရှာပါသည်။ မတော်တဆဖြစ်သွားတာပဲ ရပါတယ် ဟု ဆိုရှာ၏။

ဇာနည် အဲဒီနေ့က အဖြစ်အပျက်တွေကို ပြန်တွေးရင်းနှင့် ရင်ခုန်လာ၏။ သူ့ဘဝမှာ အခုအရွယ်အထိ ဘယ်မိန်းကလေးနဲ့မှ တရင်းတနှီးပြောဆို နေထိုင်မှု မပြုခဲ့ဖူးပေ။ သူသည် မိန်းကလေးတွေနှင့် အနေစိမ်းသူဟု ဆိုနိုင်သည်။ သူ့သိတာက သူ့ဘဝမှာ ကျောင်းစာပြီးလျှင် စီးပွားရေးလုပ်ဖို့ပင် ဖြစ်သည်။

သို့သော် ကံကြမ္မာက သူနဲ့သက်သက်ကို ဆုံတွေ့ဖို့ ဖန်တီးပေးခဲ့ပြီ။ ထိုနေ့က ကြုံတောင့်ကြုံခဲ ဖြစ်ရပ်လေးတစ်ခုက သူနဲ့ သက်သက်ကို အမှတ်တရဖြစ်စရာတွေ ပေးခဲ့ပြီဖြစ်သည်။

ထိုသို့ တွေးရင်း ဇာနည်တစ်ယောက်တည်း ပြုံတီတီကြီး ပြုံးနေမိ၏။ စားပွဲထိုးလေးက ဇာနည့်ကို ကြောင်တောင်တောင်နဲ့ ကြည့်ပြီး ပြောလာကာ ...

"အစ်ကို ခေါ်လား"

"ဟန် ... အဲ မခေါ်ပါဘူး ... ဘာလို့လဲ"

"မသိဘူးလေ ... အစ်ကိုက ကျွန်တော့်ကို ကြည့်ပြီး ပြုံးပြနေလို့ ခေါ်တယ်ထင်ပြီး ပြေးလာတာ"

ဇာနည်ရှက်သွားပြီး ရုပ်ကို ချက်ချင်းတည်လိုက်ကာ

"ငါ မပြုံးပါဘူး ... မင်းဟာမင်း အိပ်ချင်မူးတူးနဲ့ မြင်ချင်





ရာတွေ မြင်နေတာပါ"

"ဟာ အစ်ကို ... ကျွန်တော် ညက အစောကြီးအိပ်တာဗျ ... အိပ်ရေးဝပါတယ်"

အရေးထဲ စားပွဲထိုးလေးက အထွန့်တက်နေသေးသည်။ ဇာနည်က စိတ်မရှည်စွာနှင့် ...

"ကဲ ... ကဲ မင်းဟာမင်း အိပ်ရေးပဲ ဝဝ မဝဝ ... ထားတော့ကွာ ရှင်းမယ် ... တွက်"

စားပွဲထိုးလေးက စားပွဲပေါ်က လက်ဖက်ရည်ခွက်ကို ကြည့်၍ ...

"ဒါပဲလား"

"ဒါပဲပေါ့ကွ ... ငါက ဘာစားရဦးမှာလဲ"

"သိဘူးလေ ... မနက်ပိုင်းဆိုတော့ ဘရိတ်ဖတ်(စ်)လေး ဘာလေးများ မအိဘူးလားလို့"

ဇာနည် သက်ပြင်းကို ချမိသည်။ အရေးထဲ ဘိုလိုရှူးနေသည့် စားပွဲထိုးနဲ့မှ လာတိုးနေ၏။ ပျော်ရွှင်စရာ အတွေးလေးတွေတောင် ဘယ်ရောက်သွားမှန်း မသိတော့။

"ကဲ ... ဒါပဲကွာ .. ဒါပဲ စားနိုင်တယ် ... ပိုက်ဆံ အလကားရတယ်များ ထင်နေလားကွ ... ဘာလဲ မင်းက ငါ့ကို ဝယ်ကျွေးမလို့လား"

သူ့ရဲ့ စိတ်မရှည်နိုင်စွာ ပြောလိုက်သောစကားကြောင့် စားပွဲထိုးလေးက ရယ်ကျဲကျဲလုပ်ကာ ...

"မစားချင်လည်း နေပါ အစ်ကိုရယ် ... ဝယ်တော့ မကျွေးပါရစေနဲ့"

"ဒါဆိုလည်း တွက်ကွာ"

"နှစ်ရာ့ငါးဆယ်"



www.burmeseclassic.com

www.burmeseclassic.com



ဇာနည်က နှစ်ရာတန် တစ်ရွက်နှင့် ငါးဆယ်တန်တစ်ရွက် ထုတ်ပေးလိုက်သည်။

"အကြွေပေးတာ ဆိုးသက်(ခ်)"

ဟု သူ့ပိုက်ဆံကို ယူရင်း စားပွဲထိုးလေး လှည့်ထွက်သွားသည်။

ဇာနည်လည်း စိတ်ညစ်စွာ သက်ပြင်းချကာ သူ့ဂျာကင်ကို ယူ၍ ထထွက်မလို့လုပ်စဉ် . . .

"ဟင်"

သူ့ဂျာကင်တင်ထားတဲ့ ခုံမှာ ဘာမှမရှိတော့။

သူ့အဖေ ဂျပန်က ဝယ်လာတဲ့ ဂျာကင်ကြီး ပျောက်ချင်းမလှ ပျောက်သွားလေပြီ။

သူ ခေါင်းနပန်းကြီးကာ သွား၏။ သေချာအောင် ဘေးပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက် လိုက်ကြည့်သည်။ သူ့ဂျာကင်မပြောနှင့်၊ အဝတ်နဲ့တူတာဆိုလို့ လက်ကိုင်စုတ်တောင် မရှိပေ။

ဇာနည် သွေးရူးသွေးတန်းဖြစ်ကာ သွားပြီး စားပွဲထိုးလေးကို ကမန်းကတမ်း လှမ်းခေါ်လိုက်သည်။

ပြူးပြူးပျာပျာနှင့် သူ့ကိုလှမ်းခေါ်နေသော ဇာနည့်ကို ကြည့်ကာ စားပွဲထိုးလေး ပျာပျာသလဲ ပြေးကာလာ၏။

အနားရောက်တော့ ဇာနည်က . . .

"ဒီနားက ဂျာကင် မင်းတွေ့မိလား"

စားပွဲထိုးလေးက ဇာနည်ညွှန်ပြတဲ့ နေရာကို ကြောင်တောင်တောင်နဲ့ ကြည့်နေပြီးမှ . . .

"မသိဘူးလေ အစ်ကို . . . ကျွန်တော် အစ်ကို့ကို စတွေ့တုန်းက ဂျာကင်ဝတ်မထားဘူး"

"အေး ဟုတ်တယ် . . . ငါ ကျောင်းလာတုန်းကတော့ ဝတ်





လာတယ် . . . ကျောင်းရောက်မှ အိုက်လို့ ချွတ်လိုက်တာ"

"ဟုတ်လား အစ်ကို . . . ဘယ်နားမှာ ကလို့(စ်)ကို တိတ်အောက်(ဖ်) လုပ်လိုက်တာလဲ"

"သေလိုက်ကွာ . . သေလိုက် . . . မင်းစကားကို မြန်မာလို ပြောလို့မရဘူးလား"

"ဆိုး ဆောတီး မိုင်ဘရားသား . . . ကျွန်တော်က အစ်ကို နားလည်မယ်ထင်လို့ ပြောကြည့်တာပါ"

တချို့လူတွေ ကိုယ့်ကိုကိုယ် သတ်သေကြတာ ဘာဆန်းသနည်း။ ဇာနည် သူ့ဘဝသူ အရှင်လတ်လတ် ငရဲကျသွားသလို ခံစားလိုက်ရသည်။ ဘာမှလည်း ပြောချင်ဆိုချင်စိတ် မရှိတော့။

ဂျပန်က လာတဲ့ဂျာကင်လည်း ဆုံးပြီ။ အခု သူ့ဘဝလည်း ဘယ်လိုကောင်မျိုးနဲ့ လာတွေ့နေလဲ မသိတော့ပေ။

ထို့ကြောင့် စိတ်ပေါက်ပေါက်နှင့် . . .

"မင်း ငါ့ရှေ့က ထွက်သွားတော့ကွာ. . . ကြာရင် ငါ မင်းကို ထိုးမိလိမ့်မယ်"

စားပွဲထိုးလေးက ခေါင်းကုတ်ကာ လှည့်ထွက်မလို့ လုပ်ပြီးမှ . . .

"အိတ်(စ်)ကျူမီ ဘရားသား . . . ကျွန်တော် တစ်ခု တွေးမိလိုက်လို့ပါ"

ဇာနည် ခုံအောက်ထဲ ငုံ့ရှာနေရင်းမှ . . .

"ပြောကွာ ပြော . . . မြန်မြန်ပြောပြီး သွားတော့"

စားပွဲထိုးလေးက . . .

"ဒီလိုပါ ဘရားသား . . . ခုန ဘရားသား နောက်မှာ ထိုင်နေတဲ့ ဘရားသားတစ်ယောက်ကများ . . . ဘရားသားဂျာကင်ကို ခနောက်ပြီး ယူသွားသလားလို့"



www.burmeseclassic.com

www.burmeseclassic.com



ဇာနည့်ခေါင်းက ဆတ်ခနဲ ထောင်သွားသည်။ ထို့နောက် စားပွဲထိုးလေးရဲ့ လက်မောင်းနှစ်ဖက်ကို ဆွဲကိုင်လိုက်ကာ . . .

"ပြော . . . ပြောစမ်း . . . မင်း အဲဒီကောင် ငါ့ဂျာကင် ယူသွားတာ တွေ့လိုက်လား"

စားပွဲထိုးလေးက ခေါင်းခါပြပြီး . . .

"ရှုးဝါးလီးတော့ မတွေ့လိုက်ပါဘူး . . . တွေးကြည့်မိတာပါ ဒီလိုပဲ ကျောင်းသား ကျောင်းသူတွေက တစ်ယောက်နဲ့တစ်ယောက် နောက်ပြောင်နေတတ်ကြတာ . . . ကျွန်တော်မြင်ဖူးလို့"

ဇာနည်တွေဝေသွား၏။

စားပွဲထိုးလေး ပြောတာ ဖြစ်နိုင်သည်။

သော်နိုင်မြင့်ဆိုတဲ့ကောင်က ယုံရတာ မဟုတ်။ ထိုနေ့က သူ့ကို ရန်မူထား၍ အဲဒီကိစ္စကို ကြည်ချင်မှကြည်မည်။ ထို့ကြောင့် သူ့ဂျာကင်ကို ဒီကောင်ယူသွားနိုင်သည်ဟု တွေးပြီး စားပွဲထိုးလေး အား . . .

"Thank you ညီလေး"

စားပွဲထိုးလေးက သူ့စကားကို တည်ငြိမ်စွာ နားထောင်ပြီး

"နိုး ပလော်ပလန်ပါ ဘရားသား"

ဇာနည် ဘာမှပြန်မပြောတော့ဘဲ ကဲန်တင်းထဲမှ ကမူးရှူးထိုး ပြေးထွက်သွားပါတော့သည်။





သော်နိုင်မြင့် ဂျာကင်က သူနဲ့ နည်းနည်းကြီးနေသည်ဟု စိုးငယ်ထင်မိသည်။ သို့သော် ကိစ္စမရှိ။ သော်နိုင်မြင့်လိုကောင်ဆီက ဒီလိုဂျာကင်မျိုးကို ရအောင်ခိုးလာနိုင်၍ သူ တော်တော်ကျေနပ် မိ၏။ ဟိုကောင်တွေ တွေ့ရင်လည်း သူ ဒီကိစ္စကို ပြောပြရဦးမည်။ ပြီးတော့ ဟိုကောင်တွေနှင့် တိုင်ပင်ပြီး ဂျာကင်ပြန်လိုချင်ရင် ဝမ်း တေဘယ် . . . ဒါပဲ။

စိုးငယ် အတန်းထဲဝင်လိုက်သည်နှင့် မိုးအောင်နဲ့ မြင့်ဇော် က လှမ်းကြည့်ကာ။

"ဟ . . . ဘယ်က ဂျာကင် ခိုးလာတာလဲ"

စိုးငယ်က နှုတ်ခမ်းရှေ့မှာ လက်ညှိုးကို ထောင်ပြ၍

"ရှူး တိုးတိုး . . . ငသော့်ဆီက အလစ်သုတ်လာတာ . . . ဒါကို ငါတို့ဖွက်ထားလိုက်မယ်လေ . . . ဒီကောင် လာမေးမှာသေ ချာတယ် . . . လိုချင်ရင် ညနေဘီယာတစ်ဝိုင်း တိုက်လို့ပြောနိုင်



www.burmeseclassic.com

www.burmeseclassic.com



မယ်"

ဘီယာဆိုတဲ့ ဝေါဟာရကို ကြားရ၍ အားလုံး ဝင်းဝင်းတောက်သွားကြသည်။ ထို့ကြောင့် ဂျာကင်ကို သေချာခေါက်ကာ စိုးငယ်က မိုးအောင်ကို လှမ်းပေးလိုက်ပြီး . . .

"မိုးအောင် . . . မင်း ကျောပိုးအိတ်ဆို ဆန့်တယ် . . . ထည့်ထားလိုက် ဒီကောင်လာရင် တစ်ဝိုင်းမပေးမချင်း . . လုံးဝထုတ်မပေးနဲ့နော် . . . ဂျာကင်က အကောင်းစားကြီးကွ ဒီကောင် ဘီယာ တစ်ဝိုင်းတော့ တိုက်မှာ သေချာတယ်"

မိုးအောင်ကလည်း ဘီယာသောက်ရမယ် ဆိုလို့ကတော့ မြွေပွေးတောင် အရှင်လတ်လတ် ကျောပိုးအိတ်ထဲ ထည့်မယ့်ကောင်။ ထို့နောက် ဂျာကင်ကို သေသပ်စွာ ကျောပိုးအိတ်ထဲ ထည့်သိမ်းလိုက်ပါတော့သည်။

ထိုအချိန်မှာ သော်နိုင်မြင့် အခန်းထဲသို့ ဝင်လာ၍ အားလုံး ခပ်တည်တည်နှင့် ငြိမ်သွားကြ၏။ သော်နိုင်မြင့်ကတော့ ယခုအချိန်ထိ သူ့ထံပါလာသော ဂျာကင်ကို သူ့ဂျာကင်ဟု ထင်နေဆဲပင်ဖြစ်သည်။ ဂျာကင်ကလည်း တိုက်တိုက်ဆိုင်ဆိုင် အရောင်အစင်းအတူတူ ဖြစ်နေ၍ ရုတ်တရက် သူ့ဟာ ကိုယ့်ဟာ ခွဲခြားရခက်လှ၏။

ထို့ကြောင့် သော်နိုင်မြင့်က ဂျာကင်လေးကို လှပ်ကာ လှပ်ကာနှင့် စတိုင်ကျကျ ဝင်လာပါတော့သည်။

သော်နိုင်မြင့်ကို ကြည့်၍ ပထမဆုံး အံ့ဩသွားသူမှာ စိုးငယ်ပင်ဖြစ်သည်။ စိုးငယ်က သူ့ဘာသာသူ အတွေးရကျပ်ကာ သွား၏။ သူသည် သော်နိုင်မြင့်ရဲ့ ဂျာကင်ကို အတိအကျ ယူလာခြင်းဖြစ်သည်။ ဒါပေမဲ့ သော်နိုင်မြင့် ကိုယ်ပေါ်မှာ သူယူလာတဲ့ ဂျာကင် အမျိုးအစား တစ်ထည်က အဘယ်ကြောင့် ထပ်ရောက်နေရသနည်း။

စိုးငယ်လိုပင် ကျန်တဲ့သူတွေကပါ သော်နိုင်မြင့်ကို ကြည့်ပြီး





စိုးငယ်ကို ဝိုင်းကြည့်ကြကာ . . .

"ဟေ့ကောင် . . . မင်းဟာက ဟုတ်ရောဟုတ်သေးရဲ့လား ကွာ . . . ဟိုကောင့်ကို ကြည့်ဦး ဂျာကင်ကြီးနဲ့"

စိုးငယ်လည်း အတွေးရကျပ်စွာနှင့် . . .

"ငါလည်း ယူလာတာ သေချာပါတယ်ကွာ . . . ဒီကောင့် ဘေးမှာ ချထားတဲ့ဂျာကင်ကို ယူလာတာပါ"

"ဒါဆို ဒီကောင့်ကိုယ်ပေါ်က ဟာက ဘယ်သူ့ဟာလဲ"

"သိဘူး"

ထိုအချိန်မှာ သော်နိုင်မြင့် ရောက်လာ၍ အားလုံး တိတ်သွားကြသည်။ သော်နိုင်မြင့်က သူ့ကို ကြောင်တောင်တောင်နှင့် ဝိုင်းကြည့်နေသော သူငယ်ချင်းတွေကို ကြည့်၍ . . .

"ဟေ့ကောင်တွေ ယောကျ်ားအချင်းချင်း . . အဲဒီလောက် မကြည့်နဲ့လေကွာ . . . ငါ ရှက်တာပေါ့ ဟဲ ဟဲ ဘာလဲ . . . ငါ့ ဂျာကင်နဲ့ ငါနဲ့ သိပ်လိုက်နေလို့လား"

အားလုံးက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြသည်။ ပြီးနောက် သော်နိုင်မြင့်ကို တွေတွေကြီးစိုက်ကြည့်ကာ . . .

"အေး . . . ဟဲ ဟဲ အေးကွ . . . မင်းနဲ့ လိုက်တယ် . . ဘယ် . . . ဘယ်က ဝယ်တာလဲ"

"ဟဲ . . . ဟဲ လိုက်ရမယ်လေ . . . ဒါ ငါ့အဖေ ဂျပန်သွားတုန်းက ပါလာတာကွ"

ထိုအချိန်မှာပင် . . .

"ဘာကွ"

ရုတ်တရက် ပေါ်လာသော ဇာနည့်အသံကြောင့် အားလုံး ကြောင်တောင်တောင်ဖြစ်သွားကြ၏။ သော်နိုင်မြင့်က သူ့ဂျာကင်ကို ဇာနည်က ဆွဲလှည့်လိုက်၍ တင်းသွားကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် . . . မင်း ဒါ ဘာလုပ်တာလဲ"

ဇာနည်က . . .

"သူခိုးဖမ်းတာလေ . . . ငါ့ဂျာကင်ကို ခိုးသွားတဲ့ ဂျာကင် သူခိုးကို ဖမ်းတာ"

"ဘာကွ . . . မင်း ဘာပြောတာလဲ"

"မင်း မရှင်းဘူးလား . . . ငါ့ဂျာကင်ကို ခိုးသွားတဲ့ ဂျာကင် သူခိုးကို ဖမ်းတာလို့ ပြောတာ"

သော်နိုင်မြင့် ဇာနည့်ကို မျက်လုံးကြီး ပြူးပြီး ကြည့်နေမိသည်။ ပြီးတော့ . . .

"မင်း . . . မင်း စကားပြောတာ ကြည့်ပြောနော် . . . ဒါ ငါ့ဂျာကင်ကွ"

"ဘာ မင်းဂျာကင် ဟုတ်လား . . . ဒါ ငါ့ဂျာကင် . . . ငါ ကန်တင်းမှာထိုင်နေတုန်း . . . မင်းယူသွားတာလေ"

သော်နိုင်မြင့်က ဇာနည့်ကို ကြောင်ကြည့်နေရာမှ ရုတ်တရက် ထရယ်ပစ်လိုက်သည်။ အားရပါးရ ရယ်ပြီးတော့မှ . . .

"ဇာနည် . . . မင်း ရူးသွားပြီလား . . . ဒါ ငါ့ဂျာကင်ဆိုတာ အားလုံးသိတယ် . . . မင်း မယုံရင် စိုးငယ်ကို မေးကြည့် . . ဒီကောင်နဲ့ငါ ကန်တင်းမှာ ထိုင်တုန်းက ငါ့ဆီမှာ ဒီဂျာကင်ရှိတာ သူသိတယ် . . . မင်းဟာမင်း ဘာတွေ အရူးထပြီး လာစွတ်စွဲနေတာလဲ"

ဇာနည်က ဘယ်လိုပြောပြော လက်မခံပေ။

"မင်း ဘာမှ မုန်လာဥမလုပ်နဲ့ . . . ဒါ ငါ့ဟာ"

"ဟော့ကောင် ငါ့ဟာကွ"

"ငပြူးက ပြဲရတယ် ရှိသေးတယ် . . . ဒါ ငါ့ဟာကွ"

အခြေအနေက တင်းမာလာသည်။ တစ်ယောက်နဲ့ တစ်





ယောက် စွဲလား ရမ်းလားတွေ ဖြစ်လာကြ၏။

စိုးငယ်တို့က ဇာနည်နဲ့ သော်နိုင်မြင့်တို့ ဖြစ်နေကြတာတွေကိုကြည့်ပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။ ဒီပွဲမှာ စိုးငယ်ဝင်ပြီး မဖျန်ဖြေရင် ပြဿနာက ပိုပြီး ကြီးထွားသွားနိုင်သည်။ ဇာနည်ကလည်း အလျှော့ပေးမှာမဟုတ်။ သော်နိုင်မြင့်ကလည်း သူ့ကို ပေါ်တင်ကြီးစွပ်စွဲ၍ လုံးဝအလျှော့ပေးမယ့်ပုံ မပေါ်။

ထို့ကြောင့် စိုးငယ်က အခြေအနေ အရပ်ရပ်ကို သုံးသပ်လိုက်ကာ ထရပ်လိုက်၍ . . .

"သော်နိုင်မြင့် . . . မင်းဂျာကင်က ဒီမှာ"

ဟု ဆိုကာ မိုးအောင် ကျောပိုးအိတ်ထဲက သူ ယူလာတဲ့ ဂျာကင်ကို ထုတ်ပေးလိုက်တော့သည်။

သော်နိုင်မြင့်က စိုးငယ်ထုတ်ပေးတဲ့ ဂျာကင်ကို ကြောင်တောင်တောင်နဲ့ ကြည့်၏။ ဇာနည်ကလည်း တအံ့တသြကြည့်သည်။

ထို့နောက် သော်နိုင်မြင့်က သူဝတ်ထားသော ဂျာကင်ကို ချွတ်၍ စိုးငယ်ဆီက ဂျာကင်ကို ယူကြည့်လိုက်၏။ ဂျာကင်နှစ်ထည်လုံးမှာ တံဆိပ်အတူတူ ဆိုဒ်အတူတူပင်။ ထိုအချိန်မှာ စိုးငယ်က သော်နိုင်မြင့် လက်ထဲက ဂျာကင်နှစ်ထည်လုံးကို ယူ၍ သူ့လက်ထဲမှာ ရောကိုင်လိုက်ကာ . . .

"ကဲ . . . မင်းတို့ နှစ်ယောက်လုံးရဲ့ ဂျာကင်တွေက အတူတူပဲ . . . ဒီလို တိုက်ဆိုင်မှုမျိုးဆိုတာလည်း ဖြစ်တောင့်ဖြစ်ခဲပါ . . အခု ကြည့်လေ . . . ဘယ်သူ့ဂျာကင်က ဘယ်သူ့ဟာလဲ"

နှစ်ယောက်လုံး ဂျာကင်နှစ်ထည်ကို ကြည့်၍ ကြောင်နေကြသည်။ ဘယ်ဂျာကင်က ဘယ်သူ့ဟာမှန်း မသိတော့။

စိုးငယ်က . . .

"ကဲ . . . မင်းတို့ ကြည့်ကြလေ . . ဘယ်ဂျာကင်က ဘယ်သူ့



www.burmeseclassic.com

www.burmeseclassic.com



ဟာလဲ"

သော်နိုင်မြင့်က . . .

"မင်းလုပ်မှ ရှုပ်ကုန်ပြီ . . . ဘယ်ဟာက ဘယ်သူ့ဂျာကင်လဲ ဆိုတာ ငါလည်း ဘယ်ခွဲတတ်တော့မလဲ . . . အားလုံးက အသစ်တွေဆိုတော့"

ဇာနည်က ဝင်၍ . . .

"ငါ့ဟာက မနက်ကမှ တံဆိပ်ဖြုတ်ပြီး ဝတ်လာတာကွ"

သော်နိုင်မြင့်ကလည်း ပြန်၍ . . .

"ငါလည်း ဘာထူးလို့လဲ . . . မနက်ကမှ ဖြုတ်ပြီး ဝတ်လာတာ"

ဒီလိုနဲ့ နှစ်ယောက်လုံး ငြင်းခုံကြသည်။ သို့သော် ဘယ်ဟာက ကိုယ့်ဟာလည်း ဆိုတာတော့ သူတို့ မခွဲခြားတတ်တော့ . .

အဲဒီတော့မှ စိုးငယ်က . . .

"ဒါပဲကွ . . . လောကမှာ ကံကြမ္မာက ဇာတ်လမ်းဆင်ရင် ရှောင်လွှဲလို့ မရဘူးဆိုတာ . . . ဒါက သက်သေပြတာ . . . အခု မင်းတို့ နှစ်ယောက်ရဲ့ ဂျာကင်တွေကို မင်းတို့ ကိုယ်တိုင်တောင် ခွဲခြားမရတာ ဘယ်သူတွေက ခွဲခြားတတ်မှာလဲ . . . ဒီအတိုင်းပဲ မင်းတို့တွေ တစ်ယောက်နဲ့တစ်ယောက် စိတ်တူကိုယ်တူ . . . ပေါင်းစည်းလိုက်ရင် မကောင်းဘူးလားကွာ . . . ငါတို့တွေက တစ်ခန်းတည်းသား . . . တစ်ကျောင်းတည်းနေ . . . တစ်မေဂျာတည်းထွက် သူငယ်ချင်းတွေပါ . . . ဖြစ်ပြီးတဲ့ကိစ္စတွေကို လုံးဝမေ့ထားလိုက်ကြပြီး . . . အားလုံးချစ်ချစ်ခင်ခင် နေကြရအောင်လားကွာ"

စိုးငယ်စကားကို အားလုံးက ငေးပြီး နားထောင်နေသည်။ ဒီတစ်ခါတော့ အရှုံးက တမူးသာသည်ဟုပဲ ပြောပြော သူပြောတဲ့ စကားက မှန်နေ၍ အားလုံး ငြိမ်သွားကြ၏။





ခဏနေတော့ သော်နိုင်မြင့်က စိုးငယ်လက်ထဲက ဂျာကင်နှစ်ထည်ကို ဆွဲယူကာ ဇာနည့်ဆီလှမ်းပေးပြီး . . .

"မင်းကြိုက်တဲ့ တစ်ထည်ယူသွားကွာ . . . မင်းမကြိုက်တာ ငါ့ကို ပေးခဲ့"

ဇာနည်က သော်နိုင်မြင့်လက်ထဲက ဂျာကင်တွေကို ငေးကြည့်ရင်းမှ . . .

"ရပါတယ် . . . မင်းကြိုက်တာ ပေးပါ"

သော်နိုင်မြင့်က ရယ်လိုက်သည်။ ဇာနည်လည်း ဘာကြောင့်မှန်းမသိ လိုက်ရယ်မိ၏။ အရယ်ဆုံးတော့ သော်နိုင်မြင့်က . . .

"ရော့ . . . ဒီဟာ မင်းယူ"

ဇာနည်က သူ့ကို လှမ်းပေးတဲ့ ဂျာကင်ကို လှမ်းယူလိုက်၏၊ ပြီးတော့ . . .

"မင်းဟာက အသစ်ဆိုတာ သေချာတယ်နော်"

"သေချာပါတယ်ကွ . . . မင်းဟာကရော"

"အသစ်ဆက်ဆက် ရေတောင်မရောဘူး"

ထို့နောက် အားလုံး ဝိုင်းရယ်လိုက်ကြသည်။ အားလုံး ရယ်ပြီးသွားတော့ စိုးငယ်က . . .

"အဲဒီလိုမှပေါ့ကွာ . . . ပျော်ပျော်ပါးပါး ချစ်ချစ်ခင်ခင်ပေါ့ . . . ကဲ ဒါဆို ငါတို့တွေ တစ်ယောက်နဲ့တစ်ယောက် ပြေလည်သွားတဲ့အထိမ်းအမှတ်နဲ့ . . . မင်းတို့နှစ်ယောက်က ငါတို့အကုန်လုံးကို မုန့်လိုက်ကျွေးရမယ်"

သော်နိုင်မြင့်က . . .

"ဘာဆိုင်လို့လဲ"

ဇာနည်ကလည်း ဝင်၍ . . .

"အေးလေ . . . ဘာဆိုင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်ဆိုင် မဆိုင်ဆိုင်ကွာ . . . ကျွေးရမယ် ဒါပဲ"

အားလုံးက ပြန်အော်ကာ နှစ်ယောက်စလုံးကို လက်ဆွဲ၍ ခေါ်သွားကြတော့၏။

ဇာနည်နဲ့ သော်နိုင်မြင့်လည်း အားလုံး ဆွဲခေါ်ရာသို့ ယက်ကန်ယက်ကန်နှင့် ပါသွားကြပါတော့သည်။

လမ်းရောက်တော့ ဇာနည်က . . .

"ငါ့မှာ နှစ်ထောင်ပဲ ပါတယ်နော် . . . လိုရင် မင်းတို့ အကုန်ဆိုက်"

အားလုံး ဝိုင်းရယ်လိုက်ကြ၏။

သော်နိုင်မြင့်က ဝင်၍ . . .

"ငါပဲ ဒကာခံလိုက်ပါ့မယ်ကွာ . . . ဟိုတစ်ခါ မင်းဆီက ယူသွားတဲ့ အကြွေးတွေ ပြန်ဆပ်တဲ့သဘောပေါ့"

ဇာနည်က ရှုံ့မဲ့မဲ့နဲ့ တစ်ချက်ပြုံးလိုက်ကာ . . .

"ဒါဆိုလဲ ပြီးရော"

ဟု ပြန်ပြောလိုက်တော့သည်။





## အခန်း (၄)

မေဝတီထွဋ်သည် ဒီနေ့ ခေါင်းထဲမှာ မူးနောက်နောက်ကြီး ဖြစ်နေ၍ ကျောင်းမှ အိမ်သို့ စောပြန်ရန် စဉ်းစားလိုက်သည်။ ထို့ကြောင့် သူငယ်ချင်းတွေကို ပြောကာ ကားဆီသို့ ထွက်လာလိုက်သည်။ ကားထဲရောက်တော့ ကားစက်နှိုးလိုက်သည်။ ကားစက်က မနိုး။ ဝတီစိတ်ညစ်သွားသည်။ အကြိမ်ကြိမ်ထပ်နှိုးသော်လည်း မနိုးဘဲနေ၏။

ဘက်ထရီဝင်သွားပြီဆိုတာ သူမသိလိုက်သည်။ ဒါဆို တွန်းနှိုးမှရတော့မည်ဟု တွေးကာ ကားပေါ်မှဆင်း၍ ပတ်ဝန်းကျင်ကို လှေလာလိုက်တော့ ငိုက်ဆိုက်ငိုက်ဆိုက်နဲ့ လျှောက်လာတဲ့ လူတစ်ယောက်ကို တွေ့လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုလူကို မြင်ဖူးနေသလိုလိုရှိသည်ဟု သူမတွေးလိုက်၏။ သေချာကြည့်လိုက်တော့ သော်နိုင်မြင့်မှန်း သူမသိလိုက်သည်။ သူမ အနေနှင့် ထိုနာမည်ကို ပို၍ မှတ်မိနေခြင်းမှာလည်း သူမအစ်ကို ဇာနည်နှင့် ပြဿနာဖြစ်ဖူးသောကြောင့် မှတ်မိနေခြင်းပင်။

သူမ လှမ်းခေါ်မလို့ လုပ်စဉ်မှာပင် သော်နိုင်မြင့်က သူမကို တွေ့သွား၍ လှမ်းလာ၏။ အနားရောက်တော့ . . .

"ဘယ်သွားမလို့လဲ"

သူမက

"အိမ်ပြန်မလို့ . . . အဲဒါ ကားက ဘာဖြစ်သွားမှန်း မသိဘူး . . . စက်နိုးလို့ မရတော့လို့"

"ဘက်ထရီများ ဝပ်သွားလို့လား"

"ကျွန်မလည်း ထင်တာပဲ . . . မော်တာက တအိအိနဲ့တော့ လည်တယ်"

သော်နိုင်မြင့် ခေါင်းကုတ်လိုက်ရင်း . . .

"ဒါဆို တွန်းရမယ် ထင်တယ် . . . ကျွန်တော်ကလည်း တစ်ယောက်တည်း . . . တွန်းတော့ တွန်းကြည့်မယ်လေ . . . မရတော့လည်း တစ်မျိုးကြံတာပေါ့"

"ဖြစ်ပါ့မလား"

သူမက ဖြစ်ပါ့မလားဟုသာ ပြောနေသည်။ သော်နိုင်မြင့်က ပုဆိုးကို တိုတိုဝတ်ပြီး ကားတွန်းဖို့တောင် ပြင်နေပြီ။

သူမလည်း ဘာမှ မပြောတော့ဘဲ ကားထဲဝင်ထိုင်ကာ ဂီယာကို ထိုး၍ ကလပ်ကို ဖိနင်းထားလိုက်တော့သည်။

သော်နိုင်မြင့်က အားရှိသလောက် ဖိတွန်းပေး၏။ ကားကလည်း တစ်ယောက်တည်းအားဆိုတော့ ရွေ့သင့်သလောက်တော့ ရွေ့ပါသည်။ သို့သော် စက်နိုးသွားရလောက်သည်အထိတော့ မရွေ့





သေး။

သို့သော် သော်နိုင်မြင့်တစ်ယောက်တည်း ကားတွန်းနေတာကို မကြည့်ရက်တဲ့ ဘေးက ဖြတ်သွားသော ကျောင်းသားတွေ လာရောက်ဝိုင်းတွန်းပေးကြ၏။

ဤသို့ဖြင့် နှစ်ယောက်သုံးယောက်လောက် ဝိုင်းတွန်းလိုက်တော့ ကားက နိုးသွားသည်။ ကားနိုးသွားတော့ ဝိုင်းတွန်းပေးတဲ့ ကျောင်းသားတွေကို သော်နိုင်မြင့်က ကျေးဇူးတင်စကားဆိုလိုက်သည်။ ထိုကျောင်းသားတွေ ထွက်သွားတော့ ဝတီက ကားပေါ်မှ ဆင်းလာကာ . . .

"ကိုသော်နိုင်မြင့်ကို ကျေးဇူးတင်ပါတယ် . . ဝတီရဲ့ အခက်အခဲကို အခုလိုဖြေရှင်းပေးတဲ့အတွက်"

"ရပါတယ်ဗျာ . . . ကျွန်တော် တစ်ယောက်တည်း ကူညီတာမဟုတ်ပါဘူး . . . ခုန ဒီနားက ဖြတ်သွားတဲ့ကျောင်းသားတွေလည်း ပါပါတယ်"

ဝတီက ပြုံးလိုက်ကာ . . .

"ဟုတ်တော့ဟုတ်ပါတယ် . . . ဒါပေမဲ့ ကိုသော်နိုင်မြင့်က စတွန်းပြလို့ သူတို့က ကူညီတာလေ ဪ . . သူတို့ကိုတောင် ဝတီ ကျေးဇူးတင်စကား မပြောလိုက်ရဘူး"

"ရပါတယ် . . . ကျွန်တော် ဝတီ့ကိုယ်စားပြောပေးလိုက်ပါတယ်"

ဝတီက ခေါင်းညိတ်ပြ၍ . . .

"ဘာပဲဖြစ်ဖြစ် ကျေးဇူးပါ"

"ရပါတယ်ဆိုဗျာ . . . ဒါပဲ ထပ်ပြောနေတော့ ကျွန်တော် မနေတတ်တော့ဘူး . . . နောက်ပြီး ဝတီက ကျွန်တော့်သူငယ်ချင်း ဇာနည်ရဲ့ ညီမဖြစ်နေတော့ ကျွန်တော့်မှာ ကူညီပေးဖို့ တာဝန်ရှိ



www.burmeseclassic.com

www.burmeseclassic.com



နို့ပါတယ်"

ထိုစကားကို ကြားတော့ ဝတီက မျက်ခုံးလေးပင့်လိုက်ကာ

"ကိုဇာနည်နဲ့ ကိုသော်နိုင်မြင့်က ဟိုတစ်ခါ ပြဿနာလေး နည်းနည်းရှိတယ် ကြားတယ် . . . အခု"

သော်နိုင်မြင့်က စကားကို ဖြတ်၍

"အခု ပြေလည်သွားပါပြီ . . . အားလုံး အေးဆေးပါ . . သူငယ်ချင်းအရင်းတွေလို ဖြစ်သွားကြပြီ"

ဝတီက ကျေနပ်ပြုံးလေးနှင့် ခေါင်းညိတ်ပြ၍ . . .

"ကောင်းပါတယ် . . . အခုလို သတင်းကြားရတော့ ဝတီ စိတ်ချမ်းသာပါတယ် . . . ဒါဆို ဝတီသွားဦးမယ် နောက်လည်း . . . ဝတီ အခက်အခဲရှိရင် ကူညီရမယ်နော်"

သော်နိုင်မြင့်က ပြုံး၍ ခေါင်းညိတ်ပြလိုက်ကာ . . .

"ကောင်းပါပြီဗျာ"

ဝတီ ကားကို ညင်သာစွာ မောင်းထွက်သွား၏။ သော်နိုင်မြင့် ငေးကာ ကျန်ခဲ့သည်။

မေဝတီထွဋ်သည် ငြင်းစရာမရှိအောင် လှပသည့် ကောင်မလေးတစ်ယောက်ဆိုတာ သူ့ရင်ထဲမှာ ထပ်ဆင့် အသိအမှတ်ပြု လိုက်မိတော့၏။





သူမအိမ်ကို ပြန်ရောက်တော့ ဧည့်ခန်းထဲမှာ ပြုံးဖြီးဖြီးကြီး ထိုင်နေသော တင်ကိုဦးကို တွေ့လိုက်ရ၍ အံ့ဩကာ သွားသည်။ တင်ကိုဦးက သူမ မာမီနှင့် စကားကောင်းနေ၏။

သူမ ဧည့်ခန်းထဲကို ဝင်သွားတော့ သူမ မာမီက . . .

"သမီးတောင် ပြန်လာပြီလား . . . စောလိုက်တာ"

တင်ကိုဦးကလည်း သူမကို လှည့်ကြည့်သည်။ သူမက တင်ကိုဦးကို ကြည့်နေရာမှ အကြည့်ကို ဖယ်လိုက်ကာ . . .

"ဟုတ်တယ် မာမီ . . သမီး ဒီနေ့ ခေါင်းမူးလို့ ပြန်လာတာ"

"ဩော် . . . အေး ဒီမှာ ခဏ လာထိုင်ပါဦး သမီးရယ် . . သမီးကို မာမီ မိတ်ဆက်ပေးစရာရှိလို့"

သူမ ပထမတော့ နေမကောင်းတာကို အကြောင်းပြပြီး လစ်ထွက်မလို့ လုပ်လိုက်သော်လည်း တင်ကိုဦးက ဆိုင်းမဆင့် ဗုံမဆင့် ရောက်လာတာကို သိချင်၍ သူမ မိခင်နားသို့ အလိုလိုအထိုက်



www.burmeseclassic.com

www.burmeseclassic.com



သွားထိုင်လိုက်သည်။

"သမီး သူက မောင်တင်ကိုဦးတဲ့ . . . သမီး ဒက်ဒီ သူငယ်ချင်းရဲ့သားလေ . . . အခု မောင်တင်ကိုဦးက သင်္ဘောလိုက်မယ့်ကိစ္စလုပ်မလို့ သမီး ဒက်ဒီဆီ လာတာ"

ဝတီတို့ ဒက်ဒီက သင်္ဘောကပ္ပတိန်ဟောင်းတစ်ယောက်ဖြစ်၏။ ကပ္ပတိန်အလုပ်မှ အနားယူပြီး ယခုလို သင်္ဘောလိုက်ချင်သူတွေကို သင်္ဘောလိုင်း တင်ပေးသောအလုပ်ကို လုပ်နေသူဖြစ်သည်။

အခုတော့ တင်ကိုဦးက ဘယ်က ဘယ်လိုဖြစ်ပြီး သင်္ဘောလိုက်မယ်ဖြစ်သွားလဲ မသိပေ။

"အဟဲ . . . ဟဲ ကျွန်တော်နဲ့ ဝတီနဲ့က . . . သိပါတယ် အန်တီ . . . ကျောင်းမှာလည်း အခေါ်အပြောရှိပါတယ်"

တင်ကိုဦး စကားဆုံးတော့ မာမီက ဝတီ့ကို လှည့်ကြည့်ကာ

"ဟုတ်လား သမီး . . . သမီးတို့က သိကြလား"

ဝတီလည်း ရုတ်တရက်ဆိုတော့ ဘာပြန်ပြောလို့ ပြောရမှန်း မသိဖြစ်သွားသည်။ မသိဘူး ဟု ပြောလျှင်လည်း မာမီ့ရှေ့မှာဆိုတော့ ရိုင်းရာ ကျသွားမည်စိုး၍ . . .

"ဟုတ် . . . မြင်ဖူးပါတယ်"

ဟုသာ မရုတ်မလွန်ပြောလိုက်ရသည်။

ဝတီ့မာမီကတော့ ဘာမှမသိရှာပဲ ဝမ်းသာအားရ ရယ်ရင်းနှင့် . . .

"သြော် . . . မောင်တင်ကိုဦးက အန်တီ့ကို သမီးနဲ့ သိတယ်ဆိုတဲ့အကြောင်း လျှို့ထားတာပေါ့လေ ဟုတ်လား"

"အဟဲ . . . ဟဲ ဟုတ်ရပါဘူး အန်တီရယ် . . . ကျွန်တော်က ရုတ်တရက် အန်တီအံ့ဩသွားရအောင်ပါ"

တင်ကိုဦး ရောက်လာရခြင်းအကြောင်းအရင်း ဇစ်မြစ်ကို





သိလိုက်ရ၍ ဝတီက ထလစ်ဖို့ လုပ်၏။

"မာမီ . . . သမီးခေါင်းမူးနေလို့ သွားနားတော့မယ်နော်"

ဟု ပြောကာ ထထွက်လာခဲ့တော့သည်။ တင်ကိုဦးနဲ့ မာမီသာ နှစ်ဦးသား အဖွဲ့ကျရင်း ဧည့်ခန်း၌ ကျန်ခဲ့၏။

တင်ကိုဦး ဘယ်ယုန်မြင်လို့ ဘယ်ခြုံထွင်တယ်ဆိုတာ သူမသိသည်။ သမီးကို မရတော့ မိဘတွေကို ချည်းကပ်ကာ ကြိုးစားသည့် ဘိုးတော်ဘုရား နို့စို့အရွယ်က နည်းလမ်း။

ဝတီ ပြုံးလိုက်သည်။

ခနဲ့ပြုံး . . .

ဒါမျိုးလာလုပ်ရင်တော့ ဝတီတို့ကလည်း ဒုံးပျံခေတ်က နည်းလမ်းတွေအတိုင်း တုံ့ပြန်လိုက်ရုံသာ။



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဥပဒေဘက် ခဏသွားမလို့ . . . လိုက်ကြမလား"

ဇာနည့်စကားကြောင့် အားလုံးက ကြည့်ပြီး . . .

"သက်သက်ဆီ သွားမလို့လား"

"မဟုတ်ပါဘူးကွာ . . . ငါ့ညီမဆီသွားမလို့ပါ"

"ဒါဆို သော်နိုင်မြင့်ကို ခေါ်သွား . . . ဒီကောင်က မင်းညီမကို ကြိုက်နေတာ"

ပေါ်တင်ကြီး တွယ်ထည့်လိုက်သော မြင့်ဇော်စကားကြောင့် သော်နိုင်မြင့် မျက်လုံးပြူးထွက်သွားကာ . . .

"ဟာ ဟေ့ကောင် . . . မင်း ဘာတွေ လျှောက်ပြောနေတာလဲ"

"မဟုတ်လို့လား . . . မင်းပဲ ဟိုနေ့က ဝတီလေးကို ကားကူ





တွန်းပေးလိုက်တာ သိပ်ပျော်တာပဲဆို . . . မင်း ကားတွန်းတာ ဝါသနာပါမှန်း ငါ မသိလို့ပါကွာ . . . ဒီလို ဝါသနာပါမှန်းသိရင် ငါတို့လမ်းထိပ်က ဝပ်ရှော့မှာ အလုပ်အပ်ပေးပါတယ် . . . အဲဒီ ဝပ်ရှော့မှာဆိုရင်တော့ မင်း ကြိုက်သလောက်တွန်းစမ်း . . တစ်နေ့ကို ဆယ်စီးလောက် တွန်းရမယ် . . . အမုန်းတွန်း"

သော်နိုင်မြင့် မျက်နှာ ရဲခနဲဖြစ်ကာသွား၏။ သူကလည်း သူ့အပြစ်နှင့် သူပင်ဖြစ်သည်။ ဟိုတစ်နေ့က ဝတီ့ကားကို တွန်းပြီး ပြန်လာတော့ မနေနိုင် မထိုင်နိုင်။ ဒီကောင်တွေကိုမှ သွားပြောမိတာကိုး။

ဇာနည်က အူတိအူကြောင်ကြီး လုပ်နေရာမှ ရယ်ကျဲကျဲကြီး လုပ်လိုက်၏။ အမှန်တော့ သော်နိုင်မြင့် ရှက်နေမှာစိုး၍ သူက ဖော့ပစ်လိုက်ခြင်းဖြစ်သည်။ သို့သော် မျက်နှာတော့ နည်းနည်းပူသည်။

"မင်းတို့ကလဲကွာ . . ပေါက်ကရလျှောက်ပြောမနေပါနဲ့"

မြင့်ဇော်ကပင် ဝင်၍ . . .

"ဘာပေါက်ကရမှ မပြောဘူး . . . ဒီကောင် မင်းညီမကို တကယ်ကြိုက်နေတာကွ . . . ဟိုနေ့ကဆို မင်းညီမလေးက တော်တော်လှတယ်ဆိုတဲ့အကြောင်း ငါတို့ကို လာပြောပြနေတယ်"

"ဟေ့ကောင်တွေ တော်တော့ကွာ မင်းတို့ . . ."

အားလုံး သော်နိုင်မြင့်ကို ကြည့်ကာ ဝိုင်းရယ်လိုက်ကြသည်။ သော်နိုင်မြင့်လည်း ရှက်ပြီး ဝိုင်းမှ ထထွက်သွား၏။

ဇာနည်က သော်နိုင်မြင့် ထထွက်သွားတာကို တွေ့တော့ နောက်မှ ထလိုက်လာကာ . . .

"ဒီလိုတော့ ထထွက်မသွားပါနဲ့ကွာ . . . မင်းအားနေရင် ငါနဲ့ ခဏလိုက်ခဲ့စမ်းပါ"

သော်နိုင်မြင့်က . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်တွေ ဒီလောက် စနောက်နေတာတောင် မင်းက ငါ့ကို ခေါ်နိုင်သေးတယ်နော်"

ဇာနည်က ရယ်ကျဲကျဲနှင့် . . .

"ငါက ဒီလောက် သဘောထား မသေးသိမ်ပါဘူးကွာ . . . တက္ကသိုလ်ကျောင်းသားနဲ့ ကျောင်းသူကို . . . စကြ နောက်ကြတာ အပြစ်မှ မဟုတ်တာ"

"ဒါဆို မင်းကို ဝိုင်းစနောက်ကြီးနဲ့ စတော့ . . . ဘာကြောင့် စိတ်ဆိုးလဲ"

ဇာနည်က သော်နိုင်မြင့်လက်မောင်းကို ခပ်ဖွဖွထိုးလိုက်ရင်း

"ဟော့ကောင် . . . ဟော့ကောင် တော်တော့ . . သူ့ကို ငါမှ ခံစားလို့ မရတာ"

"ဘာလဲ . . . ဝလို့လား"

ဇာနည်က ခေါင်းခါပြလိုက်ရင်း . . .

"အဲဒါနဲ့ မဆိုင်ဘူးကွ . . . ငါကိုက မကြိုက်တာ"

"မင်းက ဒါဆို . . . ဘယ်သူ့ကို ကြိုက်လဲ"

"ဟဲ ဟဲ . . . ဒါတော့ စုံစမ်းပေါ့"

"ငါသိပါတယ် . . . မင်းက သက်သက်ကို ကြိုက်နေတာ မလား"

ဇာနည်က ရှက်ရယ် ရယ်ရင်း . . .

"မင်းက ခန့်မှန်းတတ်သားပဲ"

"ဇာနည်ရယ် . . . ငါတင် မဟုတ်ပါဘူး . . . ကျန်တဲ့လူတွေလည်း ခန့်မှန်းမိပါတယ်ကွာ . . . ဒီကောင်တွေက မင်းကို မပြောချင်လို့ ကြည့်နေတာ . . မင်း အချိန်အားတိုင်း ဥပဒေဘက်သွားချင်နေတယ်ဆိုကတည်းက ဘယ်သူ့ဆီဆိုတာသိပြီးသား . . ဒီမှာဟော့ကောင် ကိုယ့်ညီမဆီတော့ . . အကြောင်းကိစ္စမရှိဘဲ ဘယ်သူမှ အလကားနေ





အလကား မသွားဘူး"

ဇာနည်က ရယ်လိုက်ပြီးမှ . . .

"ဒါဆို မင်းကရော . . . ငါနဲ့ ဥပဒေဘက် မလိုက်ချင်ဘူးလား"

"ငါက ဘာလို့ လိုက်ချင်ရမှာလဲ"

"ငါ့ညီမဆီကိုလေ"

သော်နိုင်မြင့် ဒီတစ်ခါတော့ ဘာမှ ပြန်မပြောတော့ပါ။ အားရပါးရသာ အော်ရယ်လိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဥပဒေမေဂျာအဆောင်ထဲကို ဝင်ဝင်ချင်း မေဝတီထွန်းတို့ အုပ်စုနှင့် သွားတိုးသည်။ ဝတီက ဇာနည့်ကို မြင်မြင်ချင်း ဝမ်းသာအားရ နှုတ်ဆက်ရင်း ပြေးသွားလိုက်ကာ . . .

"ဟေး ကိုဇာနည် . . . ဘယ်ကလာတာလဲ . . ညီမလေးဆီလား"

ဝတီ့စကားကြောင့် ဇာနည်ရယ်လိုက်ကာ . . .

"အေးပေါ့ဟာ . . . ဒီဘက်ရောက်လို့ လမ်းကြုံဝင်လာတာ"

ဝတီက ဇာနည့်ကို မျက်စောင်းတစ်ချက်ထိုးလိုက်ပြီး . . .

"လမ်းကြုံလို့လား . . . တမင် မကြုံ ကြုံအောင် ဝင်လာတာလား . . . ညီမလေးဆီတော့ ဟုတ်မယ်မထင်ပါဘူး"

ဇာနည်က ခေါင်းကို ကုတ်လိုက်သည်။ သူ့လုပ်ရပ်ကလည်း





ပေါ်တင်ကြီး ဖြစ်နေ၍ လိမ်ရခက်နေ၏။ အရင်က ဒီဘက်ကို တစ်လ တစ်ခေါက်တောင် မရောက်သူက အခုတော့ အကြောင်းမရှိ အကြောင်းရှာ ရောက်နေတတ်၍ လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားကာနေပြီ။

ဝတီက ဇာနည့်ပုံစံကိုကြည့်၍ မခိုးမခန့်ရယ်လိုက်ပြီး . . .

"ကဲပါ . . မောင်နှမတွေပဲ . . . ရှက်မနေပါနဲ့တော့ . . သက်သက်က ဟိုဘက်မှာ ထိုင်နေတယ် သွားလိုက်"

ဇာနည်က ရယ်ကျဲကျဲနှင့် . . .

"ဒါဆို ခဏနော် . . . ငါ သွားလိုက်ဦးမယ်"

ဟု ဆိုကာ ထွက်သွား၏။ သော်နိုင်မြင့်တစ်ယောက်သာ အူကြောင်ကြောင်နှင့် လိုက်ပဲသွားရမလိုလို နေပဲနေခဲ့ရတော့မလိုလို ဖြစ်ကာ သွားသည်။

ဝတီက သော်နိုင်မြင့်ကို ကြည့်၍ . . .

"ဘာလဲ လိုက်သွားချင်လို့လား"

သော်နိုင်မြင့်က . . .

"ဟို . . . အဲ လိုက်သွားရင် ကောင်းမလားလို့ . . . ဒါလည်း မကောင်းပါဘူး . . . သူတို့နှစ်ယောက် လွတ်လွတ်လပ်လပ်နေပါစေ"

"ဒါဆိုလည်း ကျွန်မနဲ့ ကန်တင်းကို လိုက်မလား"

သော်နိုင်မြင့် ခန္ဓာကိုယ်သည် လေထဲသို့ ရုတ်တရက်မြောက်တက်သွားသလို ခံစားလိုက်ရ၏။ သူတောင်းစားတော့ ဖုတ်သွင်းရထားဆိုက်လေပြီ။

ထိုအချိန်မှာ ဝတီက မျက်စလေးပစ်၍ . . .

"လိုက်မယ်မလား"

နှစ်ခါ မပြောရ။ သော်နိုင်မြင့်ခမျာ ဝတီ့နောက်သို့ ကိုယ့်ကိုကိုယ် ဘယ်လိုပါမှန်းမသိ ပါသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကန်တင်းရောက်တော့ ဝတီက သော်နိုင်မြင့်အား . . .

"ဘာသောက်မလဲ"

သော်နိုင်မြင့် ယောင်ကြောင်ကြောင်ကြီး ဖြစ်နေရာမှ သတိဝင်လာကာ . . .

"ကော်ဖီပဲ သောက်တော့မယ်"

ဝတီက ကော်ဖီတစ်ခွက်မှာပြီး သူမအတွက် အအေးတစ်လုံးမှာလိုက်သည်။ ထို့နောက် . . .

"ကိုသော်နိုင်မြင့်က ဒီနေ့ အဖော်လိုက်ပေးရတာလား"

သော်နိုင်မြင့်က ခေါင်းညိတ်ပြကာ . . .

"ဟုတ်ကဲ့ . . . ကျွန်တော့်ကို ဇာနည်က ခေါ်လာတာ"

ဝတီက ရယ်သည်။

"ဟုတ်တယ် ကိုဇာနည်က အဲဒီလိုပဲ . . . သူတစ်ယောက်တည်းလည်း မသွားရဲဘူး . . . သူငယ်ချင်းပါမှ . . . ပြီးတော့ အဲဒီဘက်မှာလည်း အဖြစ်မရှိဘူးလေ"

ဝတီ့စကားကြောင့် သဘောကျစွာ သော်နိုင်မြင့် ရယ်မိသည်။ ထိုအချိန်တွင် ဘယ်က ရောက်လာမှန်းမသိသော တင်ကိုဦးက ကန်တင်းထဲကို ဝင်ကာလာ၏။ ဆိုင်ထဲရောက်တော့ တင်ကိုဦး သူထိုင်မယ့်နေရာ ဟိုကြည့် ဒီကြည့်လုပ်ကာ ရွေးနေသည်။ သူတို့ကို မြင်ပုံမရသေး။ ခဏကြာတော့မှ ဝတီတို့ဝိုင်းကို တွေ့သွားတော့သည်။ ဝတီနဲ့ သော်နိုင်မြင့်ကို တွဲထိုင်နေတာတွေ့ရတော့ တင်ကိုဦး မျက်နှာ ဖျက်ကာသွား၏။ သို့သော် အချိန်ခဏအတွင်းမှာပင် ကြန္တြေပြန်ဆယ်လိုက်ကာ ဝတီ့ကို ပြုံးပြလိုက်သည်။

ဝတီကလည်း တင်ကိုဦးကို တွေ့တော့ ပြန်ပြုံးပြလိုက်ပါသည်။ ထို့နောက် ရုတ်တရက် အကြံရကာ တင်ကိုဦးအား သူတို့ဝိုင်းသို့လာရန် လက်ယပ်ခေါ်လိုက်၏။ တင်ကိုဦး ပြုံးကာရယ်ကာနှင့်





ရောက်လာတော့ . . .

"ကိုတင်ကိုဦး ဘယ်လာတာလဲ . . . ဒီကိုပဲလား"

"ဟုတ်တယ် ဝတီ . . . class ပြီးတော့ ဗိုက်ဆာတာနဲ့ ထွက်လာတာ . . . ဒါနဲ့ ဝတီ့သူငယ်ချင်းတွေ မပါဘူးလား"

တင်ကိုဦးရဲ့ စကား အဓိပ္ပာယ်အရ သော်နိုင်မြင့်ကို ဝတီ့သူငယ်ချင်းအဖြစ် အရင်ကမမြင်ဖူးသောကြောင့် ဆိုလိုလိုက်ခြင်းပင်။

ဝတီကလည်း ဒါကို သဘောပေါက်လိုက်သည်။ သူ ဆင်ထားတဲ့ ခွင်ထဲ တင်ကိုဦးဝင်လာ၍ အားရဝမ်းသာ ဖြစ်သွားကာ သော်နိုင်မြင့်ကို မေးငေါ့ပြ၍ . . .

"ဒါ ဝတီ့ရည်းစားလေ . . ကိုသော်နိုင်မြင့်တဲ့ . . . ကိုသော် ဒါ ဝတီ့မိတ်ဆွေ . . . တင်ကိုဦးတဲ့"

ဝတီ့စကားအဆုံးတွင် ပတ်ဝန်းကျင်အားလုံး တိတ်ဆိတ်ငြိမ်သက်ကာ သွား၏။ သော်နိုင်မြင့်က ဝတီ့ကို ပါးစပ်ဟောင်းလောင်းကြီးနှင့် ကြည့်ကာ ငူငေါင်ငေါင်ကြီးဖြစ်သွားသည်။

တင်ကိုဦးလည်း ရုတ်တရက် ကြက်သေသေကာသွား၏။ ခဏကြာတော့မှ အသိဝင်လာကာ . . .

"ကျွန်တော် တင်ကိုဦးပါ . . . Physic နောက်ဆုံးနှစ်ကပါ"

တင်ကိုဦးဆီက ထိုးပေးလာတဲ့ လက်ကို သော်နိုင်မြင့် ငေးကြည့်နေရင်းမှ ကြောင်တောင်တောင်နှင့် လက်ဆွဲနှုတ်ဆက်လိုက်၏။

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ"

"ကျွန်တော်လည်း ဝမ်းသာပါတယ် ကိုသော်နိုင်မြင့် . . . ဝတီ့လို ချောမောလှပတဲ့ ကောင်မလေးကို ပိုင်ဆိုင်ခွင့်ရတဲ့အတွက် ကွန်ကရက်ကျူလေးရှင်းပါ"

သော်နိုင်မြင့် ခေါင်းတွေညိတ်နေမိ၏။ သူကိုယ်သူ ဘာတွေလုပ်လို့ လုပ်နေမှန်းတောင် မသိအောင် အာရုံက ခန္ဓာနဲ့ ကွဲထွက်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ခဏကြာတော့ တင်ကိုဦး ပြန်သွားတာကိုလည်းကောင်း ဝတီနဲ့သူနဲ့ ကဲန်တင်းမှာ ခဏထိုင်ပြီး ထပြန်ခဲ့တာကိုသော်လည်းကောင်း သူဘာမှ အတိအကျ မမှတ်မိတော့ပေ။





နောက်နေ့ကျတော့ ကဲန်တင်းမှာထိုင်ရင်း ဖြစ်ပျက်ခဲ့တဲ့ ကိစ္စတွေကို သော်နိုင်မြင့်က သူငယ်ချင်းတွေကို ရှင်းပြသည်။ သော်နိုင်မြင့် ပြောပြတာတွေကို နားထောင်ရင်း သူတို့ မျက်နှာ၌ အံ့သြခြင်း၊ ထူးဆန်းခြင်း၊ မယုံနိုင်ခြင်းတို့ တစ်လှည့်စီ ပေါ်ကာလာ၏။

သော်နိုင်မြင့် စကားဆုံးသွားတော့ မြင့်ဇော်က လက်ဖြောက် တစ်ချက် ထတီးလိုက်ကာ . . .

"မင်း ပွပြီ . . . သော်နိုင်မြင့် . . မင်းတော့ ပွပြီ"

"ဘာဖြစ်တာလဲဟ"

"ဟ . . . ဘာဖြစ်ရမလဲကွ . . ဝတီက အလှအပမှာ ဒီလောက်နာမည်ကြီးတာ . . . မင်းကို သူ့ရည်းစားလို့ ကြေညာလိုက်တယ်ဆိုတော့ . . . မင်း ထောပြီပေါ့ကွ"

သော်နိုင်မြင့်က ခေါင်းကို ကုတ်လိုက်သည်။ ပြီးနောက်

"ဒါကလဲ ဟိုကောင့်ကို ရှဲ့ပြီးပြောလိုက်တာ နေမှာပါကွာ"

မြင့်ဇော်က စိတ်ပျက်စွာ ခေါင်းခါ၍ . . .

"ဘာပဲဖြစ်ဖြစ်ကွာ . . . အများ အမြင်မှာတော့ …



www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထိရည်းစားပဲ . . . ဒါပဲ"

မြင့်ဇော် စကားဆုံးတော့ အားလုံး ငြိမ်သွားကြသည်။ တစ်ယောက်အတွေးကိုယ်စီနှင့်။ တော်တော်လေး ငြိမ်သက်သွားပြီးတော့မှ သော်နိုင်မြင့်က သက်ပြင်းချကာ ထရပ်လိုက်၍ . . .

"ငါသွားတော့မယ်ကွာ"

"ဘယ်ကိုလဲ"

"အတန်းသွားမလို့"

"နေပါဦးကွာ . . . စောပါသေးတယ်"

သော်နိုင်မြင့်က နာရီကို ကြည့်၍ . . .

"ဘာပဲဖြစ်ဖြစ်ကွာ . . . အတန်းထဲ သွားထိုင်နေတော့မယ်"

ဟု ပြောကာ ထွက်သွားပါတော့သည်။

သော်နိုင်မြင့်ထွက်သွားတော့ ကျန်တဲ့လူတွေက တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး တစ်ယောက်က . . .

"ဒီကောင် ဘာဖြစ်သွားတာလဲ"

"သိဘူးလေ"

"အပူရှပ်သွားတာ ထင်တယ်ကွ"

"ဟုတ်မယ် . . . ဒီကောင် ရည်းစားပူရှပ်သွားတာဖြစ်မယ်"

သူတို့ ပြောသလိုပင် သော်နိုင်မြင့် ခမျာ တကယ်ပဲ ရည်းစားပူရှပ်သွားခြင်းဖြစ်သည်။ တည်ငြိမ်နေတဲ့ ရေပြင်လေးကို ခဲတစ်လုံးပြုတ်ကျသွားသလို သူ့နှလုံးသားရေပြင်လေးထဲကိုလည်း ဝတ္ထိဆိုတဲ့ခဲလုံးလေးတစ်လုံး အမှတ်မထင်ပြုတ်ကျသွားခြင်း ဖြစ်၏။

တကယ်ပဲ လှိုင်းဂယက်ထသွားခဲ့ပါသည်။

ရင်ထဲမှာ အုံ့မှိုင်းရီဝေနေဆဲ။



သူမကိုယ် သူမ ဘာတွေလုပ်ခဲ့သည်ဆိုတာကို ကိုယ့်ကိုကိုယ်နားမလည်နိုင်ခဲ့။ သူမရဲ့ အကျင့်အတိုင်း လုပ်ချင်ရာလုပ်ခဲ့ခြင်းဖြစ်သည်။ အခု သူမလုပ်ခဲ့တဲ့ ကိစ္စလေးတစ်ခုအတွက် တစ်ဖက်သားအပေါ် ဘယ်လောက်အထိ စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှုတွေ ရှိခဲ့မယ်ဆိုတာကို သူမ မတွေးမိခဲ့ပါ။

သူမ သိတာ တစ်ခုတော့ရှိသည်။

သူမ တင်ကိုဦးကို အမြင်ကတ်သည်။ ကြည့်လို့လည်း မရ။

သော်နိုင်မြင့်ကိုတော့ သူမခင်၏။

ထိုနေ့က ဖြစ်ရပ်သည် သော်နိုင်မြင့်အပေါ် ခင်မင်ရင်းစွဲရှိနေသော သူမ မသိစိတ်က အားကိုးသည့်စိတ်တစ်ခုအဖြစ် အသွင်သဏ္ဍာန် ထပြောင်းရာမှ ဖြစ်ပေါ်လာသည့်အကျိုးဆက်ဖြစ်၏။

ထိုအကျိုးဆက်၏ နောက်ဆက်တွဲတွေကတော့ . . .

www.burmeseclassic.com



တင်ကိုဦးက တွေ့သမျှလူကို လျှောက်ပြောသည်။ မေဝတီ ထွင့် ရည်းစားရသွားပြီ ဆိုတဲ့အကြောင်း . . .

ထိုကိစ္စက ဥပဒေမေဂျာတစ်ခုလုံး ပျံ့နှံ့ကာ သွားတော့၏။

"ဟင် ဝတီက ဘယ်ကဘယ်လို ရည်းစားရသွားတာလဲ . . သူ့ကို လိုက်နေတဲ့သူတွေ အများကြီးရှိပေမယ့် . . . သူက ပြန်အဖြေ ပေးတယ်လို့ မကြားမိပါဘူး"

ကြားရသူတွေက ထိုကဲ့သို့ ဆို၏။

တချို့က . . .

"ဒါဆို ဝတီ့ရည်းစားက မိုးကျရွှေကို တစ်ယောက်ဖြစ်မယ် ထင်တယ်"

"ဒါလည်း ဖြစ်နိုင်သလို . . သူ့လို နာမည်ကြီးပြီး သွေးနထင် ရောက်နေတဲ့ ကောင်မလေးတော်တော်များများက . . . ရည်းစား ရရင်လည်း အခုလို ရုတ်တရက်ကြီး ရသွားတတ်ကြတယ်ဟ . . . အဲဒီကောင်က ဘယ်သူလဲ"

"အီးမေဂျာကလို့ ပြောတာပဲ . . . မျက်နှာပြောင်စပ်စပ်နဲ့လို့ ပြောတယ်"

ဤသို့ဖြင့် နေရင်းထိုင်ရင်း သော်နိုင်မြင့်ကိုပါ လူတွေ စိတ်ဝင်စားကုန်ကြသည်။

ထိုသတင်းတွေကို ကြားကြားချင်း ဝတီ့ကို သူ့သူငယ်ချင်း တွေက အင်တာဗျူးထိုင်ကြပါတော့၏။

"နင် ဘယ်လိုလုပ်လိုက်တာလဲ ဝတီရယ် . . . ဆိုင်းမဆင့် ဗုံမဆင့်နဲ့"

ခင်မေဦးက မေးတော့ ဝတီက သက်ပြင်းချရင်း . . .

"ငါလည်း မပြောတတ်တော့ပါဘူးဟယ် . . . ဒီကိစ္စက အဲဒီလောက်အထိ လူသိရှင်ကြား ဖြစ်သွားမယ်လို့ မထင်မိဘူး"





"ဟဲ့ . . . နင်က ရည်းစားထားတာကို လူမသိသူမသိ တိတ်တိတ်ပုန်းထားချင်လို့လား"

ဝတီက ခေါင်းခါလိုက်ကာ

"ငါနဲ့ သူနဲ့ ရည်းစားမှ မဟုတ်တာ"

ဝတီ့စကားကြောင့် အားလုံး မျက်လုံးတွေ ပြူးကုန်ကြကာ

"ဟင် . . . နင်နဲ့ သူနဲ့ ရည်းစားမဟုတ်ဘူး . . . ဟုတ်လား"

"ဟုတ်တယ်"

"ဒါဆို လူတွေက နင်နဲ့ သူနဲ့ကို ဘာလို့ ရည်းစားလို့ . . . ပြောနေကြတာလဲ"

ဝတီ ဘာမှမဖြေဘဲ ခေါင်းငုံ့ကာနေ၏။

"ဟဲ့ . . . ဖြေလေ . . ဘာလို့ ဒီသတင်းထွက်လာတာလဲလို့ . . . အဲဒါ ဘယ်သူလုပ်တာလဲ"

ဝတီက မဖြေချင် ဖြေချင်နှင့် . . .

"အဲဒါ ငါလုပ်လိုက်တာ"

"ဟေ . . . နင်လုပ်တာ ဟုတ်လား"

ဝတီက ခေါင်းညိတ်ရင်း . . .

"ဟုတ်တယ် . . . ငါလုပ်လိုက်တာ . . ငါက တင်ကိုဦးကို အမြင်ကတ်လို့ အဲဒီနေ့က ကိုသော်နိုင်မြင့်နဲ့ . . . ကန်တင်းမှာ ထိုင် နေရင်း တင်ကိုဦးနဲ့ မိတ်ဆက်ပေးလိုက်တာဟ"

အားလုံးက သိလိုဇောနှင့် . . .

"နင်က ဘယ်လို မိတ်ဆက်ပေးလိုက်တာလဲ"

"ကိုသော်နိုင်မြင့်ကို ငါ့ရည်းစားဆိုပြီး ပြောလိုက်တာဟ"

အားလုံးက ဝတီ့စကားကို နားထောင်ရင်း တအံ့တသြနှင့်

"ဟယ် ဝတီရယ် . . . နင်မို့လို့ အဲဒီလို လုပ်ရဲတယ် . . . အခု ဘယ်လိုလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဝတီက စိတ်ရှုပ်စွာ ခေါင်းကိုခါပြရင်း . . .

"ငါလည်း မသိတော့ဘူးဟယ် . . . ဘယ်လိုလုပ်ရမလဲ"

အားလုံး ငြိမ်သွားကြသည်။ ဝတီ့အတွက် စဉ်းစားပေးနေကြသည်။ သို့သော် ရေရေရာရာအဖြေတစ်ခုမှ ရမလာ။

ထို့ကြောင့် ခင်မေဦးက . . .

"အခုချိန်ကျမှတော့ ငါလည်း မပြောတတ်တော့ဘူး . . . ကိုသော်နိုင်မြင့်ဘက်ကိုလည်း . . . နင်ထည့်တွက်ဖို့ လိုတယ်ဟ ဟိုဘက်က ဒီကိစ္စကို ရင်ထဲက တကယ်ခံစားသွားရင် ဒုက္ခ"

ခင်မေဦး စကားဆုံးတော့ ဝတီ အဝေးကို ငေးသွားသည်။ ဖြစ်နိုင်ရင် အချိန်တွေကို သူမ နောက်ဆုတ်လိုက်ချင်သည်။ သို့သော် အချိန်ဆိုသည့်အရာသည် နောက်ဆုတ်လို့ရသော အရာတွေထဲမှာ မပါ၍ ဘာမှမတတ်နိုင်တော့ပေ။

သူမ သက်ပြင်းကို ချမိပါသည်။

ထို့နောက် သော်နိုင်မြင့်မျက်နှာကို မြင်ယောင်လာမိ၏။





တလူးလူးတလိမ့်လိမ့်နှင့် အိပ်မရအောင် သော်နိုင်မြင့် ခံစားနေရသည်။ မိန်းမတစ်ယောက်အတွက် ခံစားနေရတာ ဒီတစ်ကြိမ် ပထမဆုံးပင်။ သူ့ဘဝတွင် အပေါင်းအသင်း သူငယ်ချင်းတွေနှင့် ပျော်ပျော်ပါးပါး နောက်လိုက်ပြောင်လိုက်သာ နေခဲ့ဖူးသည်။ မိန်းကလေးကိစ္စနဲ့ ပတ်သက်၍ နှလုံးသား ပြဿနာမရှိဘူးခဲ့။ အခုတော့ အချစ်နတ်ဘုရားမလေးသည် တံခါးမခေါက်ဘဲ သူ့နှလုံးသားထဲသို့ ဝင်ရောက်ခဲ့ပြီဖြစ်သည်။ သူ သတိထားမိချိန်မှာ ခန္ဓာအနှံ့ အချစ်စိတ်တွေ ပျံ့နှံ့သွားပြီ။

သူ ဘယ်လိုလုပ်ရမလဲ။

တွေးကြည့်တော့ အဖြေက ရေရေရာရာ မရ။ ဘာလုပ်လို့ လုပ်ရမှန်းလည်း မသိ။ ဘာဖြစ်လို့ ဖြစ်သွားမှန်းလည်း မသိပေ။ အမှန်အတိုင်း ဝန်ခံရရင်တော့ ဝတီ့ကို မြင်မြင်ချင်းကတည်းက သူ ရင်ခုန်မိသည်။ သို့သော် မိန်းကလေးတစ်ယောက်ကို တစ်ခါမှလည်း



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တိပတ်တိ ချစ်ခဲ့ဖူးတာလည်း မရှိ၍ သူ့ရင်ခုန်သံကို သူပြန်ပြီး နားမလည်ခဲ့။ ဝတီလို မိန်းမလှလှတစ်ယောက်နဲ့ သူသည် ဘာမှ မသက်ဆိုင်ဘူး ဟုသာ သဘောထားခဲ့သည်။ အခုတော့ ဝတီရဲ့ ဝဲဂယက်ထဲမှာ သူ ငြိတွယ်မိပြီ။

သူ ဘာလုပ်ရမလဲ။ ဝတီက သူ့ကို ရည်းစားအဖြစ် အတိအလင်းကြေညာခဲ့သော်လည်း သူ့အဖြစ်က ထီမထိုးဘဲ ထီပေါက်လိုက်သလိုဖြစ်နေ၏။ ထိုနေ့က ဟိုကျောင်းသားရှေ့မှာ ရွဲ့ကာ သူ့ကို စတေးလိုက်မှန်း သူသိ၏။ မိန်းမလှတစ်ယောက်ရဲ့ လှေကျပပ စတေးခြင်းခံရသော ယောကျ်ားတစ်ယောက်ရဲ့ ဖြစ်အင်ကို သူမသိနိုင်ပါမည်လား။ သူ အခုလို ခံစားနေရသလို ဝတီလည်း ခံစားနေရပြီလား။

ရေရေရာရာ သူမသိပေ။

သူ အိပ်ယာက ကုန်းထလိုက်သည်။ အိပ်မရတဲ့အတူတော့ အိမ်ရှေ့ကို သူ ထွက်လာလိုက်၏။ အိမ်ရှေ့ မြေကွက်လပ်ရောက်တော့ ကောင်းကင်ကို မော့ကြည့်ရာ လမင်းကြီးက ထိန်ထိန်သာ လျှက်ရှိသည်။ ဒီအချိန် ဝတီသာ သူ့လို အိပ်မရ၍ ဘာလုပ်ရမှန်းမသိဘဲ ကောင်းကင်ကို မော့ကြည့်လျှင် လမင်းကို မြင်နိုင်လိမ့်မည်။ ဤသို့ဆိုလျှင် သူနဲ့ ဝတီသည် တစ်ညတည်း တစ်ချိန်တည်း လမင်းကို အတူတကွ ကြည့်၍ အတွေးနယ်ချဲ့ကြသူတွေဟု ကဗျာဆန်ဆန် တွေးမိသေးသည်။

သူ ဝတီကို တကယ်ပဲ ချစ်မိသွားပြီလား။

အတွေးကို အစက ပြန်၍ ပုံဖော်လိုက်သည်။ အဖြေက ရှင်းပါသည်။ သူ ဝတီကို ချစ်သွားပြီ။ တစ်ခါမှ မချစ်တတ်ခဲ့ဖူးသော သူ့နှလုံးသားအသစ်စက်စက်လေးက တစ်ခါမှ မချစ်ခဲ့ဖူးသော အချစ်နှင့်သူ ဝတီကို ချစ်သွားလေပြီဖြစ်သည်။

အချစ်နဲ့စစ်မှာ မတရားတာ မရှိသလို အချစ်နဲ့စစ်မှာ ပြတ်





သားရမည်ဟု သူထင်၏။

ထို့ကြောင့် နောက်တစ်ရက် ကျောင်းသို့အသွားတွင် သူ ဝတီကို ချစ်တယ်ဆိုတဲ့အကြောင်းကို ပြတ်ပြတ်သားသား ဖွင့်ပြောတော့မည်ဟု မှတ်ယူထားလိုက်ပါတော့သည်။

ထိုဆုံးဖြတ်ချက်အပြီးတွင် ကြောက်စိတ်က ရင်ထဲသို့ ဝင်ကာလာ၏။ သို့သော် ချက်ချင်းဖယ်ထုတ်ပစ်လိုက်ကာ . . .

"ငါ ဝတီကို မဖြစ်ဖြစ်အောင် ပြောမယ်"

ဆိုတဲ့ စိတ်ကို အားတင်းကာ မွေးပစ်လိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ရက်မှာပဲ ဝတီကို သူသွားတွေ့၏။ ဝတီက သူ့ကို တွေ့တော့ ရှက်အမ်းအမ်း ဖြစ်နေသေးသည်။ နောက်မှ ဣန္ဒြေဆောင်ကာ တည်တည်ငြိမ်ငြိမ်နှင့် . . .

"ကိုသော်နိုင်မြင့် ဘယ်လာတာလဲ"

လမ်းကြုံလို့ ဝင်လာတာပါဟု ပြောမလို့ လုပ်လိုက်သော်လည်း မုသားသုံးချင်စိတ် မရှိ၍ အမှန်အတိုင်းပဲ ပြောလိုက်ပါသည်။

"ဝတီ့ဆီကို လာတာပါဗျာ . . . ဝတီ့ကို ပြောစရာလေးရှိလို့"

ဝတီက မျက်ခုံးလေးပင့်ကာ . . .

"ပြောလေ . . . ဝတီ့ကို ဘာများ ပြောမလို့လဲ"

"ဟို . . . ဟိုဟာလေ . . ဝတီ . . ဝတီ အားရင် ကန်တင်းခဏလောက် လိုက်ခဲ့ပါလား . . . ဒီမှာဆိုတော့ အေးအေးဆေးဆေး မရှိလို့ပါ"

သော်နိုင်မြင့် ပြောမှ ဝတီက ပတ်ဝန်းကျင်ကို သတိထားမိ၏။ ကျောင်းသား ကျောင်းသူတွေက သူတို့ကို စပ်စုသလို ဝိုင်းကြည့်နေကြသည်။ သူတို့နှစ်ဦးရဲ့ သတင်းကလည်း ဒီရက်ပိုင်းအတွင်း အမေရိကန်သမ္မတ အသစ် ရွေးချယ်ပွဲထက် လူစိတ်ဝင်စားနေ၍ အားလုံးရဲ့ မျက်စိတွေက သူတို့ဆီမှာ . . .

ဝတီ ရင်မခုန်စဖူး ရင်ခုန်သလိုဖြစ်သွား၏။ ထို့ကြောင့် သော်နိုင်မြင့်မျက်နှာကို မဝံ့မရဲကြည့်ကာ . . .

"သွားလေ . . . အကြာကြီးတော့ မရဘူးနော်"

သော်နိုင်မြင့်က ပြုံး၍ ကြည့်ကာ . . .

"ရပါတယ် ဝတီရယ် . . . ဝတီအချိန်ပေးတာကိုပဲ ဝမ်းသာလှပါပြီ"





ဝတီက ရှေ့က လှမ်းထွက်သွားသည်။ သော်နိုင်မြင့်က နောက်က ကပ်လိုက်သွား၏။ ခဏကြာတော့ ဝတီနဲ့ ဘေးချင်းယှဉ်၍ ရပ်မိသွားကာ . . .

"ဝတီ"

"ဘာလဲ"

"လူတွေက ကျွန်တော်တို့ကို ဝိုင်းကြည့်နေတယ်နော်"

ဝတီက မျက်စောင်းတစ်ချက် ထိုးလိုက်ရင်း . . .

"အဲဒါ ဘာဖြစ်လဲ"

"ဟို . . . ဝတီ ဘယ်လိုမှ မခံစားရဘူးလားဟင်"

ဝတီ ဘာမှပြန်မဖြေပါ . . .

သော်နိုင်မြင့်လည်း ဘာမှ ထပ်မပြောတော့ဘဲ ဘေးချင်းယှဉ်၍ ဆက်လျှောက်လာ၏။ နှစ်ဦးစလုံးကတော့ ရင်ခုန်သံကိုယ်စီနှင့် . . .

ခဏကြာတော့ သူတို့ကန်တင်းသို့ ရောက်သည်။ ဝတီက အအေးတစ်လုံး မှာ၍ သော်နိုင်မြင့်က ကော်ဖီတစ်ခွက်မှာလိုက်သည်။ စားပွဲထိုးကောင်လေးက သူတို့မှာတာတွေကို နားထောင်ပြီး

" Please wait Sar .... Please wait "

ဟု ပြောကာ ထွက်သွား၏။ သူတို့ထိုင်တဲ့ဆိုင်က ဇာနည်နဲ့ ဂျာကင်များယူသွားတုန်းက ထိုင်တဲ့ဆိုင် . . .

ခဏကြာတော့ . . . ဝတီက . .

"ကိုသော်နိုင်မြင့် ဝတီ့ကို ဘာပြောမလို့လဲ"

သော်နိုင်မြင့်က ဝတီ့မျက်နှာလေးကို တော်တော်ကြာကြာ စိုက်ကြည့်ပြီးမှ . . .

"ဝတီ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဝတီ့ကို ကျွန်တော် တကယ်ချစ်မိသွားပြီဗျာ . . . အဲဒါ ဘယ်လိုလုပ်မလဲ"

ဝတီက ရှက်သွေးဖြာကာ ခေါင်းငုံ့သွား၏။ သူမဘဝမှာ ရည်းစားစကားပေါင်းများစွာ အပြောခံခဲ့ဖူးသည်။ သို့သော် ဒီတစ်ခါ အပြောခံရတာ ရင်အခုန်ဆုံးပင်ဖြစ်၏။

ဝတီ စကားမပြောဘဲ နေနေ၍ သော်နိုင်မြင့်က . . .

"ဝတီ . . . ကျွန်တော် အခုလို ပြောလိုက်လို့ . . . စိတ်မဆိုးပါနဲ့နော် . . . ဝတီ့ကို ကျွန်တော် တကယ်ချစ်တာပါ . . . ဝတီ့ကို ကျွန်တော်လေ စမြင်ကတည်းက ချစ်တာ . . . ရင်ခုန်မိတာပါ . . ဒါပေမဲ့ ဝတီရယ် . . . ဝတီ့လို တက္ကသိုလ်ရဲ့ အလှပဂေးတစ်ယောက်ကို ကျွန်တော့်လိုကောင်တစ်ယောက်က ရင်ခုန်ခွင့်မရှိဘူးလို့ . . . ကိုယ့်ကိုကိုယ်ခံယူထားတာပါ . . . ဒါပေမဲ့ ဟို . . . ဟိုနေ့က ဝတီ့အနေနဲ့ ဟိုကျောင်းသားကို ရွဲ့ချင်တာနဲ့ . . . ကျွန်တော့်ကို ဝတီ့ရဲ့ ရည်းစားပါလို့ ပြောလိုက်တော့ . . . ကျွန်တော်လေ တကယ်ပါဗျာ တစ်ညလုံး အိပ်လို့မရဘူး . . . သိလား"

ဝတီ ငြိမ်သက်စွာ နားထောင်နေမိ၏။ တကယ်ပါ သူမ လည်း အခုချိန်မှာ ရင်ခုန်နေမယ်ဆိုတာကို သော်နိုင်မြင့် ဆယ်သိန်း ကြေးလောင်းရဲ၏။ သူကတော့ ပြောဖွယ်ရာ မရှိတော့ဘဲ ရင်ခုန်သံ သည် ဒီဇယ်ရထားဆယ်စီးစာလောက် ခုတ်မောင်းသံလို ညံထွက် ကာနေ၏။

"ဝတီ"

ဝတီငြိမ်သက်နေဆဲ။

"ပြန်ပြောပါဦး ဝတီရယ် . . . ကျွန်တော့်ကိုလည်း သနားပါနော် . . အခုဆို ဝတီနဲ့ ကျွန်တော်နဲ့က ရည်းစားတွေဆိုပြီး . . . ပတ်ဝန်းကျင်က သိနေကြတာလေ . . . သူတို့ရဲ့ အထင်ကြီးတဲ့ အကြည့်တွေ . . . သူ့တို့ရဲ့ မနာလိုတဲ့အကြည့်တွေ . . . အခုချိန်မှာ





ကျွန်တော် ခံစားနေရတယ် . . . ဒါပေမဲ့ ကျွန်တော်ပျော်ပါတယ် . . . ဂုဏ်လည်းယူမိတယ် . . ဒါပေမဲ့ ဝတီရယ် ကျွန်တော့်အပျော်တွေက ဟန်ဆောင်ထားတဲ့လူတစ်ယောက်ရဲ့ ပျော်ရွှင်ရတဲ့အပျော်မျိုးပါဗျာ . . . ကျွန်တော့်ဘဝက ထီးမထိုးဘဲ ထီပေါက်တယ်လို့ နာမည်ကြီးနေသူလိုပဲ . . . အဲ . . . အဲဒါကြောင့် ဝတီ့ဆီက ကြိမ်းသေပေါက်မယ့် ထီလက်မှတ်ကလေး ကျွန်တော် လိုချင်လို့ပါ"

သော်နိုင်မြင့် သူ့စကား သူ နားထောင်ရင်း ကျေနပ်သွား၏။ ငါကွ . . . ဟုလည်း စိတ်ထဲမှာ ကြိမ်းဝါးမိသည်။

ဝတီကတော့ ခေါင်းငုံ့ပြီး ငြိမ်နေဆဲ။

သော်နိုင်မြင့်က သူ့ရှေ့မှာ မျက်လွှာလေးချပြီး ငြိမ်သက်နေတဲ့ကောင်မလေးကို မြတ်နိုးစွာကြည့်၏။ ထို့နောက် ရင်ထဲအသည်းထဲက ယားလာ၍ ခုံပေါ်တင်ထားတဲ့ ဝတီ့လက်ကို ဆုပ်ကိုင်လိုက်ပါတော့သည်။

ဝတီ့ ခန္ဓာကိုယ်လေး တွန့်ခနဲဖြစ်သွား၏။ ရုတ်တရက်ဆိုတော့ ရုန်းဖို့ မေ့နေသေးသည်။ သို့သော် ခဏကြာတော့ သတိရသွားကာ သော်နိုင်မြင့် လက်ထဲကနေ သူမလက်ကို ဆတ်ခနဲ ဆွဲယူလိုက်၏။ သို့သော် မရတော့ပါ။ သော်နိုင်မြင့်က လွှတ်မပေးတော့ပေ။ ဒီအချိန်မှာ ပြတ်ပြတ်သားသား ကိုင်တွယ်ရတော့မည်ဆိုတာ သူသိ၏။

ထို့ကြောင့် . . .

"မရုန်းပါနဲ့ ဝတီရယ် . . . ကျွန်တော့်ဘဝလေးထဲကနေ ဝတီ ရုန်းထွက်မသွားပါနဲ့တော့နော်"

ဝတီက ရှက်သွေးဖြာတဲ့ မျက်နှာနှင့် မော့ကြည့်လိုက်ကာ

"ကိုသော်နိုင်မြင့်ကလည်း ကဲန်တင်းကြီးမှာ"

"ဘယ်သူမှ မတွေ့ပါဘူး ဝတီရယ် . . . သူတို့ဝိုင်းမှာ သူတို့



www.burmeseclassic.com

www.burmeseclassic.com



အာရုံများနေတာပါ"

"အို . . . မကောင်းပါဘူး လွှတ်ပါ"

"ဝတီ . . . ချစ်တယ် ပြောလေ"

"ဟာ ဘာဆိုင်လို့လဲ"

"ပြောပါ ဝတီရယ် . . . ကြားချင်လို့ပါ"

"လွှတ်ရင် ပြောမယ်"

"ပြောမှ လွှတ်မယ်"

"အို . . . ဘာမှန်းမသိဘူး"

ထိုသို့ ဖြစ်နေချိန်တွင် စားပွဲထိုးလေး ရောက်လာကာ

"အိတ်(စ်)ကျူမီဆာ"

နှစ်ဦးလုံး လန့်သွားကာ လက်တွေကို ပြန်ရုပ်လိုက်ကြ၏။ စားပွဲထိုးလေးက ပြုံးစိစိနှင့် မှာထားတဲ့ ဟာတွေကို ချပြီး ထွက်သွားတော့သည်။ သော်နိုင်မြင့် စားပွဲထိုးလေးကို စိတ်ထဲမှာ ကြိတ်ပြီး ကျိန်ဆဲပစ်လိုက်၏။

ပြီးမှ ဝတီကို ကြည့်ကာ . . .

"ဝတီ ချစ်လား"

ဝတီက ရှက်ပြုံးလေးနှင့် ခေါင်းညိတ်ပြရင်း . . .

"အင်း ချစ်တယ်"

ပြတ်သားလိုက်တဲ့ ကောင်မလေး။ သော်နိုင်မြင့် ထခုန်မတတ် ပျော်သွားပါတော့၏။ အချစ်သည် တစ်ခါတစ်ရံ၌ လျှပ်တပြက်ဖြစ်ပေါ်၍ လျှပ်တပြက်လည်း ချစ်တတ်ကြပါသည်။

ကြိုးစားလျှက်

မိုးဆက်လင်းထက်

တော်ဝင်မြို့စာအုပ်တိုက်

www.burmeseclassic.com